ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့ (ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ စနေနေ့။ Saturday 30 November 2019 ၉၈၄၉

# လျှင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ စတုတ္ထအကြိမ်မြောက်အစည်းအဝေး

## ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ လျှင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ- ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ စတုတ္ထအကြိမ်မြောက်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ပုဂံ နိုဝင်ဘာ ၂၉

လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ - ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လက ဖြစ်ပွားခဲ့သည့် လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ - ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ- ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်လာပြီးနောက် ပြည်ပဧည့်သည်လာရောက်လည်ပတ်မှုများသည် ဆက်လက်တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေကို စဉ်ဆက်မပြတ် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပိုမိုလိုအပ်မည်ဖြစ်**

ဒုတိယသမ္မတသည် နံနက် ၈ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြား၊ နှစ်ပတ်လည်အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြ၊ အစီရင်ခံစာတစ်ခု ဆွေးနွေး**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၇

**ဟားခါးအကျဉ်းထောင်သစ် တည်ဆောက်ရန်အတွက် အဓိကလိုအပ်သော အချက်များနှင့်ကိုက်ညီမည့် မြေနေရာရရှိရေး ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၈



ကြေးမုံ

# ဖြောင့်မတ်တည်ကြည်သည့်လူငယ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်း၍ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ နည်းပညာအကူအညီဖြင့် "ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း" ကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိသည်။ ဒုတိယအကြိမ် စခန်းဖွင့်ပွဲကို နိုဝင်ဘာလ ၂၄ ရက်နေ့က မန္တလေးမြို့တွင်ပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မန္တလေး၊ မိတ္ထီလာ၊ မုံရွာမြို့များရှိ တက္ကသိုလ်/ကောလိပ် ၁၂ ခုမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၂၇ ဦးတက်ရောက်ခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့နှင့် သက်ဆိုင်သည့် ပြဿနာများ၏အခြေခံဇာစ်မြစ်မှာ ကိုယ်ကျင့်တရားစာရိတ္တဖြစ်သည်။ တိုင်းပြည်တစ်ပြည်တွင် လူတစ်ဦးချင်းစီကောင်းမှသာ တိုင်းပြည်ကောင်းမွန်တိုးတက်မည်ဖြစ်ရာ လူတစ်ဦးချင်းစီအလိုက် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် နိုင်ငံတိုးတက်သည်အထိ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေပါသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီအလိုက် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ယခု ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်းမှ အစပြုသည်ကို တွေ့ရ၍ ဝမ်းမြောက်မိပါသည်။

လူတို့၏ကိုယ်ကျင့်တရားကိုပြုပြင်ရာ၌ အသက်ငယ်ရွယ်သူလူငယ်များအား ပြုစုပျိုးထောင်ရသည်မှာ ပိုမိုလွယ်ကူပါသည်။ အရောင်အသွေးမရှိသေးသော လူငယ်တို့၏နှလုံးသားသည် ဖယောင်းကဲ့သို့ပျော့ပျောင်းနူးညံ့မှုရှိရာ ကောင်းသောစိတ်ထားများနှင့် အပြုအမူများအား ညွှန်းဆိုပြသလိုက်နာကျင့်ကြံအားထုတ်နိုင်ရေး ခရီးရောက်စေပါသည်။ ထို့ကြောင့် လူငယ်လူရွယ်များအား ရှေ့ဆောင်ထား၍ အရွယ်အဆင့်လိုက် ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် လူငယ်ဦးရေသည် ၁ ဒသမ ၈ သန်းခန့်ရှိပြီး အဆိုပါ လူငယ်များ၏ထက်ဝက်ခန့်သည် အာရှပစိဖိတ်ဒေသများတွင် နေထိုင်ကြသည်။ မြန်မာနိုင်ငံ၏လူဦးရေစုစုပေါင်း၏ တစ်ဝက်ခန့်သည် အသက် ၃၀ အောက် လူငယ်လူရွယ်များ ဖြစ်ကြသည်။ လူငယ်လူရွယ်များသည် နုပျိုလန်းဆန်းသူများဖြစ်ပြီး အခြားမည်သည့်အရောင်အသွေးမှ လွှမ်းမိုးမှုခံရခြင်းမရှိသဖြင့် ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်စွမ်းရှိသူများဖြစ်သည်။ လူငယ်များအား ကိုယ်ကျင့်တရားကောင်းမွန်သည့် စွမ်းဆောင်ရည်မြင့်မားသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် ဖြောင့်မတ်တည်ကြည်မှုခိုင်မာရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် နည်းလမ်းကောင်းပင် ဖြစ်သည်။

ဖြောင့်မတ်တည်ကြည်မှုသည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဖြစ်ပြီး ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် အဂတိလိုက်စားမှုကင်းဝေးစေပါသည်။ အဂတိလိုက်စားမှုကင်းဝေးခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်စေပါသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ဦးတည်ရာ၌သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုကို အခိုင်အမာတည်ဆောက်ထားရန်လိုအပ်ပေရာ အဓိကအချက်မှာ အဂတိလိုက်စားမှုကင်းစင်ရေးပင်ဖြစ်သည်။ အဂတိလိုက်စားမှုကင်းစင်သောနိုင်ငံတော်အဖြစ် တည်ဆောက်ရန်အတွက် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့် လူငယ်လူရွယ်များအား ဖြောင့်မတ်တည်ကြည်သော လူငယ်လူရွယ်များဖြစ်လာအောင် ယခု စတင်ပျိုးထောင်ပေးနေခြင်းဖြစ်သည်။

ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုထွန်းကားလာရေးနှင့် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ပျိုးထောင်ရေးအတွက် လူ့အဖွဲ့အစည်းတိုင်းတွင် အဂတိလိုက်စားနိုင်သောအခွင့်အလမ်းနှင့် အပြုအမူများ လျှော့ချနိုင်သည့်စနစ်တစ်ရပ် အခြေတကျဖြစ်စေရန်လိုအပ်ပါသည်။ လူမှုပတ်ဝန်းကျင်တစ်ရပ်လုံး အဂတိလိုက်စားမှုကင်းစင်သော ယဉ်ကျေးမှုထူထောင်နိုင်မှသာ ယုံကြည်စိတ်ချရသော လူ့ဘောင်လောက တည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များအား ဖြောင့်မတ်တည်ကြည်သည့် လူငယ်လူရွယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှုယဉ်ကျေးမှုထွန်းကားလာပြီး ဂုဏ်သိက္ခာတင့်တယ်သည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ၊ အေးချမ်းသာယာသည့် လူ့ဘောင်လောကသစ်ကိုတည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာတော်အပါး(၃၀၀၀၀) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာတော်အပါး ၃၀၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို ဒီဇင်ဘာ ၈ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းနှင့် မြဝတီမင်းကြီးလမ်းကြား ရန်ကုန်-မန္တလေးလမ်း ချမ်းမြသာစည်လေဆိပ် (လေယာဉ်ကွင်းဟောင်း)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ကြည်ညိုသဒ္ဓါပွားကာ ပါဝင်လောင်းလှူနိုင်ကြောင်း၊ သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၃၀၀၀၀ လှူဒါန်းမည်ဖြစ်သည့်အတွက် သဒ္ဓါတတ်အား နည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် မည်သူမဆို လာရောက်ကြည်ညို ပါဝင်လှူဒါန်းနိုင်ကြောင်း သံဃာတော်အပါး ၃၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**မောင်လူမော်**

# အလုပ်အကိုင်အခွင့်အလမ်း (၁၀၀၀) ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်ရှစ်ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် အိမ်ရာအဆောက်အဦကဏ္ဍ တို့မှ လုပ်ငန်းငါးခု ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၃ ဒသမ ၉၄၀ သန်းနှင့် ငွေကျပ် ၂၆၅၂၃ သန်း ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၁၀၁ နေရာကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၇၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ **သတင်းစဉ်**



သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၁၄၀ | ၁,၆၇၄,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၇၄၇ | ၂,၈၈၆,၈၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၆၇ | ၁,၅၄၁,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၈၅၀ | ၂,၉၃၂ | ၈, ၃၉၈,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရန်ကုန်(ရွှေဈေး) ၁၁၇၃၀၀၀ မန္တလေး(ရွှေဈေး) ၁၁၇၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၇၀ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၉၅ ကျပ် | ၁၀၄၀/၁၀၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၈၅ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၈.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၀.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၉၁၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၀၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၇.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၈၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၂.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၄.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

INTERNATIONAL DAY OF PERSONS WITH DISABILITIES

"The Future is Accessible"

"အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်းလူ့အစွမ်းအရေးဖော်ဆောင်စို့"

နေပြည်တော် ၃.၁၂.၂၀၁၉

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(လေးမျက်နှာမြို့)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၊ ၃)ရက်၊( တနင်္လာ ၊ အင်္ဂါ )နေ့နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဒုဌဝတီဆောင်ခန်းမ ၊ အ.ထ.က ၊ လေးမျက်နှာမြို့။

❖ ရှေ့ဖုံးမှ
ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့နှင့် ပညာရှင်အဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ် (၁၅၉၇) သဗ္ဗညုဘုရားသို့ရောက်ရှိပြီး ရှေးမူမပျက် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သန္တာအောင်တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ် (၁၈၁၂) ထီးလိုမင်းလိုဘုရားသို့ရောက်ရှိပြီး ရှေးမူမပျက် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အဆောက်အဦဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ် (၄၇၇၊ ၄၇၈၊ ၄၇၉) ဘုရားသုံးဆူသို့ရောက်ရှိပြီး ရှေးမူမပျက် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ် (၁၂၃၉) နန်းဘုရားသို့ရောက်ရှိပြီး ရှေးမူမပျက် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ German Bagan Stone Conservation Project Director Prof. Dr.Hans Leisen နှင့် Dr. Esther von Plehwe–Leisen တို့က ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတသည် သဗ္ဗညုဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဘုရားသုံးဆူနှင့် နန်းဘုရားတို့အား ကြည့်ရှုစစ်ဆေးစဉ်အတွင်း ငလျင်ဒဏ်ခံစေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းကြရာတွင် ပညာရှင်များ၏အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးဒဏ်များအတွက်ပါ မျှော်မှန်းပြီး ခံနိုင်ရည်ရှိရန်အတွက် မူလပုံစံမပျက် ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

## ရှေးဟောင်းသုတေသနပြတိုက်

ဆက်လက်၍ ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်းရှိ ပြခန်းများကို ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးညီမွန်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ **ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ – ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး**သို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်က ရှေးဟောင်းအဆောက်အအုံများကို တစုတဝေးတည်း တွေ့ရနိုင်သော မြန်မာတို့၏အဖိုးမဖြတ်နိုင်သည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတစ်နိုင်ငံလုံးအနေအထားဖြင့် ပါဝင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ ပုဂံယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံ၏ အထင်ကရနယ်မြေဖြစ်သကဲ့သို့ နိုင်ငံတကာက အထူးစိတ်ဝင်စားသည့် နယ်မြေလည်း ဖြစ်လာပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် အင်အားရစ်ချ်စတာစကေး ၆ ဒသမ ၈ အဆင့်ရှိသည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများအနက် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများကို စနစ်တကျပြုပြင်ရေးနှင့် ရေရှည်ကြံ့ခိုင်စေရေးအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် **"ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံညောင်ဦးဒေသရှိရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့်သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ"**ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီကို ဖွဲ့စည်းခဲ့သကဲ့သို့ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အကြံပေးအဖွဲ့ (Advisory Team)၊ ပညာရှင်အဖွဲ့ (Technical Expert Team) နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီတို့ကဲ့သို့ လိုအပ်သည့်အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ သဗ္ဗညုဘုရား ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပဧည့်သည်လာရောက်လည်ပတ်ခဲ့သည့်ဦးရေမှာ သုံးသိန်းခန့်ရှိပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လေးသိန်းကျော် လာရောက်လည်ပတ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်လာပြီးနောက် ပြည်ပဧည့်သည်လာရောက်လည်ပတ်မှုများသည် ဆက်လက်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေကို စဉ်ဆက်မပြတ် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပိုမိုလိုအပ်မည်ဖြစ်ပါကြောင်း။

## ၃၅၉ ဆူ ပြုပြင်ထိန်းသိမ်းပြီးဖြစ်

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ငလျင်ပြီးပြီးချင်းမှာပင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသအာဏာပိုင်များ၊ ပြည်သူများနှင့် ပရဟိတအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီပုထိုးများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် UNESCO အဖွဲ့အစည်းအပါအဝင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ညှိနှိုင်းဆွေးနွေးမှုအရ ပျက်စီးခဲ့သည့် ၃၈၉ ဆူတွင် ပထမဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူ၊ တတိယဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၇၆ ဆူနှင့် အသေးစားပြုပြင်ရန် ၂၂၄ ဆူ ခွဲခြားသတ်မှတ်ခဲ့ပါကြောင်း၊ ငလျင်ဖြစ်ပွားပြီး ယနေ့အထိ သုံးနှစ်ကာလအတွင်း ပထမဦးစားပေးအဖြစ် ၂၆ ဆူ၊ ဒုတိယဦးစားပေးအဖြစ် ၄၃ ဆူ၊ တတိယဦးစားပေးအဖြစ် ၆၆ ဆူနှင့် အသေးစားပြုပြင်ခဲ့သည့်စေတီ ၂၂၄ ဆူအပါအဝင် စုစုပေါင်း ၃၅၉ ဆူကို ရှေးမူပုံစံမပျက် ပြုပြင်ထိန်းသိမ်းပြီးဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ၁၉ ဆူနှင့် ဆောင်ရွက်ရန် ကျန် ၁၁ ဆူသာရှိသည်ကို တွေ့ရပါကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဌာနများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံများ၊ ဒေသတွင်းမှအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

## လျာထားဆောင်ရွက်ခဲ့

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းတွက်ချက်ပြီး လေးနှစ်စီမံကိန်းချမှတ်ကာ နှစ်အလိုက် အဆင့်ဆင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် **ငလျင်ဒဏ်ခံစေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းရာတွင် ရေရှည်ကြံ့ခိုင်စေရန်ရည်မှန်း၍ အချိန်ယူကာ မူလပုံစံအတိုင်းပြုပြင်သွားရန်** အလေးအနက်ပြောကြားလိုပါကြောင်း၊ သို့ဖြစ်ပါ၍ ပြုပြင်ထိန်းသိမ်းရန် ကျန်ရှိနေသေးသည့် စေတီပုထိုး ၁၁ ဆူကိုလည်း ရေရှည်ကြံ့ခိုင်စေရန်ရည်မှန်း၍ အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းတွက်ချက်၍ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ နည်းပညာအကူအညီများ ရယူဆောင်ရွက်သွားရန်၊ ၎င်းအပြင် အသုံးပြုမည့်ပစ္စည်းများကိုလည်း ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းပြည့်မီသည့် ပစ္စည်းများကို အသုံးပြုဆောင်ရွက်သွားရန်၊ ရှေးဟောင်းအမွေအနှစ်နှင့်ကိုက်ညီပြီး စံချိန်စံညွှန်းပြည့်မီသည့် ပစ္စည်းဖြစ်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများမှ အကူအညီပေးရန်နှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး စဉ်ဆက်မပြတ် ညှိနှိုင်းတိုင်ပင်၍ စည်းစည်းလုံးလုံးဖြင့် စီမံကိန်းချမှတ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရှုထောင့်ကလည်း ရှုမြင်ရန်လိုအပ်သကဲ့သို့ ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပြီဖြစ်သည့်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များအရ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများအတွက် ပြည်တွင်း၊ ပြည်ပမှ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများလှူဒါန်းခဲ့ကြရာ ၂၀၁၆ ခုနှစ် ငလျင်ဖြစ်ပွားခဲ့ချိန်မှ

စာမျက်နှာ ၄ သို့ ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေအား ထီးလိုမင်းလိုဘုရား ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

# ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ်၊ ၄၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးသိန်းအောင်ကို ယင်း၏ သဘောဆန္ဒအလျောက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ စာမျက်နှာ ၃ မှ

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ မြန်မာကျပ်ငွေ ၆၅၇၂၄ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၁၁ သိန်းခန့်၊ ထိုင်းဘတ်ငွေ ၁၀၈၂၀၊ စင်ကာပူဒေါ်လာ ၇၂၅၀၊ ဂျပန်ယန်း ၃၀၀၀၀ အပါအဝင် တရုတ်ယွမ်၊ မလေးရှားရင်းဂစ်၊ ကိုရီးယားဝမ်၊ ဥရောပသုံးငွေ ယူရိုတို့ကိုပါ လက်ခံရရှိထားပါကြောင်း၊ အဆိုပါအလှူငွေများဖြင့် ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများကိုပြုပြင်ရာတွင် သတ်မှတ်ဖွဲ့စည်းထားသည့်ကော်မတီ၏ ကြီးကြပ်မှုဖြင့် စနစ်တကျ အကျိုးရှိရှိသုံးစွဲသွားကြရန် ပြောကြားလိုပါကြောင်း။

### ဝိုင်းဝန်းဆွေးနွေးပေးကြစေလို

ငလျင်ဒဏ်ခံ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ရေးအတွက် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ပြည်တွင်း ပြည်ပပညာရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံများ အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားကြပါရန်နှင့် သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ပြုပြင်ရန်ကျန်ရှိသည့် စေတီပုထိုးများ၏အခြေအနေ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ဝင်ရောက်ဖူးမြော်ခွင့်ပြုထားသည့် စေတီပုထိုးများအခြေအနေနှင့် ဘဏ္ဍာရန်ပုံငွေသုံးစွဲမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဦးစားပေးအစီအစဉ်အတိုင်း နှစ်အလိုက် စီမံချက်ချမှတ်ကာ ပြုပြင်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လက်ရှိပြုပြင်ဆောင်ရွက်နေမှုအခြေအနေများနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ စေတီပုထိုးများကို အဆင့်အလိုက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုများ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရှင်အဖွဲ့က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က Technical Expert Team အဖွဲ့၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း နာယက ဒေါက်တာကျော်လတ်က ပုဂံဒေသရှိ စေတီပုထိုးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ Technical Expert Team အဖွဲ့ဝင် ဦးစန်းကြူက Technical Expert Team အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

စပ်လျဉ်း၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာမျိုးက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အလှူငွေကောက်ခံရရှိမှုများနှင့် သုံးစွဲမှုအခြေအနေများကိုလည်းကောင်း၊ အဆောက်အဦအထူးအဖွဲ့(၇)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်သန်းဆင့်က စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက စေတီပုထိုးများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိနေမှုအခြေအနေများနှင့် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် အစည်းအဝေးသို့တက်ရောက်လာကြသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များ၊ ပုဂံဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅၅)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါရှင်းလင်းပွဲသို့ တက်ရောက်လိုသူများ အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ သန်းခေါင်စာရင်း၊ ကုမ္ပဏီဖြစ်ပါက MyCO Company Extract တို့နှင့်အတူ တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

**ဂျိုင်းလော**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❂ ဒုတိယသမ္မတမှ

အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ကြီးဌာနများမှ စာရင်းအင်းဆိုင်ရာ တာဝန်ရှိသူများ၊ စာရင်းအင်းပညာရှင်များ၊ စာရင်းအင်းသုတေသနအဖွဲ့အစည်းများမှ သုတေသနပညာရှင်များ၊ ပြည်တွင်း ပြည်ပ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပထမဆုရ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

က ကုလသမဂ္ဂစာရင်းအင်းကော်မရှင်က အောက်တိုဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငါးနှစ် (၁)ကြိမ် ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့စာရင်းအင်းနေ့ကို ၂၀၁၅ ခုနှစ်တွင် ကျင်းပနိုင်ခဲ့ပြီး စာရင်းအင်းဆိုင်ရာ အချက်အလက်ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ လိုအပ်နေသည့် စာရင်းအင်းများ ဖြည့်ဆည်းရန်နှင့် အကျိုးသက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်ရန်ပြုလုပ်သည့် Platform တစ်ရပ်အဖြစ် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၈)ကို ကျင်းပနိုင်ခဲ့ကြောင်း။

**အရည်အသွေးပြည့်ဝသည့်စာရင်းအင်းများ ထုတ်ပြန်နိုင်ရေး**

ယနေ့ ၂၀၁၉ ခုနှစ် ဖိုရမ်ကို မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ထုတ်ပြန်နိုင်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို သိရှိစေရန်၊ စာရင်းအင်းအချက်အလက်များ၏ အရေးပါမှုကို ပြည်သူများအား အသိပညာပေးမြှင့်တင်ပေးရန် ရည်ရွယ်ပြီး "စာရင်းအင်းအချက်အလက်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန် စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့" "Our Statistics, Our Society: Promoting Statistical Literacy"ဆိုသည့် ဆောင်ပုဒ်နှင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ယနေ့အခမ်းအနား၏ နောက်ထပ်ရည်ရွယ်ချက်များမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်အသက်ဝင်လာသည့် စာရင်းအင်းဥပဒေ၏ အခန်းကဏ္ဍနှင့် စာရင်းအင်းဆိုင်ရာပညာရပ်၏ အရေးပါမှုကို မြို့ပြ၊ ကျေးလက်အလွှာအသီးသီးအထိ သိရှိနားလည်စေရန်အတွက် အသိပညာပေးရန်၊ ကဏ္ဍစုံ၊ ဌာနစုံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာရင်းအင်းအရည်အသွေးမြှင့်တင်ရန်နှင့် ကျောင်းသားလူငယ်များအကြား စာရင်းအင်းပညာရပ်အား လက်တွေ့အသုံးပြုမှု မြှင့်တင်ပေးရေးအတွက် Statistics Quiz များ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါကြောင်း။

**စာရင်းအင်းအချက်အလက်မှန်ကန်ရေး**

စာရင်းအင်းအချက်အလက်မှန်ကန်ရေးကိစ္စသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ပါ အလွန်အရေးပါပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးစေရန် အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သည့် ခိုင်မာသည့်စာရင်းအင်းများရရှိရန်၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမှ စာရင်းအင်းများရရှိရန် လိုအပ်လျက်ရှိပါကြောင်း၊ အရည်အသွေးရှိသည့် စာရင်းအင်းများရရှိမှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင် ဆောင်ရွက်သည့်နေရာတွင် အရည်အသွေးရှိသည့် စာရင်းအင်းများသည် မရှိမဖြစ်အရေးပါပြီး ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည့် ကဏ္ဍများ၊ နေရာဒေသများအတွက် ဦးစားပေးရှာဖွေဖော်ထုတ်ရာတွင်လည်း အလွန်အရေးပါပါကြောင်း။

**ထိရောက်စွာစီမံခန့်ခွဲနိုင်မည်**

ထို့ပြင် မူဝါဒပိုမိုကောင်းမွန်ရန် ပြင်ဆင်ရန်ရှိနေသည်များကိုလည်း ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မှန်ကန်သည့်အချက်အလက်များအပေါ်အခြေခံပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မှသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့ကို ထိရောက်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း။

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief)၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics–NSDS)နှင့် NSDS Action Plan တို့ကို ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ၊ ဌာနများ၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် NSDS Action Plan ကို Living Document အနေဖြင့် ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတိုင်းတွင် စာရင်းအင်းထုတ်လုပ်သူများ၊ စာရင်းအင်းအသုံးပြုသူများနှင့် စာရင်းအင်းနှင့် ဆက်နွှယ်ပတ်သက်နေသူများအားလုံး လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ ထုတ်ပြန်ထားသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထုတ်ပြန်နိုင်အောင် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ထွက်ပေါ်လာမည့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အမျိုးသားညွှန်ကိန်းမူဘောင်တစ်ရပ် ပေါ်ထွက်လာစေရေး**

ထို့ပြင် မိမိတို့နိုင်ငံ၏အခြေအနေနှင့်လျော်ညီသည့် ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀)(Myanmar Sustainable Development Plan– MSDP 2018–2030)ကို အတည်ပြုခဲ့ပြီး ရေးဆွဲထားသည့် မဟာဗျူဟာများနှင့်အညီ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ MSDP ကို အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှု၊ ထိရောက်မှုများကို စောင့်ကြည့်အကဲဖြတ်နိုင်စေရန်အတွက် အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework–NIF)တစ်ရပ် ပေါ်ထွက်လာစေရေး ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူတို့၏ လူနေမှုဘဝကိုမြှင့်တင်ပေးနိုင်ရန်၊ လက်တွေ့ကျသည့် စီမံကိန်းများတွင် မှန်ကန်သည့် စာရင်းအင်းများအသုံးပြုနိုင်ရန် လိုအပ်သည့်အတွက် အစိုးရဌာနအသီးသီးအနေဖြင့် မိမိတို့၏စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာရန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ရန်လိုအပ်**

စာရင်းအင်းရလဒ်များကို ထိရောက်မှန်ကန်စွာ ထုတ်ပြန်နိုင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာအချက်အလက် ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား ဆက်သွယ်ပေါင်းစည်းမှုများ တိုးတက်ကောင်းမွန်စေရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် "စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်ရေး" အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း၊ ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ်များတွင် ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုဖော်ပြနိုင်ပြီး တစ်ဖက်တွင်လည်း အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်ပါကြောင်း၊ စာရင်းအင်းအချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းမော်ကွန်းမှတ်တမ်းများအတွက် အခြေခံအလွန်ကျပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ်တွင် အရည်အသွေးရှိသည့် စာရင်းအင်းများကိုရရှိရန်ဆိုလျှင် စာရင်းအင်းနယ်ပယ်သည် ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရန်လိုပါကြောင်း၊ စာရင်းအင်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တမ်းများကောက်ခံရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ်အချက်အလက်များ မှတ်တမ်းများတွင် ပါဝင်စေရေးသည်လည်း အရေးပါပါကြောင်း၊ စာရင်းအင်းနှင့် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်တတ်ရန်၊ စာရင်းအင်းများ

စာမျက်နှာ ၆ သို့ ❐

❒ စာမျက်နှာ ၅ မှ
စနစ်တကျ စုစည်းရေးသွင်းမှတ်သားခြင်းကိစ္စရပ်ကို အပိုအလုပ်သဖွယ်မမြင်ဘဲ နိုင်ငံတော်၏ယန္တရားချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အလွန်အရေးကြီးသည်ဟု သိမြင်ပြီး စာရင်းအင်းဆိုင်ရာ အသိပညာနှင့် အချက်အလက်များကို အသုံးပြုသည့် အလေ့အထ (Data Culture)ကို ဌာနဆိုင်ရာများမှသာမက အများပြည်သူနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများအကြားတွင်ပါပျံ့နှံ့စေရေးအတွက် Platform တစ်ခုဖြစ်ပေါ်လာအောင် မြန်မာစာရင်းအင်းဖိုရမ်ကို နှစ်စဉ်ကျင်းပဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ်နှင့် တည်ရှိသည့် ရင်းမြစ်များအကြား စာရင်းအင်းဆိုင်ရာ နယ်ပယ်တွင် တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံးအသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၊ မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကို ထိရောက်မှုရှိစေရန်အတွက် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့်စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူရရှိအသုံးပြုနိုင်ရေးသည် များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် စာရင်းအင်း၏ အရေးပါပုံကို ပြည်သူများ ပိုမိုသိရှိအောင် “စာရင်းအင်းအချက်အလက်နှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့ စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့” ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးတို့အတွက် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များနှင့် Stakeholders အသီးသီးတို့က တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ စာရင်းအင်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့စာရင်းအင်းဆိုင်ရာ အထိမ်းအမှတ်နေ့ စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင်ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပထမဆုရ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဒုတိယဆုရ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က တတိယဆုရ မုံရွာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့်ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများနှင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်လည်းကောင်း၊ ပြည်တွင်း ပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ စာရင်းအင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့်သူများနှင့်စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာရင်းအင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ စာရင်းအင်းဆိုင်ရာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယခုကျင်းပသည့် မြန်မာစာရင်းအင်းဖိုရမ်(၂၀၁၉)တွင်စာရင်းအင်းဆိုင်ရာအချက်အလက်များအပေါ်ယုံကြည်မှု ခိုင်မာအားကောင်းလာစေရေးနှင့် စာရင်းအင်းပညာရပ်အားအသိပညာပေးမြှင့်တင်နိုင်ရန် Panel Session များပြုလုပ်ခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်းများအကြောင်း မိတ်ဆက်ခြင်းနှင့် အသစ်ပြန်လည် ရေးသားထားသည့် ဗဟိုစာရင်းအင်းအဖွဲ့ Website(https/www. csosstat.gov. mm) အား ပြသခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သက်တင်ညွှန့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ နီနီဦး ဒုတိယပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ကျော်ထွန်း ဒုတိယပါမောက္ခချုပ် လားရှိုးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် လားရှိုးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ အောင်ဝင်း ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာ ခင်ထိုက်ထိုက်လွင် ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာ သန္တာသိန်း ဒုတိယပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(မအူပင်) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(မအူပင်) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ (၁၃)ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (13th ASEAN Ministerial Meeting on Transnational Crime and Its Related Meetings–13th AMMTC) သို့ တက်ရောက်ခဲ့ကြသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Marriott Marquis Queen’s Park Hotel တွင် ကျင်းပပြုလုပ်ရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့်များ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ စတင်၍ AMMTC သဘာပတိတာဝန်ကို လက်ခံရယူတာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းတာဝန်ယူစဉ်ကာလ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ရလဒ်များ၊ ဆက်လက်ဆောင်ရွက်ရန်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။




ထို့နောက် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြီး ချန်ချိုင်းချိန်မောင်ကိုထံသို့ သဘာပတိတာဝန်များကို လွှဲပြောင်းပေးခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာစုံညီအစည်းအဝေး၊ ဝန်ကြီးအဆင့် အာဆီယံ+၃၊ အာဆီယံ+တရုတ်၊ အာဆီယံ+ဂျပန်နှင့် အာဆီယံ+ကိုရီးယားနိုင်ငံတို့နှင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများကို နိုဝင်ဘာ ၂၈ ရက်အထိ တစ်ဆက်တည်း ကျင်းပပြုလုပ်ခဲ့ပြီး အာရှဒေသအတွင်း တိုးတက်ဖြစ်ပေါ်လာသော အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်မည့်လုပ်ငန်းစီမံချက်များ၊ ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ထိန်းချုပ်မှု၊ နည်းပညာအသုံးပြုမှု၊ စွမ်းရည်မြှင့်တင်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်များကိုအတည်ပြုခဲ့ကြသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး တက်ရောက်စဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. (Ret.) TO Lam၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(စီမံခန့်ခွဲရေး) H.E. Wang Xiaohong တို့နှင့် သီးခြားစီတွေ့ဆုံ၍ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

# ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြား၊ နှစ်ပတ်လည်အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြ၊ အစီရင်ခံစာတစ်ခု ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် အစီရင်ခံစာတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၏ **နှစ်နိုင်ငံ တရားဝင်သွားလာခွင့်နှင့် ကုန်သွယ်ခွင့်ရရှိရန် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ကျေးရွာ BP-14 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ ဆောင်ဟိန်ကျေးရွာနယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကယားပြည်နယ်တွင် မြို့နယ်များစွာရှိသည့်အနက် ကုန်သွယ်ရေးပြုလုပ်ရန် အကောင်းဆုံးဖြစ်သည့် မယ်စဲ့မြို့နယ်ခွဲတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး တစ်ဖက်နိုင်ငံအတွင်း ကူးသန်းသွားလာ၍ လမ်းကြောင်းပိုမိုကောင်းမွန်သည့် BP-13 မှတစ်ဆင့် လူဝင်၊ လူထွက်နှင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နီးကပ်စွာတည်ရှိနေသည့် BP-14 တွင် သီးခြားနယ်စပ်ဂိတ်နှင့် ကုန်သွယ်မှုလုပ်ငန်းများကို ထပ်မံဖွင့်လှစ်ဆောင်ရွက်ရန်မရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပေးပို့လာပါကြောင်း။

ကယားပြည်နယ်အစိုးရအဖွဲ့ကလည်း ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်နှင့် နှစ်နိုင်ငံကူးလူးဆက်ဆံနိုင်ရေးအတွက် နယ်စပ်စစ်ဆေးရေးဂိတ်များဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မြန်မာ-ထိုင်းနယ်စပ် BP-13(၁)မိုင်ခန့်အား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများမှဦးဆောင်၍ နယ်နိမိတ်တိုင်းတာသတ်မှတ်ပေးနိုင်ရေး (၃၃)ကြိမ်မြောက် နယ်ခြားကော်မတီအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးပေးနိုင်ရန် တင်ပြထားသော်လည်း ယနေ့အထိ ထူးခြားမှုမရှိသေးသဖြင့် BP-14 နယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရေး လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံအဆိုပြုအား ဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြထားပြီးဖြစ်

သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ **သပိတ်ကျင်းမြို့နယ် အုန်းဇုန်းကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံခွင့်ပြုမိန့်ကို အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဇရပ်ကွင်းတိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရန်အတွက် သက်ဆိုင်ရာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကုသရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများကို အမိန့်ကြော်ငြာစာမူဝါဒများနှင့်အညီ အချက်အလက်များတောင်းခံပြီး ဖွဲ့စည်းပုံအဆိုပြုအား ဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသဖြင့် သဘောတူညီချက်ရရှိမည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၏ **နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀)မှ ခုတင် (၁၀၀)ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၉ ခုနှစ်တွင် ခုတင်အသုံးချမှုနှုန်း၂၀၀ ရာခိုင်နှုန်းရှိမှသာလျှင် ဆေးရုံအဆင့်တိုးမြှင့်မည်ဟု မူသတ်မှတ်ထားပါကြောင်း၊ ယခုဆေးရုံသည် မြေဧရိယာ ၅ ဒသမ ၅၃၂ ဧကသာ ရှိပါကြောင်း၊ ဆေးရုံခုတင် ၁၀၀ တိုးမြှင့်မည်ဆိုပါက မြေဧရိယာ ၈ ဧက လိုအပ်ပါကြောင်း၊ တစ်နေ့ပျမ်းမျှအတွင်းလူနာသည်လည်း ၅၀ ဦးသာရှိပြီး သတ်မှတ်မူနှင့်မကိုက်ညီပါကြောင်း၊ ထို့ကြောင့် ယခုအခြေအနေသည် လူနာဦးရေလည်းမများသေးသည့်အတွက် လောလောဆယ်ကာလတွင် အဆင့်တိုးမြှင့်ရန်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


သပိတ်ကျင်းမဲဆန္ဒနယ်မှ
ဒေါက်တာအောင်နိုင်


ဝက်လက်မဲဆန္ဒနယ်မှ
ဦးမြင့်သိန်း


နတ်မောက်မဲဆန္ဒနယ်မှ
ဦးအောင်တင်လင်း

ဆက်လက်၍ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ကလေးသူငယ်များ အလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ILO Convention No.(138)ကို အတည်ပြုလက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လည်းကောင်း၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **တိုက်နယ်ဆေးရုံများတွင် သွားနှင့် ခံတွင်းကျန်းမာရေးဆိုင်ရာဌာန တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ဆရာဝန်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားဆရာဝန်ကြီးများနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ **လင်းခေးမြို့နယ်တွင် သင့်လျော်သောမြေနေရာ၌ အဆင့်မီ မိုးလုံလေလုံအားကစားရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များမှ သဘောတူသင့်သည့်အချက် ၄၄ ချက်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ထပ်မံပြင်ဆင်ချက် ၃၂ ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်သည့် အချက် ၄ ချက်တို့အားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားရယူ၍ လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောအချက် ၃၆ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သဘောကွဲလွဲသည့် အချက် ၃၆ ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်က ဖတ်ကြားတင်ပြရာတွင် ကော်မတီဝင်များသည် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပတွင် မိမိတို့၏တာဝန်နှင့် ဝတ္တရားများကို ကြိုးစားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားများမျှော်လင့်ချက်ရှိသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ပေးမည့် ဥပဒေ၊ နည်းဥပဒေများအရ တိုင်းရင်းသားများ၏ အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသည်လည်း ပို၍အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးပေးကာ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဟု အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနှင့် ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်းတို့က ဆွေးနွေးကြသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်အောင် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမျိုးနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်မေးခွန်းများနှင့် အတည်ပြုအဆိုများကို လွှတ်တော်၏ လုပ်ပိုင်ခွင့်မူဘောင်အတွင်းမှနေ၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များ၊ အခက်အခဲများ၊ တိုင်ကြားချက်များကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ကော်မတီတွင် မှတ်တမ်းထားရှိသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကိုယ်စားလှယ်များကို ကော်မတီတွင်ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်အောင် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အဆိုပါအစီရင်ခံစာအား သဘောတူလက်ခံရန် ကော်မတီဝင် ဒေါ်ခင်စောဝေက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# “မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း”ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်ဖြစ်ပြီး စာတမ်းရှင်များ စာတမ်းများပေးပို့နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံအတွင်း တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့အစဉ်အလာဓလေ့များကို ရှာဖွေဖော်ထုတ်ရန်အတွက် “ မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း”ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတတိယပတ်တွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါသုတေသနစာတမ်းဖတ်ပွဲကို မြန်မာ့လူနေမှုဓလေ့သမိုင်းကြောင်းတွင် ကွက်လပ်ဖြစ်နေသည်ကို ဖြည့်စွက်ရန်၊ မြန်မာ့ဓလေ့သမိုင်းကို အထောက်အကူပြုသော သမိုင်းစာပေနှင့် သမိုင်းပညာရှင်များ ပေါ်ထွန်းလာစေရန်၊ အယူအဆသစ်များနှင့် အတွေးအမြင်သစ်များ ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်နှင့် ဗဟုသုတများဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အရည်အသွေးပြည့်မီသောစာတမ်းများကိုရွေးချယ်၍ ပုံနှိပ်ထုတ်ဝေခြင်းဖြင့် တိုင်းရင်းသားပြည်သူအတွင်း ပျံ့နှံ့ရောက်ရှိစေကာ မိမိတို့၏ဓလေ့ကို ပိုမိုထိန်းသိမ်းလာစေရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အစဉ်အလာကြီးမားလှသော မြန်မာ့ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးသည့်စိတ်ဓာတ်များ ပိုမိုဖြစ်ထွန်းလာစေပြီး ပြည်ထောင်စုစိတ်ဓာတ်များ တက်ကြွနိုးကြားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ကြားလိုသော သုတေသီများအနေဖြင့် စာတမ်းအကျဉ်းကို ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းအပြည့်အစုံကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ လည်းကောင်း နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် ရန်ကုန်မြို့ရှိ မြန်မာသမိုင်းအဖွဲ့များသို့ ပေးပို့နိုင်ကြောင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ သိရသည်။

**မျိုးသူဟိန်း**

# ဟားခါးအကျဉ်းထောင်သစ် တည်ဆောက်ရန်အတွက် အဓိကလိုအပ်သော အချက်များနှင့်ကိုက်ညီမည့် မြေနေရာရရှိရေး ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်းဖြေကြားသည်။

## ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရဲကွပ်ကဲမှုအဖွဲ့ရုံး အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လမ်းညွှန်ချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသတစ်ခုလုံး လွှမ်းခြုံနိုင်သည့် ခရိုင်ရဲတပ်ဖွဲ့မှူးအဆင့်အထိ ခန့်အပ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ဌာနဆိုင်ရာ ၂၈ ခုတွင် ဖွင့်လှစ်ရန်လိုအပ်သည့် ဌာနများကို ထပ်မံဖွင့်လှစ်နိုင်ရေးနှင့် ယခင်ဖွဲ့စည်းထားသည့် ခရိုင်အဆင့်ဌာနဆိုင်ရာများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ပြုပေးနိုင်ရေး ညွှန်ကြားမှုပြုနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြလာခြင်းအပေါ် ရှမ်းပြည်နယ်အတွင်းရှိ ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်အဆင့်လုပ်ပိုင်ခွင့်များကို ဆုံးဖြတ်ပေးနိုင်သော ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့ရုံး (၄)ရုံး အသစ်တိုးချဲ့ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားရှိပြီး ဖြစ်ပါကြောင်း။

သို့ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရိုင်အဆင့်လုပ်ပိုင်ခွင့်များကို ဆုံးဖြတ်ပေးနိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့ရုံးအသစ်တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လမ်းညွှန်ချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မစခန်းဝင်း (အောက်ဝင်း)နှင့် တရနာရဲစခန်းတို့တွင် ဝန်ထမ်းနေအိမ်များ အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲကင်းစခန်း (အပေါ်ဝင်း/အောက်ဝင်း) တို့အတွက် (၆)ခန်းတွဲ (၂)ထပ် (၁)လုံးနှင့် တရနာ ရဲကင်းစခန်း (၄)ခန်းတွဲ (၂)ထပ် (၁)လုံး တို့ ဆောက်လုပ်ခွင့်ရရှိရေး ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) အသုံးစရိတ်တွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ဟားခါးမြို့တွင် အကျဉ်းထောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး က "ခ" အဆင့် အကျဉ်းထောင်အသစ်တစ်ခု တည်ဆောက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် ခန့်မှန်းဘဏ္ဍာငွေကျပ်သန်း ၆၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း ပြန့်ပြူးသောမြေဧက ၅၀ ခန့်လိုအပ်ခြင်း၊ သောက်ရေ/သုံးရေ လုံလောက်အောင်ထွက်ရှိနိုင်မည့် မြေနေရာဖြစ်ရန် လိုအပ်ခြင်း၊ အကျဉ်းသား ၅၀၀ ခန့် ကျွေးမွေးနိုင်ရန် စိုက်ပျိုးမြေလိုအပ်ခြင်း၊ အချုပ်သားများ တရားရုံးထွက် / ရုံးပြန်အတွက် အဆင်ပြေစေရန်အတွက် မြေနေရာလိုအပ်ခြင်း၊ ဆေးရုံတင်ပို့ခြင်းနှင့် အခြားအုပ်ချုပ်မှု ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် မြို့နှင့် ၄ မိုင်မှ ၅ မိုင်ခန့် အတွင်းရှိရန် လိုအပ်ခြင်း၊ လုံခြုံရေးကောင်းမွန်နိုင်သည့် နေရာဖြစ်ရန်လိုအပ်ခြင်း၊ တပ်မတော်တပ်ရင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများနှင့် နီးစပ်သည့်နေရာဖြစ်ရန်လိုအပ်ခြင်း စသည့် အချက်များနှင့် ပြည့်စုံရန်လည်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ "ခ" အဆင့် ဟားခါးအကျဉ်းထောင်သစ် တည်ဆောက်ရန်အတွက် အဓိကလိုအပ်သောအချက်များနှင့် ကိုက်ညီမည့် မြေနေရာရရှိရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အကျဉ်းထောင်သစ်တည်ဆောက်ခြင်းအား လတ်တလောအခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် **ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးကိုကိုတို့က ဆွေးနွေးကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **မြန်မာနိုင်ငံတွင် တစ်စတစ်စ ပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများ အပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့်နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity)၊** လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ (Ethics) များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ Facilities and equipments များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးခင်ဇော်ဦး



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးကျော်နီနိုင်



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း

## နည်းပညာတို့နှင့်အညီ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေး

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်းက** သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် ဝန်ကြီးဌာနအနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အထောက်အကူပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်လျက်ရှိပြီး ခေတ်မီလုပ်ငန်းသုံးပစ္စည်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူဖြည့်ဆည်းလျက်ရှိကြောင်း သိရှိရသော်လည်း ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်၊ နည်းပညာတို့နှင့်အညီ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများအတွက် ပိုမိုအထောက်အကူပြုနိုင်စေရန် ယခုထက်ပိုမို၍ ဖြည့်ဆည်းဆောင်ရွက်သင့်ပါကြောင်း၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များကိုလည်း သစ်တောစီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပို့ချခြင်းနှင့် လိုအပ်သည့်နေရာများတွင် အင်အားထပ်မံဖြည့်တင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်သည်ကို အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်က** မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်သော်လည်း သယံဇာတခေါင်းပါးနေသည့် နိုင်ငံများ၏ ပတ်ဝန်းကျင်တွင် ရှိနေသည့်အတွက် သစ်များကို တရားမဝင်ခိုးထုတ်မှုမဖြစ်စေရန် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် သစ်တောဝန်ထမ်းများနည်းပါးခြင်း၊ သစ်တောဝန်ထမ်းများ ခြိမ်းခြောက်ခံနေရခြင်းနှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် အကူအညီတောင်း၍ လုပ်ဆောင်နေရခြင်းနှင့် စီမံခန့်ခွဲမှုအားနည်းချက်များရှိသည့်အတွက် ဝန်ထမ်းများအတွက် Facilities နှင့် equipments များသည် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးက** သစ်တောသစ်ပင်များ ပြုန်းတီးစေသည့် အကြောင်းရင်းများကို စနစ်တကျ အမြစ်ပြတ်အောင် ကိုင်တွယ်နိုင်ရန် လိုအပ်သကဲ့သို့ သစ်တောများ ပြန်လည်စိမ်းလန်းရန်လည်း ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် သစ်တောစီမံအုပ်ချုပ်မှုကောင်းမွန်ရန် အရေးကြီးပါကြောင်း၊ ထိုသို့ သစ်တောများ စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန် အစိုးရအနေဖြင့် ညွှန်ကြားချက်များ၊ ရေတိုရေရှည်အစီအမံများ ချမှတ်ရမည် ဖြစ်ပါကြောင်း၊ ပြောင်းလဲဖွဲ့စည်းလာသည့် ဝန်ကြီးဌာန၏ အမည်နှင့်အတူ အံဝင်ခွင်ကျဖြစ်စေရန် အဆိုတွင် တင်ပြထားသည့်အတိုင်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ တာဝန်ဝတ္တရား၊ ကျင့်ဝတ်သိက္ခာများကို မြှင့်တင်ပေးရမည့်အပြင် လိုအပ်သည့် ဝန်ထမ်းအရေအတွက်နှင့် ဝန်ထမ်းများ၏ Facilities ကို ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်**က သစ်တောမူဝါဒ(၆)ချက်၊ သစ်တောများ ထာဝစဉ်တည်တံ့ရေးမူ(၃)ချက်တို့ဖြင့် သစ်တောဥပဒေ၊ နည်းဥပဒေစသည့် နည်းလမ်းမျိုးစုံဖြင့် သစ်တောများကို ထိန်းသိမ်းထားသော်လည်း တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ် မသမာမှုများရှိနေခြင်း၊ ငြိမ်းချမ်းရေးမရရှိသေးသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ သစ်ထုတ်လုပ်မှုများကို ထိန်းချုပ်ရန်ခက်ခဲခြင်း စသည်တို့ကို ဖြေရှင်းရန် သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ လုပ်ငန်းစဉ်များ၊ ကျင့်ဝတ်သိက္ခာများ အဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးခြင်း၊ ဝန်ထမ်းအင်အားများတိုးချဲ့ခြင်း၊ လိုအပ်သည့် ခေတ်မီလက်နက်ကိရိယာများ တပ်ဆင်ပေးခြင်းနှင့် သစ်တောများထိန်းသိမ်းခြင်း လုပ်ငန်းများကို ဒေသခံပြည်သူတစ်ရပ်လုံးပါဝင်လာအောင် စည်းရုံးဆောင်ရွက်ခြင်းအားဖြင့် သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာမည်ဟု ယုံကြည်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း**က အဆိုတစ်ခုလုံးကို ခြုံငုံသုံးသပ်ရပါက နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းနေသည့်ကြားက ဥပဒေမဲ့လုပ်ရပ်များကြောင့် ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောများစွာသည် ဆုံးရှုံးပျောက်ကွယ်နေပြီး အကျိုးဆက်အနေဖြင့် ရာသီဥတုများဖောက်ပြန်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးရုံမက သဘာဝဘေးဆိုးများအဖြစ် မြေပြိုခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ဆည်ခန်းခြင်း စသည်တို့ကို ပုံမှန်တွေ့ကြုံခံစားနေရခြင်းများကြောင့် တွန့်ဆုတ်နေသည့် နိုင်ငံ့ဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် သစ်တောဌာနကြီးတစ်ခုလုံး၏ အောက်ခြေဝန်ထမ်းများအထိ အထူးသင်တန်းများနှင့် လိုအပ်မည့်ကိရိယာတန်ဆာပလာများကို World Bank, ADB, WWF စသည့် နိုင်ငံတကာအဖွဲ့အစည်းများကတစ်ဆင့် ကူညီထောက်ပံ့ဖြည့်ဆည်းပေးရန် အကြံပြုထားသည့်အဆိုတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဆိုးများကို လျှော့ချရန်အတွက် ကမ္ဘာတစ်ဝန်း သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းရေး ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ရှေ့တန်းမှ ယခုထက်ပိုပြီး ပါဝင်ဆောင်ရွက်သင့်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ရည်ရွယ်တင်သွင်းသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ သစ်တောဌာန၏ အောက်ခြေဝန်ထမ်းများအထိ ပြီးပြည့်စုံသည့် သင်တန်းများ၊ တန်ဆာပလာများ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လိုအပ်နေသည့် ခေတ်မီလုပ်ငန်းသုံးပစ္စည်းများ၊ Facilities and Equipments များ ပြည့်စုံရေးသည် မြန်မာနိုင်ငံရှိ သစ်တောသစ်ပင်များ ပြန်လည်ရှင်သန်စိုပြည်လာစေရန် အရေးပါသည့်အတွက် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များဖြင့် လည်းကောင်း အတိုင်းအတာတစ်ရပ်အထိ လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ဖြည့်တင်းဆောင်ရွက်လျက် ရှိသော်လည်း သစ်တောဦးစီးဌာန ဖွဲ့စည်းပုံ၏ ၅၀ ရာခိုင်နှုန်းကျော်ရုံမျှရှိသော ဝန်ထမ်းများဖြင့် ရည်ရွယ်ချက်များကို အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည့်အတွက် တင်သွင်းသည့် အဆိုကို အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့မှတ်တမ်း(၂၉-၁၁-၂၀၁၉) မြန်မာနိုင်ငံတွင် PR ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားဆရာဝန်ကြီးများနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ။** ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအထူးကုဆရာဝန်ကြီးအချို့ဟာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လုပ်ကိုင်နေထိုင်ခဲ့ကြရပါတယ်။ ဦးနှောက်ယိုစီးခြင်း(Brain Drain)ဖြစ်ခဲ့ရပြီး တိုင်းပြည်အတွက်နစ်နာခဲ့ရပါတယ်။ ထို့နောက်ပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ပြည်သူလူထု ရွေးကောက်တင်မြှောက်တဲ့အစိုးရများ၊ လွှတ်တော်များပေါ်ပေါက်လာပြီး တိုင်းရင်းသားအထူးကုဆရာဝန်ကြီး တချို့သည် နိုင်ငံတကာမှ နှစ်ပေါင်းများစွာ မိမိတို့ရရှိခဲ့သည့် တန်ဖိုးကြီးလှစွာသော အတွေ့အကြုံ၊ ပညာရပ်များကို မျှဝေအသုံးချ၍ အမိမြန်မာနိုင်ငံရှိဆရာဝန်များနဲ့ ပြည်သူများအကျိုးငှာ အမိနိုင်ငံတွင် အမြဲပြန်လည်နေထိုင်ရန် ပြန်လည်ရောက်ရှိလုပ်ကိုင်ခဲ့ကြပါတယ်။ ၎င်းတို့ဟာ PR–Permanent Resident ခေါ် နိုင်ငံတွင်းအမြဲနေထိုင်ခွင့်လျှောက်ထားရရှိခဲ့ကြပြီးဖြစ်ပါတယ်။ ထိုင်း၊ စင်ကာပူ စသော အာဆီယံနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန် ပြည်ထောင်စုနှင့် ဩစတြေးလျအစရှိသော နိုင်ငံများတွင် PR ရရှိပြီးသူများသည် ရွေးကောက်ပွဲများတွင် ဝင်ရောက်အရွေးခံခွင့်နှင့် မဲပေးပိုင်ခွင့်များ မှလွဲ၍ ကျန် ရှိသောနိုင်ငံသားအခွင့်အရေးများ အပြည့်အဝ တစ်ပြေးညီရရှိကြောင်း သိရှိရပါတယ်။

### အခက်အခဲများကြုံတွေ့နေရ

**ဥက္ကဋ္ဌကြီးခင်ဗျား။** ယခုအခါ မြန်မာနိုင်ငံမှာ PR ရရှိပြီးဖြစ်သူ မူလမြန်မာနိုင်ငံဖွားအထူးကု ဆရာဝန်ကြီးများနှင့်ပတ်သက်၍ လိုင်စင်ကြေးအပြင် အခြားသတ်မှတ်ထားသော အခြားကြေးငွေများပေးသွင်းရသည့်အပြင် ကုသခွင့်ရှိသော ဆေးပညာအမျိုးအစား၊ နေရာ၊ ဒေသနှင့် အချိန်ကာလများကို သီးခြားသတ်မှတ်ကန့်သတ်ချုပ်ချယ်မှု အမျိုးမျိုးရှိနေသဖြင့် နိုင်ငံပြည်သူများနှင့် ဆေးပညာရှင်ဆရာဝန်များအတွက် အကျိုးပြုထမ်းဆောင် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံ၊ ပညာရပ်များ မျှဝေပေးလိုသော အထူးကုဆရာဝန်ကြီးများအတွက် အခက်အခဲများကြုံတွေ့နေရသည့်အပြင် နောက်ထပ်ပြည်တော်ပြန်ဝင်လိုကြသော မြန်မာပြည်ဖွားတိုင်းရင်းသားဆရာဝန်ကြီးများအတွက်လည်း အဟန့်အတားဖြစ်နေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ Permanent Resident ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားတိုင်းရင်းသားအထူးကုဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ
ဒေါက်တာသန်းဝင်း

ကြီးပြောတဲ့အတိုင်း မှန်သင့်သလောက်တော့ မှန်ပါတယ်ခင်ဗျား။ အဲဒီတော့ မြန်မာနိုင်ငံမှာ PR ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့်ပတ်သက်ပြီး ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိကို ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုလာတာနှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ အခြားနိုင်ငံသားဖြစ်နေတဲ့ American Citizen၊ UK Citizen လာတဲ့ဆရာဝန်တွေ Group ရှိပါတယ်။ နောက်တစ်ခုကတော့ မြန်မာပြည်သား သို့မဟုတ် American Citizen ဖြစ်တဲ့သူတွေလာပါတယ်။ သူတို့လာတဲ့အခါမှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့ လုပ်ငန်းတွေကို ကုသပြီးတော့ခွဲစိတ်ပေးမယ်။ ကုသပေးမယ်။ သင်တန်းပေးမယ်ဆိုရင် ငွေကြေးအားဖြင့် လုံးဝမယူပါဘူး။ Free of Charge ပေးပါတယ်။ သို့သော် သူတို့လာတဲ့အခါမှာ ပုဂ္ဂလိကဆေးရုံထဲမှာ တစ်လလာမယ်။ နှစ်လလာမယ်။ သုံးလလာမယ်ဆိုရင်တော့ ပိုက်ဆံယူတာကို တွေ့ရပါတယ်။ နည်းနည်းပါးပါး ယူတာကတော့ အကြောင်းရှိပါတယ်။ လာတဲ့ဆရာဝန်တိုင်းအားလုံးကတော့ ဟိုမှာအရည်အချင်းရှိလား/မရှိလား ကျွန်တော်တို့မသိပါဘူး။ အရည်အချင်းရှိ/မရှိ Good Standing Certificate ကအစ အကုန်လုံးကြည့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဆေးကောင်စီဥပဒေမှာ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ (က)မှာဆိုလို့ရှိရင် အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့်လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံး ခံစားခွင့်ရရှိရန်၊ ဆရာဝန်များ၏ ဆေးပညာဗဟုသုတ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့်အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊ ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်ရန် အစရှိသည်တို့ဖြစ်ပါတယ်။ ဒီပေါ်မှာမူတည်ပြီး ကျွန်တော်တို့က သူတို့ကိုစစ်ရပါတယ်။ သူတို့မှာအရည်အချင်းရှိလား။ Calibre quality ရှိလား။ Good Standing Certificate ဒါကိုကြည့်ရပါတယ်။ သို့သော် ကျွန်တော်ပြန်ကြည့်လိုက်တဲ့အခါမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ ကျွန်တော်တို့က နိုင်ငံခြားသားဆရာဝန်ဆိုလို့ရှိရင် American Citizen၊ UK Citizen ဆိုလို့ရှိရင် တစ်လကိုခြောက်သိန်းယူပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်ဆေးကောင်စီဥက္ကဋ္ဌနဲ့လည်း ဆွေးနွေးပြီးပါပြီ။ ဒါကို ကျွန်တော်တို့က လုံးဝလျှော့ပါတယ်။ ဘာကြောင့်လဲ။ ဆေးကောင်စီသည် ဝင်ငွေရှာတဲ့ကောင်စီ မဟုတ်ပါဘူး။ ဆရာဝန်တွေရဲ့ စည်းကမ်း၊ ကျင့်ဝတ်နဲ့ အားလုံးကို ထိန်းသိမ်းတဲ့ကောင်စီဖြစ်တဲ့အတွက် ဝင်ငွေရှာစရာမလိုပါဘူး။ အဲဒီတော့ ဒီခြောက်သိန်းကိုလည်း ဒီမှာတော့ အတိအကျပြောလို့မရဘူး။ ကျွန်တော်တို့ အများကြီးလျှော့ဖို့ စဉ်းစားထားပြီးပါပြီ။ ထို့အပြင် နိုင်ငံခြားသားအဖြစ်ခံယူထားသော မြန်မာပြည်ကိုပြန်လာတဲ့ အထူးကုဆရာဝန်တွေကို တစ်လကို သုံးသိန်းယူပါတယ်။ ဒါကိုလည်း ကျွန်တော်တို့လျှော့ဖို့ ဆွေးနွေးပြီးပါပြီ။ ဒါကိုလည်း အမြန်ဆုံးလျှော့တဲ့အပြင် အခုယူထားတာ ဘယ်လိုဖြစ်နေလဲဆိုတော့လာတာနဲ့ သုံးလစာ ယူလိုက်တယ်။ ဆရာဝန်တစ်ဦးသည် နှစ်ပတ်နဲ့ ပြန်သွားရင်လည်း သုံးလစာပေးလိုက်ရတယ်။ တစ်ရက်နဲ့လာပြီးပြန်သွားရင် သုံးလစာပေးလိုက်ရတယ်။ ဒါကတော့ တကယ့်တကယ်ကတော့ သိပ်ပြီးတော့ မကောင်းဘူး။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့က လချင်းယူမယ်။ တစ်လလာရင် တစ်လခယူမယ်။ အနည်းဆုံးတော့ တစ်လစာလောက်တော့ယူမယ်။ အပတ်နဲ့တော့ မယူပါဘူး။ လနဲ့ပဲယူပါမယ်။ တစ်လစာဆိုရင် တစ်လပေးရမယ်။ နှစ်လလာရင်နှစ်လ၊ သုံးလလာရင်သုံးလ။ အဲဒီဟာကို ကျွန်တော်တို့ ဆွေးနွေးထားပါတယ်။ ဒါကို ကျွန်တော်တို့ အဖြစ်နိုင်ဆုံး လုပ်ဖို့ရှိပါတယ်။ ဒါမှ မဟုတ်ရင် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော့်ကိုလူကြီးကလည်း ပြောထားပါတယ်။ နိုင်ငံခြားမှာရောက်နေတဲ့ မြန်မာဆရာဝန် (Diaspora group of Doctor)တွေကို လာအောင်ဆွဲဆောင်ပါ။ ပြုလုပ်ပါ။

### အဖြစ်နိုင်ဆုံးလုပ်ဖို့ဆုံးဖြတ်ထား

လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပါပဲ လာလို့ရှိရင် ကျွန်တော်တို့က နိုင်ငံခြားမှာ ဖြစ်ပေါ်နေတဲ့ ဒီနောက်ဆုံးပေါ် အတတ်ပညာတွေ၊ ကုသထုံးတွေ ကျွန်တော်တို့သိမယ်။ နောက်ကျွန်တော်တို့ ဆရာဝန်တွေ၊ သင်တန်းတက်နေတဲ့ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေကို သင်ပေးနိုင်မယ်။ Workshop တွေ လုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက်က အများကြီးရှိပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ကမ္ဘာကြီးထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို ကျွန်တော်တို့ အားလုံးသိမှာဖြစ်ပါတယ်။ အဲဒီတော့ သူတို့ကိုလာချင်အောင် ဆွဲဆောင်ဖို့တာဝန်ကတော့ ကျွန်တော်တို့ တာဝန်ပဲဖြစ်ပါတယ်။ ဒါဟာ ဒီကိစ္စကိုတော့ အဖြစ်နိုင်ဆုံးလုပ်ဖို့ဆုံးဖြတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကန်နိုင်ငံသွားတဲ့အခါမှာ နယူးယောက်၊ ဘယ်လ်တီမော၊ အယ်လ်အေမှာရှိတဲ့ ဆရာဝန်အဖွဲ့သုံးဖွဲ့ရှိပါတယ်။ အကြီးကြီးတွေ။ အဲဒီအဖွဲ့သုံးဖွဲ့ကလည်း ဒါကိုပဲ သူတို့ကို Complaint လုပ်ပါတယ်။ ဒါကတော့ သိပ်များပါတယ်ဆရာတဲ့။ အဲဒါကို နည်းနည်း လျှော့ပေးပါ။ သုံးလလာရင်လည်း၊ တစ်လ၊ နှစ်ရက်၊ တစ်ပတ်လာလို့ရှိရင်လည်း သုံးလစာ ပေးရတယ်။ ဒီကိစ္စကတော့ တကယ့်တကယ်ကတော့ မယူသင့်ဘူးပေါ့လေ။ အဲဒီတော့ ကျွန်တော် အဲ့ဒါကို သေသေချာချာလုပ်ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတဲ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအား ကျွန်တော်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က မေးမြန်းတဲ့မေးခွန်းဟာ နိုင်ငံတော်အတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

---

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme–WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Stephen Lowrie Anderson အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် Mr. Stephen Lowrie Anderson က ၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ခဲ့သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာမြောက် အစီအစဉ် (၂၀၁၈–၂၀၂၂) နှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးနှင့် အာဟာရပြည့်ဝမှု၊ အစားအစာဖူလုံမှုနှင့် အသက်မွေးမှုအခွင့်အလမ်းများ တိုးတက်ရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအပါအဝင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ e – Government လုပ်ငန်းများ အသိပေးမိတ်ဆက်ခြင်းအခမ်းအနား ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ကျင်းပခဲ့သည့် "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ e–Government လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးမိတ်ဆက်ခြင်းအခမ်းအနား"သို့ တက်ရောက်သည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် e–Government လုပ်ငန်းများကို အားပေးဖော်ဆောင်လျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့်လည်း ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးချ၍ လုပ်ငန်းဆောင်ရွက်မှု ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်ချောမွေ့စွာဖြင့် သက်သာလွယ်ကူစွာ ပေးပို့ဆက်သွယ်ပြန်ကြားဆောင်ရွက်နိုင်ရေးအတွက် အီလက်ထရွန်နစ်စနစ်သုံး ရုံးစာပေးပို့ပြန်ကြားမှုစနစ် (electronic in–house memo transmission system)ကိုလည်း စတင်အသုံးချဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း။

အဆိုပါစနစ်ဖြင့် ရုံးတွင်းစာများကို အဆင့်ဆင့်ပေးပို့ခြင်း၊ မှတ်ချက်ပြုခြင်း၊ ပြန်လည်ပေးပို့ခြင်း စသည်တို့အား မည်သည့်နေရာမှမဆို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ညီလာခံ၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများ စသည်တို့တွင် စာအုပ်စာတမ်းများကို စာရွက်များဖြင့် ဝေငှခြင်းမပြုတော့ဘဲ paperless workshop/ meeting များအနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (website) www.event–mohs.gov.mm မှတစ်ဆင့် တက်ရောက်သူများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများနှင့်ပတ်သက်၍ ကြိုတင်ထည့်သွင်းထားသော စာရွက်စာတမ်းနှင့် နောက်ခံအချက်အလက်အကြောင်းအရာများ ရယူနိုင်ရန်ဆောင်ရွက်ထားပါကြောင်း၊ တက်ရောက်သူများ၏ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် တက်ဘလက်များတွင် စာအုပ်စာတမ်းများကို မှတ်တမ်းအဖြစ် အလွယ်တကူထိန်းသိမ်းထားနိုင်ကာ မည်သည့်နေရာတွင်မဆို ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း။



ယခင်ပြုလုပ်ခဲ့သော အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ညီလာခံနှင့် သင်တန်းများမှ စာအုပ်စာတမ်းများ၊ ဆွေးနွေးချက်များနှင့် အကြံပြုချက်များကိုလည်း အဆိုပါ အင်တာနက်စာမျက်နှာ (www.event–mohs.gov.mm) တွင် စုစည်းထည့်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနသည် e–Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ(www.mohs.gov.mm) ကို တည်ထောင်ပြီး သတင်းပြန်ကြားချက်များ၊ ဝန်ကြီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ကျန်းမာရေးအသိပညာဗဟုသုတများ၊ ကျန်းမာရေးအသိပေးနှိုးဆော်မှုများ၊ စီမံကိန်းများ၊ စာအုပ်စာတမ်းများ စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ကိုယ်ပိုင်အီးမေးလ် (mail.mohs.gov.mm)ကိုလည်း တည်ထောင်ဆောင်ရွက်ခဲ့ပြီး ဝန်ကြီးဌာနရှိတက္ကသိုလ်များအတွက် ကိုယ်ပိုင်အီးမေးလ်များကိုလည်း တည်ထောင်သွားရန် စီစဉ်နေပြီဖြစ်ပါကြောင်း။

ဝန်ထမ်းရေးရာကိစ္စရပ်များအား ပိုမိုထိရောက်လွယ်ကူစွာ စီမံခန့်ခွဲနိုင်ရန်အတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်အင်အားစာရင်း(Web–based Health Manpower Database)ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကျန်းမာရေးဌာနများ၊ ဆေးရုံများအလိုက် ဆေးနှင့်ဆေးပစ္စည်း လစဉ်အသုံးပြုမှု၊ ဆေးဝါးပစ္စည်းလုံလောက်မှု၊ ပြတ်တောက်မှုနှင့် ထပ်မံလိုအပ်မှု အခြေအနေများကိုသိရှိနိုင်ကာ စီမံခန့်ခွဲမှုများပြုလုပ်နိုင်သည့်စနစ် (Logistics Management Information System) ကို နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရှိ ကျန်းမာရေးဌာနများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပြီး အဆိုပါစနစ်အား အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်အသုံးချဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မှန်ကန်တိကျသော စီမံခန့်ခွဲဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တိကျသောသတင်းအချက်အလက်နှင့် စာရင်းဇယားများသည် အလွန်အရေးကြီးပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ သုတေသနစွမ်းဆောင်ရည်များမြှင့်တင်နိုင်ရန်အတွက် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်)တွင် "Research capacity training center" ကိုဖွင့်လှစ်၍ သင်တန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများ၏ ဝေဖန်သုံးသပ်ဆင်ခြင်နိုင်မှု(critical thinking)၊ ခွဲခြမ်းစိတ်ဖြာတွေးခေါ်နိုင်မှု (analytical thinking)၊ ဆန်းသစ်ကွဲပြားစွာတွေးခေါ်၍ ဖြေရှင်းဆောင်ရွက်နိုင်မှု(lateral thinking) စသည့်စွမ်းရည်များ ပိုမိုရရှိစေရေးအတွက်လည်း သင်တန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များထံ ဖြန့်ဝေထားသော Mobile Tablet များအား ကျွမ်းကျင်စွာအသုံးပြုနိုင်မှုနှင့် အကြောင်းအရာများ ဖတ်ရှုလေ့လာမှုဆိုင်ရာပြိုင်ပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပြုလုပ်သွားမည်ဖြစ်ပြီး ထိုက်တန်စွာဆုချီးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ Mobile Tablet များအား ကျေးလက်ဒေသများတွင် ကျန်းမာရေးစကားဝိုင်းငယ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားစေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သင့်တော်သောနေ့ရက်တစ်ခုကို National Health Day အဖြစ် ရွေးချယ်သတ်မှတ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ e–Government လုပ်ငန်းများ ပိုမိုအောင်မြင်ထိရောက်စေရေးအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းများ၊ ဝိုင်းဝန်းဆောင်ရွက်ခြင်းများ ပြုလုပ်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်က ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် e–Government လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေနွယ်စိုးက ဝန်ကြီးဌာန၏ ကိုယ်ပိုင်အီးမေးလ်နှင့် ပတ်သက်၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထူးမြင့်ဆွေက Mobile Tablet များနှင့် ပတ်သက်၍လည်းကောင်း အသီးသီးအသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူး(တာဝန်) ဒေါက်တာသန်းနိုင်စိုးက ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးချ၍ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Dong Hua နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်သီလဝါဆိပ်ကမ်းသို့ အပျော်စီးသင်္ဘောကြီးနှစ်စင်း ဆိုက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၉**

အမေရိကန်နိုင်ငံအခြေစိုက် Silver Sea Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး Ms Silver Spirit သည် ယနေ့နံနက် ၄ နာရီခွဲခန့်တွင် သီရိလင်္ကာနိုင်ငံ ကိုလမ်ဘိုဆိပ်ကမ်းမှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာရာ ရိုးရာအကအလှများဖြင့် ကြိုဆိုခဲ့ကြသည်။**(အောက်ပုံ)**

အဆိုပါ သင်္ဘောကြီးနှင့်အတူ အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါနှင့် ဥရောပနိုင်ငံသားအများစုပါဝင်သော ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၄၈၅ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၀၅ ဦးကျော်လိုက်ပါလာခဲ့ပြီး ရန်ကုန်မြို့တွင်း ခရီးစဉ်များ၊ သန်လျင်၊ ပဲခူး၊ ဒလ၊ ပုဂံ၊ မန္တလေးနှင့် အင်းလေးဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

Ms Silver Spirit အပျော်စီးသင်္ဘောကြီးသည် ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီခန့်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အပျော်စီးသင်္ဘောကြီး MV Seven Sea Voyager သည်လည်း သီလဝါရှိ ဆိပ်ကမ်းအသစ်ဖြစ်သော Thilawa Multipurpose International Terminal (TMIT) သို့ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ခရီးသည်စုစုပေါင်း ၆၀၀ ခန့်နှင့်အတူ ဆိုက်ကပ်ရန်ရှိပြီး Destination Asia Company အစီအစဉ်ဖြင့် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**❖ ကျောဖုံးမှ**

ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာအထောက်အကူပြုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးက နိုဝင်ဘာ ၂၅ ရက်တွင် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတကာရာဇဝတ်မှုများတွင် အဓိကအားဖြင့် စစ်ရာဇဝတ်မှုများ(War Crimes)၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ (Crimes Against Humanity)၊ လူမျိုးသုဉ်းသတ်ဖြတ်မှု(Genocide)တို့ ပါဝင်ကြောင်း၊ အထူးအဖွဲ့အနေဖြင့် နိုင်ငံတကာရာဇဝတ်ဥပဒေနှင့် သက်ဆိုင်ရာကွန်ဗင်းရှင်းများ၊ နိုင်ငံတကာရာဇဝတ်တရားစီရင်ရေးနှင့် တရားရုံးလုပ်ထုံးလုပ်နည်းများအပြင် ပြည်တွင်းဥပဒေများကိုလေ့လာ၍ တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာရာဇဝတ်မှုဥပဒေ၏ သက်ရောက်မှုများကိုလည်း လေ့လာသုံးသပ်တင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့က ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတရုံး၏ အကြံပေးပုဂ္ဂိုလ် သံအမတ်ကြီး ဦးမောင်ဝေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးအဖွဲ့မှ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထိုင်းသံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီမိုင်းသရီဖိတ်တပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၉**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီမိုင်းသရီဖိတ်တပ်နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ရှေ့ဆက်၍ နှစ်နိုင်ငံအကြား သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျား/မ တန်းတူညီမျှရေး ပေကျင်းကြေညာချက် ၂၅ နှစ်ပြည့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အာရှ-ပစိဖိတ်ဝန်ကြီးများအဆင့်ညီလာခံသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**
ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့မွန်းလွဲပိုင်းက UN. Women ဌာနချုပ်၏ Deputy Executive Director, Ms. Anita Bhatia နှင့် တွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အစိုးရဝန်ထမ်းများအပါအဝင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာကိစ္စများတွင် UN.Women နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂစာချုပ်များ၊ သဘောတူညီချက်များနှင့်ပတ်သက်၍ အစီရင်ခံစာရေးသားခြင်း၊ နိုင်ငံတကာနှင့် အတွေ့အကြုံများ မျှဝေခြင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မရှင်၊ အာဆီယံအမျိုးသမီးများကော်မတီတို့တွင် ဦးစီးဦးဆောင်ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ ကျား/မ ရေးရာကို ထည့်သွင်းစဉ်းစားသည့် ဘတ်ဂျက်စနစ် ဖြစ်ပေါ်လာရေး စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။




ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် Korean Women's Development Institute (KWDI) အဖွဲ့အစည်းနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် မြို့နယ်အဆင့်အထိ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်နေမှု၊ ကျား/မ ရေးရာနှင့်ပတ်သက်၍ မူဝါဒရေးဆွဲဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကုလသမဂ္ဂနှင့် လက်မှတ်ထိုးထားသည့် ပဋိပက္ခများအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်နေမှုများအပေါ် KWDI နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ကျား/မ တန်းတူညီမျှရေး ပေကျင်းကြေညာချက် ၂၅ နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာ အာရှ-ပစိဖိတ်ဝန်ကြီးများအဆင့် ကြေညာချက်စာတမ်း အတည်ပြုခြင်းနှင့် အစည်းအဝေးပိတ်ပွဲကျင်းပခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၉**
၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ကြေညာထားသည်-

### ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၁-၃-၂၀၂၀ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၁၂-၃-၂၀၂၀ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၁၃-၃-၂၀၂၀ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၁၄-၃-၂၀၂၀ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | စိတ်ကြိုက်မြန်မာစာ |
| ၁၆-၃-၂၀၂၀ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ |
| ၁၇-၃-၂၀၂၀ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ |
| ၁၈-၃-၂၀၂၀ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | { ဇီဝဗေဒ / ဘောဂဗေဒ |
| ၁၉-၃-၂၀၂၀ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ပထဝီဝင် |
| ၂၀-၃-၂၀၂၀ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သမိုင်း |

**သတင်းစဉ်**




နိုင်ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁-၁၂-၂၀၁၉ ရက်နေ့ထုတ် အတွဲ(၁၆)၊ အမှတ်(၂၃)တွင်
- ရေ မြေ အခြေအနေအလိုက် စပျစ်စိုက်ကြပါ
- ပန်းမာလကာစိုက်ပျိုးနည်း အဖြေရှာ
- တောင်သူကြီးတွေ လက်မလွှတ်တမ်းစိုက်တာတ ပဲ ပြောင်း နှမ်းပါဗျာ
- ပျားမွေးမြူရာတွင် ပျားရည်အထွက်တောင်း ဝတ်ရည်စုပ်ပျားများ ရွေးချယ်မွေးမြူသင့်
- ငုံးမွေးမြူမည်ဆိုလျှင် သိထားသင့်သော မွေးမြူရေးနည်းလမ်းများ
- နတ်တော်လနှင့် စာဆိုတော်ပွဲ
- ဆင်တုပ်ကွေး ကပ်ရောဂါအသွင်ဖြစ်လာမလား အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျောက်တံခါး နိုဝင်ဘာ ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျောက်တံခါးမြို့နယ် ကွင်းတောင်ရပ်ကွက် ခမ္ဘာရုံ၌ ကျင်းပခဲ့သည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေပေးအပ်ရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာလေးရွာအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် ငွေကျပ်သိန်း ၁၂၀၀ ကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်ကြသည်။

ဆက်လက်၍ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ငွေစာရင်းထိန်းသိမ်းနည်းများကို သင်တန်းသား ၃၁ ဦးအား စာတွေ့၊ လက်တွေ့ တစ်ရက်တာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နေလင်း**

# မြောက်ကိုရီးယားက ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန် ကိုယ်စားလှယ်တို့ ဆက်သွယ်ဆွေးနွေး

**ဆိုးလ် နိုဝင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ၏ထိပ်တန်းနျူကလီးယားကိုယ်စားလှယ်သည် မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် အမေရိကန်နှင့် ဂျပန်နျူကလီးယားကိုယ်စားလှယ်များနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယား အထူးကိုယ်စားလှယ် လီဒိုဟွန်းသည် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်၍ ယနေ့ အစောပိုင်းက မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဗင်ဘီဂန်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့သည်။

ထို့အပြင် လီသည် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအပြီးတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာဒေသရေးရာဗျူရို အကြီးအကဲဖြစ်သူ ရှိဂယ်ကီကိုနှင့်လည်း နိုဝင်ဘာ ၂၈ ရက် ညက တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့သည်။

မြောက်ကိုရီးယားက အရှေ့ပင်လယ် သို့မဟုတ် ဂျပန်ပင်လယ်သို့ တာတိုပစ်ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအထူးကိုယ်စားလှယ်အနေဖြင့် ဂျပန်နှင့် အမေရိကန် နျူကလီးယားကိုယ်စားလှယ်များကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင် ကင်ဂျုံအန်သည် အဆိုပါ ဒုံးကျည်စမ်းသပ်မှုကို သွားရောက်စစ်ဆေးပြီး ဒုံးကျည်များအား အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်မှုအပေါ် အလွန်ကျေနပ်အားရမိကြောင်း မြောက်ကိုရီးယားပိုင် ကိုရီးယားဗဟို သတင်းအေဂျင်စီ (KCNA) က ယနေ့ ဖော်ပြထားသည်။

ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်၍ ကေစီအင်န်အေက အချိန်နှင့်နေရာကို တိတိကျကျ ဖော်ပြခြင်းမရှိသော်လည်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ကမူ မြောက်ကိုရီးယားနိုင်ငံသည် ယင်းဒုံးကျည်နှစ်စင်းကို နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၉ မိနစ်ခန့်က နိုင်ငံ၏ အရှေ့ဘက် တောင်ဟမ်ချောင်ပြည်နယ်မှ အရှေ့ပင်လယ်ထဲသို့ ပစ်လွှတ်ခဲ့သည်ဟု ပြောကြားသည်။



ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရှိဂယ်ကီကို



တောင်ကိုရီးယား အထူးကိုယ်စားလှယ် လီဒိုဟွန်း


မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဗင်ဘီဂန်

အဆိုပါ ဒုံးကျည်များသည် မြေပြင်မှ အမြင့် ၉၇ ကီလိုမီတာခန့်ဖြင့် ပျံသန်းကာ ကီလိုမီတာ ၃၈၀ ခန့် ဝေးကွာသည့် ဂျပန်ပင်လယ် သို့မဟုတ် အရှေ့ပင်လယ်ထဲသို့ ကျရောက်ခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည် ၁၃ ကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက် က နောက်ဆုံး အကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**




## ရုရှားက မဟာဗျူဟာမြောက်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**မော်စကို နိုဝင်ဘာ ၂၉**

ရုရှားမဟာဗျူဟာ ဒုံးကျည်တပ်ဖွဲ့သည် ၎င်း၏ နျူ-စွမ်းအင်သုံး Topol တိုက်ချင်းပစ်ဒုံးကျည်ကို နိုဝင်ဘာ ၂၈ ရက်က နိုင်ငံ၏ တောင်ဘက် အာစထရာခန်ဒေသရှိ ကာပူစတင်းယာဒုံးပစ်ကွင်းမှ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ဒုံးကျည်၏ ထိပ်ဖူးသည် ကီလိုမီတာ ၂၁၀၀ ကျော် အကွာအဝေးကို ဖြတ်သန်းကာ ကာဇက်စတန်နိုင်ငံ ဆာရီရှာဂန် ဒုံးပစ်ကွင်းရှိ သတ်မှတ်ထားသော ပစ်မှတ်ကို အောင်မြင်စွာ ထိမှန်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ထပ်မံဖော်ပြထားသည်။

ရုရှားမဟာဗျူဟာ ဒုံးကျည်တပ်ဖွဲ့သည် ၎င်း၏ တိုက်ချင်းပစ်ဒုံးကျည်ကို ယခုနှစ် စက်တင်ဘာလက နိုင်ငံ၏ အနောက်မြောက်ဘက် အာခန်ဂျဲလ်စ်ခ်ဒေသရှိ ပလဆက်သ်စ်ခ် အာကာသစခန်းမှ နောက်ဆုံးအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

## သတင်းမှားတိုက်ဖျက်ရေးဥပဒေအရ သတင်းမှားတွင် ပြင်ဆင်ချက် ထည့်သွင်းပေးရန် ဖေ့စ်ဘွတ်ကို စင်ကာပူပြောကြား

**စင်ကာပူ နိုဝင်ဘာ ၂၉**

သတင်းမှား တိုက်ဖျက်ရေးဥပဒေကို အသုံးချ၍ စင်ကာပူအာဏာပိုင်များသည် ရွေးကောက်ပွဲ မရိုးမသား စီစဉ်သည်ဟု စွပ်စွဲချက်များ ပါရှိသည့် သတင်းဝက်ဘ်ဆိုက်တစ်ခုပေါ်မှ ဆောင်းပါးကို အမှားပြင်ဆင်ပေးရန် ဖေ့စ်ဘွတ်ကို သောကြာနေ့က အမိန့်ပေးခဲ့သည်။

လူမှုမီဒီယာကုမ္ပဏီကြီးဖြစ်သည့် ဖေ့စ်ဘွတ်သည် ယင်းကိစ္စနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားရန် မေတ္တာရပ်ခံချက်များကို တုံ့ပြန်ခြင်းမရှိပေ။ ယင်းဝက်ဘ်ဆိုက်ပေါ်ရှိ သတင်းဆောင်းပါးသည်လည်း ပြောင်းလဲမှုတစ်စုံတစ်ရာမရှိဘဲ ရှိနေဆဲဖြစ်သည်။

ယင်းအမိန့်သည် သတင်းမှားဖြစ်သည်ဟု အာဏာပိုင်များက မှတ်ယူထားသည့် သတင်းဝက်ဘ်ဆိုက်ပေါ်မှ သတင်းများနှင့် ကပ်လျက်နေရာတွင် အမှားပြင်ဆင်ချက် သတိပေးချက်များ ထည့်သွင်းဖို့ သတင်းမီဒီယာဌာနများကို ပြောကြားရန် ဝန်ကြီးများကို အခွင့်အာဏာပေးထားသည့် သတင်းမှားတိုက်ဖျက်ရေး ဥပဒေအသစ်ကို စမ်းသပ်လိုက်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲနှင့် ပတ်သက်သည့် နိုဝင်ဘာလ ၂၃ ရက်နေ့က လွှင့်တင်ခဲ့သည့် သတင်းဆောင်းပါးတွင် အမှားပြင်ဆင်ချက် ထည့်သွင်းရန် အဲလက်စ်တန်ဆိုသူကို စင်ကာပူအာဏာပိုင်များက ကြာသပတေးနေ့က အမိန့်ပေးခဲ့သည်။ အဲလက်စ်တန်သည် အစိုးရကို ဆန့်ကျင်သည့် the States Times Review ဝက်ဘ်ဆိုက်ကို လုပ်ကိုင်နေသူ ဖြစ်သည်။

နိုင်ငံရပ်ခြားတွင် အခြေစိုက်သည့် အဲလက်စ် တန်က သတင်းမှားပြင်ဆင်ချက် ပြုလုပ်ရန် ငြင်းဆိုကာ သူသည် ဩစတြေးလျနိုင်ငံသားတစ်ဦးဖြစ်၍ နိုင်ငံခြားအစိုးရထံမှ မေတ္တာရပ်ခံချက်ကို လိုက်လျောမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်၍ သတင်းမှားတိုက်ဖျက်ရေးဥပဒေကို အကောင်အထည်ဖော်သည့်အဖွဲ့က ယင်းဆောင်းပါးတွင် အမှားပြင်ဆင်ချက် သတိပေးချက်ထည့်သွင်းပေးရန် ဖေ့စ်ဘွတ်ကို အမိန့်ပေးခဲ့သည်ဟု ပြောကြားသည်။ လက်ရှိအာဏာရပါတီ ဆက်လက်အာဏာရရှိရေး သေချာစေရန်အတွက် စင်ကာပူတွင် ရွေးကောက်ပွဲများကို မရိုးမသား စီစဉ်သည်ဟု ရေးသားထားသည့် အဲလက်စ်တန်၏ ဆောင်းပါးတွင် မှားယွင်းသည့် အချက်အလက်များနှင့် မတော်မတရား ပုတ်ခတ်သော စွပ်စွဲချက်များ ပါဝင်သည်ဟု ယင်းအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန် အောင်ဇော်လင်း**



# အီရန်တွင် ဆန္ဒပြသမားထောင်ချီ ဖမ်းဆီးခံရ

**တီဟီရန် နိုဝင်ဘာ ၂၉**
အီရန်နိုင်ငံတွင် နိုဝင်ဘာလလယ်ပိုင်းကတည်းက စတင်ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများအတွင်း အီရန်အစိုးရ လုံခြုံရေးတာဝန်ရှိသူများက ဆန္ဒပြသမားဦးရေ ထောင်ချီကာ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။

အီရန်အစိုးရက ပုံမှန်ဖြန့်ဖြူးရောင်းချနေသည့် လောင်စာဆီဈေးနှုန်းကို ရုတ်ခြည်းပင် ၅၀ ရာခိုင်နှုန်း တိုးမြှင့်လိုက်ခြင်းကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ပြုလုပ်ခဲ့ပြီးနောက် အီရန်အစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများ နိုင်ငံတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားခဲ့သည်။

အီရန်အစိုးရပိုင် သတင်းမီဒီယာများက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သော သတင်းများတွင် အဆိုပါရက်များ၌ အီရန်အစိုးရအား ဆန့်ကျင်ဆန္ဒပြသူဦးရေမှာ ၁၇၀၀၀၀ မှ ၂၀၀၀၀၀ အကြားတွင် ရှိသည်ဟု အီရန်အစိုးရက ခန့်မှန်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

ယင်းဆန္ဒပြမှုများအတွင်း အစိုးရဌာနပိုင် အဆောက်အအုံ ၁၄၀ နှင့် စစ်ဘက်ဆိုင်ရာ အဆောက်အအုံ ၅၀ ကျော်တို့ ပျက်စီးခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

အီရန်ပါလီမန်မှ အမျိုးသားလုံခြုံရေးကော်မတီ အဖွဲ့ဝင်တစ်ဦး၏ ပြောကြားမှုကို ကိုးကား၍ အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသမား ၇၀၀၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း အီရန်ပြည်တွင်းသတင်းမီဒီယာများက ဖော်ပြသည်။



အီရန်တွင် ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်စဉ်ကတည်းကပင် အာဏာပိုင်များက အင်တာနက်အသုံးပြုမှုများကို ချက်ချင်းပင် ကန့်သတ်ခဲ့သည်။ သို့သော် အင်တာနက်အသုံးပြုမှုများ ကန့်သတ်ခဲ့မှုကို နိုဝင်ဘာ ၂၈ ရက်မှစတင်ကာ မြို့အချို့တွင် တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့သည်။ ယင်းသို့ အင်တာနက်အသုံးပြုမှု ကန့်သတ်မှုအား ဖြေလျှော့ပေးမှုများ၌ မြို့တော်တီဟီရန်လည်း ပါဝင်သည်။

အီရန်နိုင်ငံ အစိုးရအနေဖြင့် ၎င်းနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသည့် ဆန့်ကျင်ဆန္ဒပြမှုများအပေါ် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့မှုများကြောင့် နိုင်ငံအတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့်တွေ့နေရခြင်းသည် အီရန်ပြည်သူတို့ နေ့စဉ်ဘဝနေထိုင်ရမှုအပေါ် အခက်အခဲများ တိုးမြှင့်ဖြစ်ပေါ်စေလျက်ရှိသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-ဇော်ဝင်း**



## ဂျပန်ဝန်ကြီးချုပ်ဟောင်း ရာဆုဟီယို နာကာဆိုနီ ကွယ်လွန်

**ကျိုတို နိုဝင်ဘာ ၂၉**
အသက် ၁၀၁ နှစ်ရှိပြီဖြစ်သော ဂျပန်ဝန်ကြီးချုပ်ဟောင်း ရာဆုဟီယို နာကာဆိုနီသည် နိုဝင်ဘာ ၂၉ ရက်တွင် ကွယ်လွန်သွားပြီဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီသည် ဂျပန်နှင့်အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်လာစေရန် ကြိုးပမ်းခဲ့သည့်အပြင် နိုင်ငံတော်ကချုပ်ကိုင်ထားသည့် စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးအပ်လုပ်ကိုင်စေခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများ၏ချစ်ခင်မှုကို ရရှိခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီသည် ဂျပန်ကေရာဇ် ရှိဝါ နန်းတက်စဉ်ကာလအတွင်း ရာထူးအာဏာသက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ်တစ်ဦးဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီကို ၁၉၁၈ ခုနှစ်တွင် ဂန်မာစီရင်စုတွင် မွေးဖွားခဲ့သည်။ တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်းတွင် ရေတပ်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် နာကာဆိုနီသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း၂၀ တိုင် လွှတ်တော်အမတ်အဖြစ် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထို့ပြင် အစိုးရအဖွဲ့နှင့် ပါတီအလုပ် အမှုဆောင်အဖွဲ့အကြီးအကဲရာထူးများကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ (၇၁)ဦးမြောက် ဝန်ကြီးချုပ်တစ်ဦးဖြစ်လာခဲ့ပြီး ငါးနှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် စစ်ရာဇဝတ်မှုများကျူးလွန်ခဲ့သော နိုင်ငံခေါင်းဆောင်များအပါအဝင် ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တည်ဆောက်ထားသော ရာဆုကူနီဗိမာန်သို့ စစ်အေးကာလအတွင်း တရားဝင် အလည်အပတ်သွားရောက်ခဲ့သည့် ပထမဆုံး ဝန်ကြီးချုပ် တစ်ဦးဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီ၏ ဂျပန်နိုင်ငံအတွက် ကြိုးပမ်းမှုများကို ချီးကျူးထောမနာပြုသည့် ကြေညာချက်တစ်ရပ်ကို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီကွယ်လွန်သည့်အတွက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လွန်စွာဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် ၁၉၈၀ ပြည့်နှစ်ကာလများအတွင်း အပြန်အလှန်ရင်းနှီးချစ်ကြည်မှုရှိခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီနှင့် အမေရိကန်သမ္မတ ရော်နယ်ရီဂင်တို့အကြား ရင်းနှီးဖော်ရွေသောဆက်ဆံမှုများ ရှိခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း နာကာဆိုနီက စစ်အေးကာလ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရာတွင် ထောက်ခံအားပေးသူတစ်ဦးဖြစ်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## တရုတ်နှင့် ပါကစ္စတန်ရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ပေကျင်း နိုဝင်ဘာ ၂၉**
၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံ ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ နှစ်စဉ် အပြန်အလှန်ကျင်းပသည့် အစီအစဉ်အရ ပြုလုပ်ခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရန်ကွမ်ကွင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုသို့ တရုတ်ရေတပ်မှ ဖျက်သင်္ဘောများ၊ ဖရီးဂိတ်သင်္ဘောများ၊ ထောက်ပံ့ရေးရေယာဉ်များနှင့် ရေငုပ်သင်္ဘောရှာဖွေရေး ရေယာဉ်များကို စေလွှတ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံ စစ်ဘက်များအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ယင်းပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံကြားတွင် ကဏ္ဍပေါင်းစုံ၌ မိတ်ဖက်ပူးပေါင်းဆက်ဆံမှု တိုးတက်ဖွံ့ဖြိုးရေးအတွက် ယင်းစစ်ရေးလေ့ကျင့်မှုကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ရေကြောင်းဆိုင်ရာအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးအတွက် အနာဂတ်ကာလအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရန်က ပြောကြားသည်။

တရုတ်နှင့် ပါကစ္စတန်တို့ ပူးတွဲလုပ်ဆောင်မည့် ရေကြောင်းစစ်ရေးလေ့ကျင့်မှုသည် ဒေသဆိုင်ရာ အခြေအနေနှင့် အခြားသော တတိယနိုင်ငံအပေါ် ခြိမ်းခြောက်မှုမဟုတ်ဟု တရုတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

MNU Aiming for Success
University of East London
Pearson
အနာဂတ်အောင်မြင်မှုတွေဆီ အရောက်လှမ်းဖို့
MNU နှင့်အတူလျှောက်လှမ်းဖို့ . . .



MBA (International Business)
B.A(Hons) Business Management
B.Eng(Hons) Civil
B.Eng(Hons) Mechanical
B.Eng(Hons) Electrical & Electronic

- ကျောင်းသားဗဟိုပြုသင်ကြားပေးခြင်း (Student-Centered Learning)
- နိုင်ငံတကာသင်ရိုးညွှန်းတမ်းအတိုင်းသင်ကြားပေးခြင်း (International Syllabus)
- အလုပ်သင် အခွင့်အလမ်းများ ချိတ်ဆက်ထားရှိခြင်း (Internship Program)
- အဆောင်ထားရှိခြင်း (Hostel)

JANUARY INTAKE
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ GCE'O'Level, IGCSE, LCCI Level-3 အောင်မြင်ပြီးသူများအတွက် Early Bird Promotion Discount (၁) သိန်း ရရှိနိုင်မည့်အခွင့်အရေးနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအတွက် Scholarship သိန်း (၅၀)လျှော့ကြေးထားနိုင်မည့်အခွင့်အရေးအပြင် ပထမဦးဆုံးကျောင်းအပ်နှံသော MBA သင်တန်းသား (၁၀) ဦး အတွက် ၁၀% သက်သာမည့်အခွင့်အရေး။

09-4480 66660, 09-7806 39577, 09-4097 17203
အမှတ်(၆-က)၊ ကြိုးစက်ရုံလမ်း၊ (ခ)ရပ်ကွက်၊ သုဝဏ္ဏ ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

# ပုသိမ်ကြီးမြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မအေးအုပ်နှင့် မနန်းဟွမ်ခမ်း (ခ) ယွန်းရတီဦးတို့ထံမှ ငွေကျပ်သိန်း ၃၀၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၂၀၀၊ ငွေကျပ် ၁၁၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့နယ် ဝမ်ဟွန်းကျေးရွာနှင့် ဝမ်ဖြတ်ကျေးရွာကြား လမ်းမပေါ်တွင် အမျိုးသမီးနှစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသည့် ဆာလာအိတ်အား ပစ်ချထွက်ပြေးသွားခဲ့၍ ၎င်းအိတ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။



ရဲပြန်ကြား

# နေပြည်တော်လေဆိပ်သွား မြို့ရှောင်လမ်းတွင် သုံးရက်ဆက်တိုက် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော် လယ်ဝေးမြို့နယ် နေပြည်တော်လေဆိပ်သွား မြို့ရှောင်လမ်းမကြီးပေါ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်စဉ် လိုင်စင်မဲ့ယာဉ်များ သုံးရက်ဆက်တိုက် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် ညနေ ၃ နာရီက အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲအုပ်သက်နောင်ကျော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် အေလာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ နေပြည်တော်လေဆိပ် လမ်းဆုံ မိုင်တိုင်အမှတ် (၂၀၀/၂) အနီးတွင် စစ်ဆေးဆောင်ရွက်နေစဉ် ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း အောင်ဇော်မျိုး ဘားအံမြို့နယ်နေသူ မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်း တစ်စုံတစ်ရာပြသနိုင်ခြင်း မရှိသည့်အပြင် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အေလာနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီတွင် ဒုရဲအုပ် သက်နောင်ကျော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် အဆိုပါလေဆိပ်လမ်းဆုံတွင် စစ်ဆေးဆောင်ရွက်နေစဉ် ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း ဖုန်းမော် ကျောင်းကြီးစုရပ်ကွက် တောင်ကြီးမြို့နေသူ မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် အေလာနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုရဲအုပ်သက်နောင်ကျော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် အဆိုပါလေဆိပ်လမ်းဆုံတွင် စစ်ဆေးဆောင်ရွက်နေစဉ် သာဝတ္တိမှ ပျဉ်းမနားမြို့သို့ ဦးရဲမြင့် မောင်းနှင်လာသော ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် အေလာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

# မိတ္ထီလာမြို့ (တောင်)ကန် ကန်ပတ်လမ်းတွင် ပထမနှစ်ကျောင်းသားတစ်ဦး ထိုးသွင်းဒဏ်ရာဖြင့် သေဆုံး

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအရှေ့ဘက် မိတ္ထီလာ (တောင်)ကန် ကန်ပတ်လမ်းတွင် နိုဝင်ဘာ ၂၉ ရက် နံနက် ၇ နာရီခွဲခန့်က ပထမနှစ်ကျောင်းသားတစ်ဦး ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအရှေ့ဘက် မိတ္ထီလာ(တောင်)ကန် ကန်ပတ်လမ်းတွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းရရှိသဖြင့် မိတ္ထီလာမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် မြင့်လွင်နှင့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အိုးအိုင်ကျေးရွာ ကျောက်ပန်းတောင်းမြို့နယ်နေသူ မောင်သန့်ကျော်ဦး ပထမနှစ်(သမိုင်း၊ မိတ္ထီလာ အဝေးသင်တက္ကသိုလ်)သည် ဝဲဘက်ရင်အုံအထက် ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# ခေါင်လန်ဖူး-ပူတာအိုလမ်းတွင် ယာဉ်တစ်စီး ချောက်ထဲထိုးကျ၊ ငါးဦး သေဆုံး

**နောင်မွန် နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် နောင်မွန်မြို့နယ်အပိုင်း ခေါင်လန်ဖူး-မဂွေဇ-ပူတာအို လမ်းပေါ်ရှိ ငဲ့လုံဘိုတဲကုန်းအဆင်းအနီးတွင် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က လူရှစ်ဦး တင်ဆောင်လာသော ယာဉ်တစ်စီး ချောက်ထဲသို့ထိုးကျတိမ်းမှောက်၍ ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါခေါင်လန်ဖူးမြို့နယ်မှ ပူတာအိုမြို့သို့ ငွားဂျွန်းစီ မောင်းနှင်လာသောယာဉ်သည် ငဲ့လုံဘိုတဲအနီး မိုင်တိုင် (၂၅) နှင့် (၂၆) ကြားတွင် အရှိန်မထိန်းနိုင်ဘဲ ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး သေဆုံးပြီး ကျန်လေးဦးကို နောင်မွန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ အမျိုးသားတစ်ဦး ထပ်မံသေဆုံးခဲ့သည်။ ကျန်သုံးဦးသည် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ နောင်မွန်မြို့နယ် မြို့မရဲစခန်းက ယာဉ်မောင်းကို ဖမ်းဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး မချမ်းဘော၊ နောင်မွန်မြို့နယ် ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကျန်ရှိနေသော ရုပ်အလောင်းများကို ချောက်ကမ်းပါးအတွင်းမှ သယ်ယူကာ ပူတာအိုခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆန်းညွန့်(ပူတာအို)

# ကော့ကရိတ်မြို့ အာရှလမ်းတွင် ယာဉ်တစ်စီး မီးလောင်မှုဖြစ်

**ကော့ကရိတ် နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး တောနော်ရေတံခွန်အနီးတွင် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ယာဉ်တစ်စီး မီးလောင်ကြောင်း သတင်းအရ မြို့မရဲစခန်းမှူး ဒုရဲမှူးထူးအောင်ရွှေ၊ ယာဉ်ထိန်းရဲ တပ်စု(၇၁)မှ ဒုရဲအုပ် အောင်သူမင်းနှင့်အဖွဲ့၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ကော့ကရိတ်မှ မြဝတီသို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်သည် တောနော်ရေတံခွန်အနီး အခင်းဖြစ်နေရာအရောက်တွင် အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်ပေါ်တွင် ခရီးသည်လိုက်ပါခြင်းမရှိဘဲ ယာဉ်နောက်တွင်တင်လာသော ဆိုင်ကယ်တစ်စီး မီးလောင်ပျက်စီးခဲ့သည်။

အဆိုပါမီးလောင်မှုအား ကော့ကရိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မျိုးဝင်(ပြန်/ဆက်)

# သပိတ်ကျင်းမြို့နယ်တွင် လျှပ်စီးကြောင့် အိမ်နှင့် စေတီပုထိုးအချို့ အက်ကွဲပြိုကျ

**သပိတ်ကျင်း နိုဝင်ဘာ ၂၉**

နိုဝင်ဘာ ၂၈ ရက်က သပိတ်ကျင်းမြို့၏ အရှေ့မြောက်ဘက် ၂၃ မိုင်ခန့်အကွာ၊ အနက် ငါးကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှားမှုကြောင့် သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာတွင် အုတ်တံတိုင်းပြိုကျမှုများ၊ အိမ်၊ ကျောင်းနံရံနှင့် စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်းအချို့တွင် နံရံအက်ကွဲပြိုကျခဲ့သည်။

တင်မောင်(မန်းကိုယ်ပွား)

# ရွှေပြည်သာမြို့နယ်၌ မှုခင်းအသိပညာပေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေစခန်းမှူး ရဲအုပ်စိန်အောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေလင်းဦးတို့သည် အမှတ်(၂၆) ရပ်ကွက်နေ ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောခြင်းကို နိုဝင်ဘာ ၂၄ ရက်က ပန်းခြံ ၄ ဓမ္မာရုံ၌ ပြုလုပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း( ရွှေပြည်သာ)



# ရွှေနေနှင့် သံအမတ်ကြီးများ

ဦးဟန်ညွှန့် ( ဥပဒေ )

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ "

"ရွှေနေနှင့်သံအမတ်ကြီးများ ဖြစ်ပါတယ်"

"ဘယ်လိုအဓိပ္ပာယ်ပါလဲ ဆရာ"

"ဘဝတစ်ကွေ့ ဆုံတွေ့ခဲ့ကြတဲ့ သံအမတ်ကြီးများအကြောင်း ပြောပြချင်လို့ပါ"

"ဘာတွေများ မှတ်သားစရာ ပါရှိပါသလဲဆရာ"

"ဖတ်ကြည့်ကြစို့လားဗျာ"



သံအမတ်ကြီး ဦးမျိုးမြင့်သန်းအား ဥပဒေသုတစာအုပ်များ လက်ဆောင်ပေးစဉ်။

**သံအမတ်**

သံအမတ်ဟူသောစကားကို ကျွန်တော် ဥပဒေဝန်ထမ်းဘဝအစမှာပင် ကြားဖူးသည်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ ဆရာ၊ ရွှေနေချုပ် အဘ ဦးသာထွန်းက သံအမတ်တစ်ဦးပါ။ ၁၉၇၉ မှ ၁၉၈၂အထိ ပါကစ္စတန်၊ ၁၉၈၂ မှ ၁၉၈၅အထိ အီဂျစ်နိုင်ငံ သံအမတ်ဖြစ်ခဲ့တာပါ။ ရွှေနေချုပ်ကြီးထံမှ အားကျစရာတွေ၊ လေ့လာမှတ်သားစရာတွေ ကျွန်တော် အများကြီးရပါသည်။ ဘာကြောင့် အဘ ဦးသာထွန်း တည်ငြိမ်ပါသလဲ။ ဘာကြောင့် နူးနူးညံ့ချိန်ချိန် သုခမိန်ပီသပါသလဲ။ ပြဿနာတစ်ရပ်ကို ခေါင်းအေးအေးနဲ့ စဉ်းစားသုံးသပ် ဆုံးဖြတ်နိုင်တာဘာကြောင့်လဲစသဖြင့် ကျွန်တော်အဖြေရှာ လေ့လာပါသည်။ သံအမတ်လုပ်ဖူး၊ သံအမတ်ဖြစ်ဖူးတာကြောင့်ဆိုတာ အဖြေသွားတွေ့ပါသည်။ ဥပဒေဝန်ထမ်းလောကအတွက် ဂုဏ်ယူစံနမူနာပြ ဖြစ်ခဲ့ပါပေသည်။

**သံတမန်များ၏အရည်အချင်း**

၁။ မှန်ကန်သောစကားကိုသာဆိုခြင်း (Truthfullness)

၂။ တိကျသေချာခြင်း (Accuracy)

၃။ တည်ငြိမ်ခြင်း (Calm)

၄။ စိတ်ရှည်ဖွဲ့ကောင်းခြင်း (Patience)

၅။ နှစ်လိုဖွယ်ခင်မင်ဖွယ်ရှိခြင်း (Good Temper)

၆။ နှိမ့်ချသောစိတ်ထားရှိခြင်း (Modesty)

၇။ သစ္စာစောင့်သိခြင်း(Loyalty)တို့မှာ သံတမန်များ၏ အရည်အချင်းများ ဖြစ်ပေသည်။

**ထိုင်းနိုင်ငံ**

အိမ်နီးချင်းထိုင်းနိုင်ငံသို့ ကျွန်တော် မကြာခဏ ရောက်သည်။ တာဝန်နှင့်ရော ကိုယ်ရေးကိစ္စနှင့်ပါဖြစ်သည်။ မြန်မာနှင့် ထိုင်းနိုင်ငံ အိမ်နီးချင်းပီသသည်။ အပြန်အလှန် နားလည်မှုရှိသည်။ တန်ဖိုးထားသည်။ မြန်မာ-ထိုင်း သံတမန်ဆက်သွယ်မှုအနှစ်(၇၀)ပြည့်အခမ်းအနားကို ယမန်နှစ်က ကျင်းပခဲ့သေးသည်။ ချစ်ကြည်သော နိုင်ငံခြားဆက်ဆံရေးမှာ တန်ဖိုးကြီးလှပေသည်။

**သံအမတ်ကြီးဦးမျိုးမြင့်သန်း**

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် မကြာသေးမီက ကျွန်တော်ဆုံတွေ့ခဲ့ကြသည်။ ကိစ္စတစ်ခုအတွက် မြန်မာသံရုံးတွင် အတူတကွ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ကြသည်။ သံအမတ်ကြီးက ရည်မွန်သည်။ တိကျသည်။ စေ့စပ်သည်။ အတွေ့အကြုံစုံသည်။

ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှာ ကျယ်ဝန်းသည်။ အစည်းအဝေးခန်းမအပါအဝင် ခံ့ညားသော၊ သံရုံးအင်္ဂါနှင့်ကိုက်ညီသော အဆောက်အအုံဖြစ်ကြောင်း မြင်တွေ့ခဲ့ရသည်။ မြန်မာနိုင်ငံ၏ အကြီးအကဲများ၊ ခေါင်းဆောင်များ၊ လူကြီးများ မကြာခဏလာရောက်ပြီး တာဝန်ကြီးသော မြန်မာသံရုံးဖြစ်ကြောင်းလည်း သိရှိခဲ့ရသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လက်ထက်မှစ၍ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်လက်ထက်အထိ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး အသီးသီး၏ ရုပ်ပုံများကို သံရုံး၌ မှတ်တမ်းတင် ချိတ်ဆွဲထားသည်ကို လေးစားဂုဏ်ယူဖွယ် ကျွန်တော်တွေ့မြင်ခဲ့ရသည်။ ရှားပါးသမိုင်းမှတ်တမ်း ဖြစ်ပေသည်။

သံအမတ်ကြီး ဦးမျိုးမြင့်သန်း၏ များပြားသောသံတမန်အတွေ့အကြုံများကို လေ့လာမှတ်သားဖို့ ထပ်မံတွေ့ဆုံရန် ကျွန်တော်မျှော်လင့်လျက်ရှိပါသည်။

**ဗြိတိန်နိုင်ငံ**

ပြီးခဲ့သောလက ဗြိတိန်နိုင်ငံသို့ တာဝန်နှင့် ကျွန်တော်လေ့လာရေးခရီး ရောက်ခဲ့သည်။ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးမှာ ဦးကျော်စွာမင်းဖြစ်သည်။ ကျွန်တော်တို့အဖွဲ့အား သံအမတ်ကြီးက လန်ဒန်လေဆိပ်မှလာကြိုသည်။ လန်ဒန်မှာ ရှိနေစဉ်အတွင်း လိုအပ်သည်များလည်းကူညီသည်။ မြန်မာသံရုံးနှင့် သံအမတ်ကြီးနေအိမ်သို့ ကျွန်တော်ရောက်သည်။ သံအမတ်ကြီးက မန္တလေးသား။ ပန်းချီဆရာ။ အနုပညာသမားမို့ စာပေအနုပညာအကြောင်းတွေ ပြောဖြစ်ကြသည်။ တာဝန်ထမ်းခဲ့သော သံအမတ်ကြီးတွေအကြောင်းလည်း မေးမြန်းကြည့်သည်။ ရှုပါ။



သံအမတ်ကြီး ဦးကျော်စွာမင်းနှင့်လန်ဒန်နေအိမ်၌တွေ့ဆုံစဉ်။

**လန်ဒန်မြန်မာသံအမတ်ကြီးများ**

| စဉ် | သံအမတ်အမည် | တာဝန်ထမ်းကာလ(မှ/ထိ) | မှတ်ချက် |
| --- | --- | --- | --- |
| ၁။ | ဦးတင်ထွဋ် | ၇.၇.၁၉၄၇ | High Commissioner |
| ၂။ | ဆာဦးမောင်ကြီး | ၁.၁၁.၁၉၄၇ မှ ၁၃.၁၁.၁၉၄၈ ထိ | |
| ၃။ | ဦးအုန်း | ၁၈.၃.၁၉၄၉ မှ ၃.၂.၁၉၅၁ ထိ | |
| ၄။ | မဟာသရေစည်သူဦးကာစီ | ၁၈.၈.၁၉၅၁ မှ ၁၂.၁၁.၁၉၅၃ ထိ | |
| ၅။ | မဟာသရေစည်သူဦးကြင် | ၁၉.၅.၁၉၅၅ မှ ၃၁.၈.၁၉၅၆ ထိ | |
| ၆။ | သရေစည်သူဦးအောင်စိုး | ၁၀.၁၀.၁၉၅၆ မှ ၁၀.၂.၁၉၆၁ ထိ | |
| ၇။ | သတိုးသီရိသုဓမ္မဦးလှမောင် | ၂၈.၃.၁၉၆၁ မှ ၇.၆.၁၉၆၈ ထိ | |
| ၈။ | ဦးဘစော | ၁၁.၆.၁၉၆၈ မှ ၁၅.၂.၁၉၇၁ ထိ | ဟော်လန် နော်ဝေ(ပူးတွဲ) |
| ၉။ | ဦးချစ်မြိုင် | ၁၉.၂.၁၉၇၁ | နော်ဝေ၊ဆွီဒင်၊ ဒိန်းမတ်(ပူးတွဲ) |
| ၁၀။ | ဦးသာကျော် | ၈.၈.၁၉၇၅ | ။ |
| ၁၁။ | ဦးကြည်မောင် | ၂၂.၃.၁၉၇၈ မှ ၂.၁၂.၁၉၈၁ ထိ | ။ |
| ၁၂။ | ဦးမျိုးအောင် | ၄.၁၂.၁၉၈၁ | ။ |
| ၁၃။ | ဦးတင်ထွန်း | ၂၃.၇.၁၉၈၅ မှ ၂၅.၂.၁၉၈၉ ထိ | ။ |
| ၁၄။ | ဦးတင်လှိုင် | ၅.၅.၁၉၈၉ မှ ၄.၉.၁၉၉၁ ထိ | ။ |
| ၁၅။ | ဦးလှမောင် | ၁၉.၅.၁၉၉၂ မှ ၁၁.၉.၁၉၉၆ ထိ | ။ |
| ၁၆။ | ဦးဝင်းအောင် | ၃၀.၉.၁၉၉၆ မှ ၂၈.၁၁.၁၉၉၈ ထိ | ။ |
| ၁၇။ | ဒေါက်တာကျော်ဝင်း | ၃.၆.၁၉၉၉ မှ ၇.၁.၂၀၀၅ ထိ | ။ |
| ၁၈။ | ဦးနေဝင်း | ၁၉.၅.၂၀၀၅ မှ ၂၆.၁၂.၂၀၁၀ ထိ | ။ |
| ၁၉။ | ဦးကျော်မျိုးထွဋ် | ၂၆.၂.၂၀၁၁ မှ ၂၅.၉.၂၀၁၃ ထိ | ။ |
| ၂၀။ | ဦးကျော်စွာမင်း | ၅.၁၀.၂၀၁၃ မှ ယနေ့ထိ | ။ |

တို့ဖြစ်ကြသည်။

**သက်တမ်းကြာရှည်**

မြန်မာလွတ်လပ်ရေးမရမီကပင် ဗြိတိန်-မြန်မာသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့သည်။ ၁၉၄၈ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် မြန်မာသံရုံးအား လန်ဒန်တွင် စတင်ဖွင့်ခဲ့သည်။ လန်ဒန်မြို့လယ် Mayfair ရပ်ကွက်၊ 19 A; Charles Street၊ London တွင်တည်ရှိသည်။

သံအမတ်ကြီး ဦးကျော်စွာမင်း၏နေအိမ်တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီဦးအုန်းကြိုင်နှင့် ကျွန်တော်တို့မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ရင်းနှီးစွာ တွေ့ဆုံခဲ့ကြသည်။ စပ်မိစပ်ရာ စကားလက်ဆုံ ပြော၍မကုန်။ လန်ဒန်အကြောင်း လေ့လာစရာတွေ၊ ရေးစရာတွေက များလှသည်။ အချိန်ကသိပ်မရ၍ ထပ်မံဆုံတွေ့ကြပါစို့ဖြင့်သာ စကားဝိုင်းသိမ်းခဲ့ကြသည်။

**သံတမန်ဆက်သွယ်သောနိုင်ငံများ**

မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်ထားသော နိုင်ငံပေါင်း ၁၂၃ နိုင်ငံ (၁၉၄၇ မှ ၁၂.၇.၂၀၁၇ အထိ) ရှိသည်။ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ထားရှိသော စာရင်းမှာ အာရှ၊ အာဖရိကအတွက် ၂၁ နိုင်ငံ၊ ဥရောပအတွက် ခုနစ်နိုင်ငံ၊ အမေရိကအတွက် သုံးနိုင်ငံရှိသည်ဟု လေ့လာသိရှိရသည်။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ(၅)ချက် (The Five Principles of Peaceful Co-existence ) ကို ကျင့်သုံးသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာတရားဥပဒေကို လေးစားလိုက်နာသောနိုင်ငံလည်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာပြဿနာတစ်စုံတစ်ရာနှင့်ရင်ဆိုင်လာရလျှင်လည်း နိုင်ငံ့အရေးကိစ္စ၊ နိုင်ငံ့အကျိုးစီးပွားကိစ္စဖြစ်၍ အရေးကြီးလျှင် သွေးစည်းစမြဲ ဖြစ်သော ညီညွတ်သည့် မြန်မာနိုင်ငံဖြစ်ပေသည်။

**နိဂုံး**

(၁) အစဉ်သတိရှိသော ချင့်ချိန်နှိုင်းဆ၊ သံအမတ်ကြီးများ၏ဘဝသည် နိုင်ငံအတွက် ဂုဏ်ပြုလေးစားဖွယ် ဖြစ်ပါသည်။

(၂) ယနေ့ချိန်ခါတွင် နိုင်ငံ့ကိုယ်စားထမ်းဆောင်ရသည့် သံအမတ်ကြီးများ၏သားကောင်း တမန်ဂုဏ်ရည်သည် ပို၍ ပို၍ မြင့်မားလျက်ရှိနေပေသည် ...။ ။

**မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ (၅)ချက်ကို ကျင့်သုံးသည်။ အပြည်ပြည်ဆိုင်ရာ ပြဿနာတစ်စုံတစ်ရာနှင့် ရင်ဆိုင်ရလျှင် နိုင်ငံ့အရေးကိစ္စ၊ နိုင်ငံ့အကျိုးစီးပွားကိစ္စဖြစ်၍ အရေးကြီးလျှင် သွေးစည်းစမြဲ ဖြစ်သော ညီညွတ်သည့် မြန်မာနိုင်ငံ. . .**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ်အတွင်း တောင်သူများနှင့် တွေ့ဆုံ

**ရွှေဘို နိုဝင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ မွန်းလွဲ ၁နာရီ တွင် ချီပါကျေးရွာ မြသိန်းတန်ဘုရား ဓမ္မာရုံ၌လည်းကောင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေ အခက်အခဲရှိနိုင်သဖြင့် ရေရရှိရေး နည်းလမ်းများအား ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို တောင်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားတစ်ဦးချင်းစီမှသည် ကျေးရွာတစ်ရွာချင်း၊ ကျေးရွာမှသည် မြို့နယ်များအထိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ချပြရှင်းလင်းပေးခဲ့ကာ တောင်သူများ၏ တင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပလိုင်းကျေးရွာအုပ်စုနှင့် ချီပါကျေးရွာအုပ်စုတို့အတွက် အားကစားပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။



ထို့နောက် ပလိုင်းကျေးရွာတွင် မိုးစပါးစိုက်ခင်းအတွင်း ကောင်းကင်မျိုးစေ့ကြဲစက်ဖြင့် ရေလိုက်ကြဲစိုက်နည်းစနစ် စိုက်ပျိုးပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ချီပါကျေးရွာမျိုးသန့်ခြံအတွင်း မျိုးစေ့သန့်စင်စက်နှင့် အအေးခန်းသိုလှောင်ရုံ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျွန်းစု နိုဝင်ဘာ ၂၉**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျွန်းစုမြို့နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ဘုကျေးရွာတွင် စစ်ဘုကျေးရွာ၊ သဘောင်းတောင်ကျေးရွာ၊ ဆင်ကူးကျေးရွာ ဒေသခံပြည်သူများ၊ မဲတောကျေးရွာတွင် မဲတောကျေးရွာ၊ အုတ်ဖိုမော်ကျေးရွာ၊ ချောင်းညီကိုကျေးရွာ၊ စမ်းတားငယ်ကျေးရွာ ဒေသခံပြည်သူများ၊ ကံမော်ကျေးရွာတွင် ကံမော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံများနှင့် ပန်းဇင်ကျေးရွာတွင် တောပြားကျေးရွာအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွာချင်းဆက်လမ်းများကို တစ်ရွာနှင့်တစ်ရွာ သွားလာဆက်သွယ်မှုလွယ်ကူမှသာလျှင် ဒေသ၏အကျိုးရလဒ်အနေနဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့ အဆင်ပြေနိုင်မှာ ဖြစ်သည့်အတွက် ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးပြီးတိုင်းဒေသကြီးရန်ပုံငွေစုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းကိုကျေးလက်လမ်းများ၊ ရွာချင်းဆက်လမ်းများဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံများက ကျေးရွာလိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကံမော်ကျေးရွာ တိုက်နယ်ဆေးရုံတွင် ဆေးရုံတက်ဆေးကုသမှုခံယူနေသော ဝေဒနာရှင်များအား အားပေးစကားပြောကြားပြီး ခုတင်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့် ရေသန့်စက်တို့ကိုလည်းကောင်း၊ ပန်းဇင်ကျေးရွာ အထက်တန်းကျောင်းတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှဆောက်လုပ်လှူဒါန်းလျက်ရှိသောပေ ၃၀ X ၆၀ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး**
**(ပြန်/ဆက်)**

# လမ်း၊ တံတားနှင့် မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်း နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရန် ရှင်းလင်း

**ပဲခူး နိုဝင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားနှင့် မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများအား နိုင်ငံတကာအဆင့်မီ နည်းပညာများဖြင့် ဆောင်ရွက်နိုင်ရန် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဧည့်ခန်းမသို့ ဝင်းနေဝင်းကုမ္ပဏီလီမိတက်နှင့် တော်ဝင်စာမရီအင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လာရောက်မိတ်ဆက်ရှင်းလင်းသည်။

ဝင်းနေဝင်းကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးနိုဝင်း၊ တော်ဝင်စာမရီအင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမောင်နှင့် ဒါရိုက်တာ ဒေါ်မေဇဗ္ဗူတို့က မိမိတို့ကုမ္ပဏီသည် အင်္ဂလန်နိုင်ငံအခြေစိုက် Mabey Co., နှင့် ချိတ်ဆက်၍ ပြည်ပချေးငွေရရှိရေး၊ လမ်း၊ တံတားနှင့် မြစ်ကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများအား သက်သာသော အတိုးနှုန်းဖြင့် နှစ်ရှည်ချေးငွေ ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းတွင် လမ်း၊ တံတားများ အထူးလိုအပ်လျက်ရှိပြီး ကုန်စည်စီးဆင်းမှု ချောမွေ့အဆင်ပြေနိုင်မှသာ ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ကြောင်း၊ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း အသုံးဝင်လာမည့် ရိုးမဖြတ်ကျော်လမ်း (ဇောင်းတူ-သာယာဝတီ) ဖားရွှေကျော်လမ်း၊ ပဲခူးမြစ်ကြောင်းနှင့် စစ်တောင်းမြစ်ဝ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် စစ်တောင်းမြစ်ကူးတံတားများ အထူးလိုအပ်လျက်ရှိနေချိန်တွင် လမ်း၊ တံတားနှင့် မြစ်ကြောင်းထိန်းသိမ်းသည့် နည်းပညာများ လာရောက်မိတ်ဆက် ရှင်းလင်းတင်ပြမှုကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်စိုး(ပဲခူး)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လိုဘာခိုကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**ဒီးမော့ဆို နိုဝင်ဘာ ၂၉**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများလိုက်ပါ၍ နိုဝင်ဘာ ၂၈ရက် နံနက် ၁၀ နာရီ တွင် ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာအုပ်စု ဆောင်ဒူကျေးရွာသို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအနေနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ အရပ်သားအစိုးရအနေဖြင့် ပြည်သူများနှင့် ရင်းနှီးနွေးထွေးစွာ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပြီး မိမိတို့ရပ်ရွာဒေသအတွက် အကျိုးရှိစေမည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်တင်ပြကြရန် ပြောကြားသည်။

ထို့နောက် လိုဘာခိုကျေးရွာအုပ်စုအတွင်းရှိ လိုဘာခို၊ ဆောင်ဒူ၊ ယပ်ခူ၊ ဆီးဘူးပလော့နှင့် ဗှာဆီဆောင်ကျေးရွာတို့မှ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက တင်ပြချက်အပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ဒူကျေးရွာ အလက(ခွဲ)ကျောင်းအတွက် ကွန်ပျူတာနှင့် မိတ္တူကူးစက် ဝယ်ယူရန်အတွက် ငွေကျပ် ၈၅၀၀၀၀၊ ဆောင်ဒူဘုရားကျောင်း ရေကန်တည်ဆောက်ရန်အတွက် မတည်ငွေကျပ် ငါးသိန်း၊ ဘုရားကျောင်း တည် ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဘိလပ်မြေ အိတ် ၁၀၀ အတွက် ငွေကျပ်ခြောက်သိန်းပေးအပ်ပြီး ရိုးရာဗုံပလွေအဖွဲ့များနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ခဲ့သည်။

**ရီရယ်(ဒီးမော့ဆို)**

# ရန်ကုန်တက္ကသိုလ်၌ မြန်မာ့ဒီရေတောများ၏ ဂေဟစနစ်အသုံးချမှုဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၉**
ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့်မြန်မာ့ဒီရေတောများ၏ဂေဟစနစ်အသုံးချမှုဆိုင်ရာ စာတမ်း ဖတ်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

"ဒီပွဲမှာ ဒီရေတောဧရိယာကို ဘယ်လိုထိန်းသိမ်းမလဲ၊ ထိန်းသိမ်းရုံတင်မကဘဲ သားငါးပုစွန်မွေးမြူရေးလုပ်တဲ့အခါမှာ လူသားတွေအတွက် စားနပ်ရိက္ခာထုတ်လုပ်နိုင်မယ့် နည်းလမ်းတွေကို စုပေါင်းဆွေးနွေးပြီး စာတမ်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်မှ ပါမောက္ခ ဒေါက်တာကေလွင်ထွန်းက ပြောကြားသည်။

စာတမ်းဖတ်ပွဲသည် ကမ်းရိုးတန်းဒေသများကာကွယ်ရေးနှင့် ဒေသတွင်းထုတ်လုပ်မှုများအတွက် နိုင်ငံ၏အရေးပါဆုံး ဂေဟစနစ်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် လမုတောများ၏ အခြေအနေနှင့် စီမံခန့်ခွဲမှုအကြောင်းအရာများ၊ လမုတောဒေသကို အမှီသဟဲပြုနေရသူများ မွေးမြူရေးတရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်မှု စသည်တို့ကို ဆွေးနွေးတင်ပြရန် ရည်ရွယ်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ် အပါအဝင် စစ်တွေ၊ မြိတ်၊ ထားဝယ်၊ မော်လ မြိုင်နှင့် ပုသိမ်တက္ကသိုလ်တို့မှ ကမ်းရိုးတန်း ဒီရေတောနှင့် ဆက်စပ်သည့် ဘာသာရပ်ပညာရှင်များ၊ နိုင်ငံတကာပညာရှင်များ၊ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ပညာရှင်များက ငါးပုစွန်မွေးမြူရေးနှင့် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများ သဟဇာတရှိရှိ အပြန်အလှန်မှီခိုနေကြသည့် အကြောင်းအရာများ ပါဝင်သည့် စာတမ်း ၂၅ စောင်ကျော်ကို ဖတ်ကြားခြင်းနှင့် ဆွေးနွေးခြင်းများပြုသွားမည်ဖြစ်သည်။

စာတမ်းခေါင်းစဉ်များအဖြစ် ကမ်းရိုးတန်းဒေသများ၌ ဒီရေတောအရေးပါပုံ၊ ဒီရေတောများမှ မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များအား ကာကွယ်နိုင်မှု၊ ဒီရေတော၌ ပေါက်ရောက်သည့် အပင်နှင့် ရေသတ္တဝါအမျိုးအစားများ၊ ဒီရေတောဧရိယာအတွင်း ငါးပုစွန်မွေးမြူရေးနှင့် သားပေါက်ပွားနှုန်းအကြောင်းများဖြစ်ပြီး အဆိုပါ စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်ကျင်းပသည်။

စာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်နှင့် မြန်မာရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MYSAP)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးမင်းသူ**

# GAP အသိအမှတ်ပြုလက်မှတ်အွန်လိုင်းစနစ်ဖြင့်ဆောင်ရွက်ရန်လက်တွေ့အသုံးချမှုသင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၉**
ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့်စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြု လက်မှတ်လျှောက်ထားခြင်းကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် လက်တွေ့အသုံးချမှု သင်တန်းကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

'' တောင်သူတွေအနေနဲ့ GAP စနစ်နဲ့စိုက်မယ်ဆိုရင် ဈေးကွက်မှာ မျက်နှာပန်းလည်းလှတယ်။ ဈေးကောင်းလည်းရတယ်။ အွန်လိုင်းစနစ်နဲ့ GAP Certificate လိုချင်ပါတယ် ဆိုရင် စိုက်ပျိုးတဲ့သူက ကျွန်တော်တို့ဌာနကို ပုံစံနဲ့ လျှောက်လို့ရတယ်။ ပြီးရင် GAP မှာသတ်မှတ်ထားတဲ့ အချက် ၁၆ ချက်အတိုင်း စိုက်ရမှာဖြစ်ပါတယ်။ စိုက်တဲ့မြေကို ဌာနက စစ်ဆေးပေးတယ်။ သီးနှံထွက်တဲ့အထိ စနစ်တကျ မှတ်တမ်းထားပြီး နောက်ဆုံး အစားအစာ ဘေးကင်းလုံခြုံရေးကို စိုက်ပျိုးသူက လိုက်နာရတာ ဖြစ်ပါတယ်“ ဟု ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်က ပြောသည်။

တောင်သူများအနေဖြင့်(GAP)အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်းအား အွန်လိုင်းမှ လျှောက်ထားရာတွင် ၎င်းတို့၏ လက်ကိုင်ဖုန်းများမှတစ်ဆင့်စိုက်ပျိုးရေးဦးစီးဌာန၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP ဖြင့် စိုက်ပျိုးထုတ်လုပ်သူများ ပိုမိုများပြားလာစေရန် တောင်သူလယ်သမားများကို သင်တန်းများပေးခြင်း၊ စာပြကွက်ဖော်ထုတ်ပေးခြင်း၊ လက်မှတ်များထုတ်ပေးခြင်းတို့အပြင် ယခုအခါ အွန်လိုင်းစနစ်ဖြင့် GAP လက်မှတ်လျှောက်ထားခြင်းကိုပါ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်သည် အစားအစာဘေးကင်းလုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အရည်အသွေးရှိသည့် ဟင်းသီးဟင်းရွက် အသီးအနှံ အစားအစာများ ထုတ်လုပ်နိုင်ရေး နှင့် လုပ်သားများ၏ ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေးစသည့်ကဏ္ဍကြီးလေးခုအပေါ်တွင်အခြေခံကာစတင်စိုက်ပျိုးသည့်အချိန်မှစ၍ စားသုံးသူထံရောက်ရှိသည့်အချိန်အထိလိုက်နာရန် အချက် ၁၆ ချက်ပါရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့်သင်တန်းတွင်GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ GAP စနစ်ကို ပိုမိုကျင့်သုံး နိုင်ရေးတို့အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးပို့ချခဲ့ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စစ်ဆေးသူ ၅၈ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ **စိမ်းခက်**

# လဂွမ်းပြင် ရေပေးဝေရေးစီမံကိန်းမှ တစ်နေ့ ရေဂါလန်သန်း ၄၀ ဖြည့်ဆည်းပေးမည်

**ရန်ကုန် နိုဝင်ဘာ၂၉**
ရန်ကုန်တိုင်းဒေသကြီး စည်ပင်နယ်နိမိတ် မြို့နယ် ၃၃ ခုကို နေ့စဉ်ရေဂါလန် ၂၀၅ သန်း ဖြန့်ဝေပေးနေပြီး ထပ်မံ၍ တစ်ရက်ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည့် လဂွမ်းပြင် စီမံကိန်းသည် ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ လဂွမ်းပြင်ရေပေးဝေရေးစီမံကိန်းကနေ တစ်ရက် ရေဂါလန်သန်း ၄၀ ကို ၂၀၂၂ ခုနှစ်မှာ စတင်ဖြန့်ဝေပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လက်ရှိကတော့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေတာ ၇၀ ရာခိုင်နှုန်းတော့ပြီးစီးလာပြီပေါ့"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့ ခေတ္တဒုတိယညွှန်ကြားရေးမှူး ဦးသန်းဟန်က ပြောသည်။

လဂွမ်းပြင်ရေပေးဝေရေးစီမံကိန်းပြီးစီးလျှင် သီလဝါအထူးစီးပွားရေးဇုန်၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့ကို အဓိကဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဒေါပုံနှင့် သာကေတမြို့နယ်များသို့လည်း ထပ်မံဖြည့်ဆည်းပေးဝေမည်ဖြစ်သည်။

ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်သို့ အချိန်ပိုင်း အလှည့်ကျအနေဖြင့် ရေဖြန့်ဝေပေးလျက်ရှိသည်။ ဂျိုးဖြူကန်၊ လှော်ကားကန်၊ ဖူးကြီးကန်နှင့်ဆည်မြောင်းဦးစီးဌာနပိုင် ငမိုးရိပ်ကန်တို့မှ နေ့စဉ် ရေဂါလန် ၂၀၅ သန်းကို ဖြန့်ဝေပေးနေသည်။

လက်ရှိတွင်လည်း ကုက္ကိုလ်ဝ ရေပေးဝေရေး စီမံကိန်းအတွက် ဒီဇိုင်းများရေးဆွဲနေပြီး ထိုစီမံကိန်းကို JICA ODA ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းစီမံကိန်းတွင် ဇုန် (၁) နှင့် ဇုန် (၉ )နှစ်ပိုင်းခွဲကာ ရေပေးဝေမည်ဖြစ်သည်။ ဇုန် (၁) သည် ရန်ကုန်မြို့ Downtown ခြောက်မြို့နယ်နှင့် အလုံ၊ စမ်းချောင်းမြို့နယ်များ ပါဝင်ပြီး ဇုန် (၉) သည် လှိုင်သာယာမြို့နယ်တို့ပါဝင်သည်။

ယင်းစီမံကိန်းမှ တစ်ရက်လျှင် ရေဂါလန်သန်း ၆၀ ပေးဝေသွားမည်ဖြစ်ကြောင်းသိရသည်။ ထိုစီမံကိန်းကို ၂၀၂၅ ခုနှစ်အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ မှသိရသည်။ **မြင့်မောင်စိုး**

# ပန်းဆိုးတန်း-ဒလ ပြေးဆွဲသည့်ချယ်ရီသင်္ဘောဖြင့် နေ့စဉ်ခရီးသည် ၂၆၀၀၀ ခန့် ပို့ဆောင်ပေးနေ



**ရန်ကုန် နိုဝင်ဘာ ၂၉**
ရန်ကုန်မြို့၏တစ်ဖက်ကမ်းတွင် တည်ရှိသည့် ဒလမြို့နယ်ဘက်ခြမ်းသို့ ချယ်ရီကူးတို့ဖြင့် နေ့စဉ်ခရီးသည် ၂၆၀၀၀ ခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

“ကျွန်တော်တို့ရဲ့ ပန်းဆိုးတန်း-ဒလ ကူးတို့လုပ်ငန်းက မနက် ၅ နာရီကနေ ည ၉ နာရီခွဲအထိရှိပြီး ခရီးစဉ်အခေါက်ရေ ၄၆ ခေါက်ကို သင်္ဘောနှစ်စင်းနဲ့ ခရီးသည်တွေ၊ ကုန်စည်တွေကို ပို့ဆောင်ပေးလျက်ရှိပါတယ်၊ သာမန်ရက်တွေမှာ တော့ ခရီးသည် ၂၆၀၀၀ ခန့်သွားလာလျက်ရှိပြီး နေ့ကြီးရက်ကြီးတွေမှာဆိုရင်တော့ ခရီးသည်ဦးရေ ၂၈၀၀၀ ခန့်လိုက်ပါစီးနင်းကြပါတယ်”ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။

ဒလမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်းရှိမြို့နယ်များဖြစ်သော တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့နှင့် တစ်ဆက်တည်းတွင်တည်ရှိနေပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် မအူပင်မြို့နယ်များသို့လည်း တစ်ဆက်တည်းလမ်းပေါက်သည့်အတွက်ကြောင့် အချက်အချာကျသည့်မြို့နယ်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းအပြင်အချက်အချာကျသည့်ဒလမြို့နယ်ဘက်အခြမ်းသို့ လူကူး ကူးတို့တင်မဟုတ်ဘဲ ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့စေမည့် ကားကူး ကူးတို့များဖြင့်ပါ မော်တော်ယာဉ်များအား ရန်ကုန်မြို့ဘက်အခြမ်းဖြစ်သော ဝါးတန်းဆိပ်ကမ်းမှတစ်ဆင့် ဒလဘက်အခြမ်းသို့ သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်းလည်း သိရသည်။

“ကားကူးတဲ့ ဇက်ကတော့ မနက် ၆ နာရီကနေ ည ၇ နာရီအထိရှိပါတယ်၊ ကားများလို့ရှိရင် လည်း ည ၈ နာရီအထိ ပြေးဆွဲပေးပါတယ်၊ ကားအစီးရေနဲ့ပြောရမယ်ဆိုရင်တော့ ကားအစီးရေ ၆၇၀ ကနေ ၇၀၀ နီးပါးလောက် နေ့စဉ်သယ်ဆောင်ပေးလျက်ရှိပါတယ်၊ ဇက်အစင်းရေစုစုပေါင်း သုံးစင်းရှိပြီး နှစ်စင်းနဲ့ အသွားအပြန်ပြေးဆွဲပေးလျက်ရှိတာပေါ့၊ အခုဆိုရင်ဒလတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို ဖြတ်သန်းသွားလာနေရတာမို့ဖြစ်နိုင်မယ်ဆိုရင် ဒလတံတားစီမံကိန်းလုပ်ငန်းရဲ့ အထက်ဘက်ဖြစ်တဲ့ ဝါးတန်းရဲ့ မျက်နှာချင်းဆိုင်လောက်မှာ ဇက်ယာဉ်ဆင်းမယ့်လမ်းကို လုပ်ပေးနိုင်ရင် တံတားလုပ်ငန်းခွင်ကိုလည်းဖြတ်သန်းသွားစရာမလိုတော့ဘူးပေါ့၊ ခရီးသည်ရော၊ ကားရော၊ မော်တော်ယာဉ်တွေအတွက်ပါ လုံခြုံမှုရှိပြီး ဘေးအန္တရာယ်ကင်းရှင်းစေမှာလည်းဖြစ်ပါတယ်”ဟု ဦးသိန်းမြင့်က ဆက်လက်ပြောသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်နှင့်ရန်ကုန်သို့ လေ့လာရေးခရီး လာရောက်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်အတူ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်နှင့် ရန်ကုန်လေ့လာရေးခရီးစဉ်အတွင်းရရှိသော ဒေသန္တရဗဟုသုတများကို နမူနာယူ၍ နေထိုင်ရာဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်လိုပါကြောင်း၊ တိုင်းရင်းသားများ အခွင့်အရေးများရရှိရေးနှင့် စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များကို တိုင်းဒေသကြီးရှိ ညွှန်ကြားရေးမှူးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အပါအဝင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအဖွဲ့များမှ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတို့သည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို လက်တွဲဆောင်ရွက်နေသည့် မိတ်ဖက်အင်အားများ ဖြစ်ကြသဖြင့် စုစည်း၍ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသည့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ရေးပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာ၌ ကြုံတွေ့ရမည့် အခက်အခဲများ စိန်ခေါ်မှုများနှင့် ပြဿနာများကို သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ သင်ပုန်းချေစိတ်များမွေးမြူ၍ ငြိမ်းချမ်းရေး စကားဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြသည့် ယဉ်ကျေးမှုကို လိုက်နာကျင့်သုံးပြီး ဒေသတွင်းငြိမ်းချမ်းရေးမှသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလမ်းစဉ် ရှေ့တိုး ဆောင်ရွက်မှုအပေါ် အကျိုးပြုနိုင်မည်ဖြစ်ပါသဖြင့် တိုင်းရင်းသားများက ပြည်ထောင်စုကြီး ထာဝရအစဉ်တည်မြဲအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်တို့တွင် နေထိုင်ကြသော တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးကြစေရန် ဆုံတွေ့ပေးခြင်းဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုများအပါအဝင် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အချိတ်အဆက်မိမိ ဖော်ဆောင်နိုင်ရေးနှင့် နိုင်ငံတော်တွင် ဆောင်ရွက်နေသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ပါဝင်နိုင်ရေး ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး ဒေါ်တိုးတိုးသူတို့က စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တို့အား ဂုဏ်ပြုပန်းစည်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လေ့လာရေးအဖွဲ့ ကိုယ်စားလှယ်များက ဂါရဝပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ် သျှမ်းနီတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားလှယ် ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမန်းစန်းဝင်းတို့က ကျေးဇူးတင်စကား ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ နှစ်ဖွဲ့မှ ကိုယ်စားလှယ် ၅၁ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ သုံးဖွဲ့မှ ကိုယ်စားလှယ် ၅၀ စုစုပေါင်း ၁၀၁ ဦး ပါဝင်သော တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီ၊ လွှတ်တော်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက်၊ ရေပန်းဥယျာဉ်၊ Junction ဈေးဝယ်စင်တာနှင့် ငလိုက်ဆည်ဆင်စခန်းသို့ နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ လေ့လာခဲ့ကြပြီး နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ရင်ပြင်၊ ရွှေတိဂုံဘုရား၊ ကန်တော်ကြီးပန်းခြံနှင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးအဖွဲ့များနှင့်အတူ ညစာသုံးဆောင်ကြပြီး ညစာသုံးဆောင်စဉ် တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ယဉ်ကျေးမှုအကအဖွဲ့များက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ လေ့လာရေးခရီးစဉ်ကို တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီးတွေ့ဆုံကာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်၍ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားလာစေပြီး ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာလာစေရန် အပါအဝင် ဒေသတွင်းဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးရရှိရေးနှင့် တည်တံ့ခိုင်မြဲစေရေး၊ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေမှု၌ စုပေါင်းအင်အားဖြင့် ဖြေရှင်းနိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရှစ်ဖွဲ့နှင့် ရခိုင်ပြည်နယ်မှ ခုနစ်ဖွဲ့တို့ကို ပထမအကြိမ် အဖြစ်လည်းကောင်း၊ ကချင်ပြည်နယ်မှ သုံးဖွဲ့နှင့် တနင်္သာရီတိုင်းဒေသကြီးမှ လေးဖွဲ့တို့ကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ကယားပြည်နယ်မှ ၁၃ ဖွဲ့၊ ချင်းပြည်နယ်မှ ၁၃ ဖွဲ့တို့ကို တတိယအကြိမ်အဖြစ်လည်းကောင်း ခရီးစဉ်စီစဉ်ပေးခဲ့ပြီး ယခု စတုတ္ထအကြိမ်၌ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးဖွဲ့ဖြစ်ပြီး လေ့လာရေးခရီးစဉ် လေးကြိမ်တွင် တိုင်းရင်းသားစုစုပေါင်း ၃၈၄ ဦးတို့ကို တွေ့ဆုံနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း တာမွေယာယီဈေး အဆင့်မြှင့်တင် တည်ဆောက်မှုနှင့်ပတ်သက်ပြီး ဈေးသူဈေးသားများနှင့် တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ တာမွေယာယီဈေး အဆင့်မြှင့်တင်တည်ဆောက်မှုနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် ဈေးသူ ဈေးသားများ တွေ့ဆုံပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ပြုလုပ်သည်။

**ဝင်ငွေရရှိရန်လုပ်ဆောင်**

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ရန်ကုန်မြို့တွင် ဈေးပေါင်း ၁၈၀ ကျော်ရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ ဈေးအားလုံးကို နိုင်ငံတော်အစိုးရကိုယ်စားပြုပြီး မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိပြီး ပိုင်ဆိုင်ခြင်းဖြစ်ပါကြောင်း၊ ဈေးများတွင် ရောင်းချနေသူအားလုံး အငှားချထားခြင်းဖြစ်ပါကြောင်း၊ အပိုင်ပေးထားခြင်း၊ အပြောက်ရောင်းထားခြင်းမဟုတ်ပါကြောင်း၊ ဈေးများနှင့်ပတ်သက်ပြီး ဥပဒေရှိပါကြောင်း၊ ဥပဒေနှင့်ပတ်သက်ပြီး ဈေးသူ ဈေးသားများ၊ ဈေးအုပ်ချုပ်သူများအနေဖြင့်ပါ လိုက်နာရန်လိုအပ်ကြောင်း၊ ရန်ကုန်မြို့ရှိ ဈေးအားလုံးကို ရှော့ပင်းမောလ်ကြီးများကဲ့သို့ ပြင်ဆင်ဆောင်ရွက်ရန် စီစဉ်နေပါကြောင်း၊ နိုင်ငံတော်အတွက် ဈေးများမှ ထိုက်တန်သည့် အကျိုးအမြတ်ရရှိမှုနည်းပါးနေသည့်အတွက် ဝင်ငွေရရှိရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဈေးသူဈေးသားများ ကိုယ်စား ကိုယ်စားလှယ်ငါးဦးက အသစ်တည်ဆောက်မည့် တာမွေဈေးပုံစံအား ဈေးသူ ဈေးသားများနှင့် သဘောတူညီမှုရရှိပြီးမှသာ ယာယီဈေးတည်ဆောက်ခြင်း၊ ဈေးသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန် တာမွေဈေးသူ ဈေးသားများ လက်မှတ်ရေးထိုးထားသည့်အချက် ရှစ်ချက်ပါ တောင်းဆိုချက်အား တင်ပြကြသည်။



ယင်းနောက် ဈေးသူ ဈေးသားများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

တာမွေဈေးအဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များရယူခဲ့ပြီး စည်းကမ်းချက်များနှင့်အညီ ဒီဇိုင်းရေးဆွဲခဲ့ကြောင်း ယနေ့တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ရန်ကုန်မြို့တွင် ဈေးပေါင်း ၁၈၃ ခု၊ ဆိုင်ခန်းပေါင်း ခြောက်သောင်းကျော်ရှိပြီး အဆိုပါ ဈေးများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲကာ ဆိုင်ခန်းများ အငှားချထားစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း ဈေးများဌာနမှ သိရသည်။

**ဥပဒေပြဋ္ဌာန်းထား**

၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအခန်း(၂၁) ဈေးများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ပုဒ်မ ၁၈၄ တွင် ကော်မတီသည် ဈေးသစ်ဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်တိုးချဲ့ခြင်း၊ ဆိုင်ခန်းအငှားချထားခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပိတ်သိမ်းခြင်း၊ ဆိုင်ခန်းအငှားချထားခြင်းကို ရပ်စဲပြီး ပြန်လည်ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟု ဥပဒေပြဋ္ဌာန်းထားကြောင်း သိရသည်။

အဆိုပါ တာမွေယာယီဈေး တည်ဆောက်မည့် မြေဧရိယာသည် ၃ ဒသမ ၇၉၂ ဧက ဖြစ်ပြီး တည်ဆောက်မည့် အဆောက်အအုံမှာ ငါးထပ် အဆောက်အအုံ၊ ကားပါကင်များပါဝင်သည့် အထပ်များ၊ Shop House များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ တာမွေဈေး စီမံကိန်းသည် Yangon Project Bank တွင် ထည့်သွင်းထားသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးများဌာနမှ တာဝန်ရှိသူများ၊ တာမွေယာယီဈေးမှ ဈေးသူဈေးသားများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်း-မင်းသစ်၊ သီသီမင်း**
**ဓာတ်ပုံ-နေလင်း**

# ထို့ကော်ကိုးဗဟိုဌာနချုပ်သို့ လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်



**ကော့ကရိတ် နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ကော့ကရိတ်မြို့ အမှတ်(ဆွယ်)စက်မှုလယ်ယာစခန်း ကေအင်န်ယူ-ကေအင်န်အယ်လ်အေ (PC) ထို့ကော်ကိုးဗဟိုဌာနချုပ်သို့ လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က အမှတ်(ဆွယ်) စက်မှုလယ်ယာစခန်း ကော့ကရိတ်မြို့ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စက်မှု လယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဘိုဘိုမောင်က လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးနှင့် တပ်ဖွဲ့ဝင်မိသားစုများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကုန်သက်သာစေရန်၊ အဆိုပါစက်ပစ္စည်းများ ချွတ်ယွင်းမှုရှိပါက မိမိတို့ဦးစီးဌာနက ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထို့ကော်ကိုးဗဟိုဌာနချုပ်သို့ လွှဲပြောင်းပေးအပ်မည့် စက်ပစ္စည်း စာရွက်စာတမ်းများကို ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဘိုဘိုမောင်က ပေးအပ်ခဲ့ရာ ထို့ကော်ကိုး ဗဟိုဌာနချုပ်ကိုယ်စား စိုက်ပျိုးရေးတာဝန်ခံ ဦးစောစိုးဝင်းက လက်ခံရယူခဲ့သည်။

ထို့နောက် ထို့ကော်ကိုးဗဟိုဌာနချုပ် စိုက်ပျိုးရေးတာဝန်ခံ ဦးစောစိုးဝင်းက လယ်ယာသုံးစက်ပစ္စည်းများ လွှဲပြောင်း ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ပေးအပ်သည့် လယ်ယာ-၂၂ အမျိုးအစား မြေပြင်ဆင်ရေး ဆောင်ရွက်သည့် စက်နှစ်စီးအား ကြည့်ရှုခဲ့သည်။ **စိုးထက်အောင်(ပြန်/ဆက်)**

---

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲကို အမှတ်(၁) ရပ်ကွက် အ.လ.က(မြောက်ကုန်း) ၌ နိုဝင်ဘာ ၂၈ ရက်က ကျင်းပရာ အမှတ်(၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲအုပ် ခင်မောင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ရှင်းလင်းဟောပြောစဉ်။

**စိန်ကျော်**





အပြည်ပြည်ဆိုင်ရာ မသန်စွမ်းနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုဝင်ဘာ ၂၈ ရက်က မိုးညှင်းမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မသန်စွမ်းသူများအဖွဲ့လိုက်လမ်းလျှောက်ခြင်းနှင့် ဝှီးချဲစီး၍ စွမ်းရည်ပြစဉ်။

**နီတိုး**

---

## နွားထိုးကြီးမြို့နယ် ဝက်လူးဓာတ်အားခွဲရုံသို့ ဓာတ်အားလွှတ်

**နွားထိုးကြီး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူး စံပြကျေးရွာတွင် အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းကို မီးလင်းနိုင်ရေးအတွက် နိုဝင်ဘာ ၂၆ ရက် ၁၀နာရီခွဲက ၃၃ ကေဗွီ ဓာတ်အားလိုင်း ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ဓာတ်အား စတင်ပို့လွှတ်လိုက်ကြောင်း သိရသည်။

ဝက်လူးကျေးရွာ ဓာတ်အားခွဲရုံမှ ဖီတာ(၁) မှ ၁၄ ရွာ၊ ဖီတာ (၂) မှ ၁၂ ရွာ ဆက်လက်မီးပေးနိုင်မည်ဖြစ် ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်၌ ကျေးရွာ ၁၈၈ ရွာအနက် ၁၄၂ ရွာ မီးလင်းပြီဖြစ်ကြောင်း၊ ၂၀၁၉ ဒီဇင်ဘာလကုန်တွင် ရာခိုင်နှုန်းပြည့် မီးလင်းရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

---

# မန္တလေးမြို့တွင် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးမြို့တွင် အမှတ်(၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့က ဦးဆောင်၍ အလှူရှင်များ၏ ပံ့ပိုးလှူဒါန်းမှုဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပြည့်စုံခြင်း ရှိ-မရှိကို စစ်ဆေးကာ သတ်မှတ်စည်းကမ်းချက်များနှင့် ပြည့်စုံသူများအား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ်မှ ရဲအုပ်အေးဇော်ဝမ်းက ပြောသည်။

ထို့ပြင် ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်းသည့် မျိုးသိန်းအီလက်ထရွန်နစ်လုပ်ငန်းမှ အလှူရှင် ဦးမျိုးသိန်းကလည်း "ဆိုင်ကယ်စီးနင်းသူတွေ ဦးထုပ်ဆောင်းခြင်းဖြင့်အသက်အန္တရာယ်ကိုကာကွယ်နိုင်စေဖို့ ရည်ရွယ်ပြီး တရုတ်နိုင်ငံထုတ် ဆိုင်ကယ်စီးဦးထုပ်အလုံးရေတစ်သောင်းကို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့ပေါင်း ၄၀ အတွက် လှူဒါန်းခြင်းဖြစ်ပါတယ်။ မန္တလေးမြို့မှာတော့ အလုံးရေ ၆၀၀ ကို လူသွားလာမှု အများဆုံးလမ်းတွေနဲ့ စာသင်ကျောင်းတွေမှာ အသိပညာပေးမှုတွေနဲ့အတူ အခမဲ့ဖြန့်ဝေလှူဒါန်းသွားမှာပါ "ဟု ပြောကြားသည်။

အဆိုပါ ဆိုင်ကယ်စီးဦးထုပ် အခမဲ့ဖြန့်ဝေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းကို နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ မန္တလေးခရိုင်အတွင်း မြို့နယ်အလိုက် အလှည့်ကျဆောင်ရွက်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

---

## သတင်းစုံကဏ္ဍ

### သံဃနာယကနှင့်ဝိနည်းဓိုရ် သင်တန်းဆင်းလက်မှတ်ဆက်ကပ်

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းလက်မှတ် ဆက်ကပ်သည့်အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီက ရွာဘဲတောင်ပေါ်ကျောင်း သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက သင်တန်းတက်ရောက်ခဲ့သည့် ဂိုဏ်းပေါင်းစုံမှ ဆရာတော်၊ သံဃာတော်များအနေဖြင့် မိမိမြို့နယ်အသီးသီးတွင် ဆင့်ပွားသင်တန်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးစားပေးစေလိုကြောင်း မိန့်ကြားပြီး သင်တန်းဆင်းလက်မှတ်များအားဆက်ကပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

### ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံ

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း အသက်ကိုးလမှ ငါးနှစ်ခွဲအောက်ကလေးငယ်များအား နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင်ကလေးငယ် ၁၇၇၂၅ ဦးအား ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံပေးနိုင်ခဲ့ကြောင်း ညောင်ဦးမြို့နယ်လက်ထောက် ကျန်းမာရေးမှူး ဦးမြလွင်ထံမှ သိရသည်။

**ကိုထိန် (ငါ့သရောက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီမှစ၍ အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းစီမံချက်အရ ရပ်ကွက်အတွင်းရှိ အသက်ကိုးလမှ အသက်ငါးနှစ်ခွဲအရွယ်ကလေးများအား ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ စောရန်ပိုင်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပူးပေါင်းပါဝင်ကူညီပေးကြကြောင်း သိရသည်။

**မောင်မောင် (လှျပ်စစ်)**

### စည်းကမ်းမဲ့လွှတ်ထားသည့်ကျွဲ၊ နွားပိုင်ရှင်များအားအရေးယူ

**မိုဝိုင်းလွတ်**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် မိုဝိုင်းလွတ်မြို့တွင် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျွဲ၊ နွားများအား စနစ်တကျမွေးမြူထိန်းကျောင်းရန် မြို့စည်ပင်သာယာရေးအဖွဲ့မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည်။

ကျွဲ၊ နွားများအား စည်းကမ်းမဲ့စွာ လွှတ်ထား ခြင်းကြောင့် အများပြည်သူများ စိုက်ပျိုးထားသည့် သီးနှံများကိုဖျက်ဆီးခြင်း၊ ခြံစည်းရိုးများဖျက်ဆီးခြင်း၊ လမ်းမများတွင် အညစ်အကြေးစွန့်ထားခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ စည်းကမ်းမဲ့စွာလွှတ်ထားသော ကျွဲ၊ နွားများ တွေ့ရှိရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၈၈ ဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်းခွီရှိန်း (ပြန်/ဆက်)**

---



နိုဝင်ဘာ ၂၈ ရက်က မကွေးတိုင်းဒေသကြီး ရှမ်းစုကျေးရွာ အ.မ.က ၌ စလင်းရဲတပ်ဖွဲ့ လင်းဇင်းရဲစခန်းမှူးနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းလွင်သည် ကလေးသူငယ်များ ခိုးယူမခံရရေး အသိပညာပေးဟောပြောစဉ်။ **စစ်ကြည်(စလင်း)**

○ ကျောဖုံးမှ

မြန်မာယူ-၂၂ အသင်းသည် ဆန်းဆက်နိုင်(ဂိုး)၊ ဝင်းမိုးကျော်၊ ရဲရင့်အောင်၊ ရဲမင်းသူ၊ အောင်ဝဏ္ဏစိုး၊ အောင်နိုင်ဝင်း၊ လွင်မိုးအောင်၊ လှိုင်းဘိုဘို၊ မြတ်ကောင်းခန့်၊ အောင်ကောင်းမာန်၊ ထက်ဖြိုးဝေတို့ဖြင့် ပွဲထွက်ခဲ့ပြီး ယခင် နှစ်ပွဲတွင် ပွဲထွက်ခွင့်ရခဲ့သည့် စိုးမိုးကျော်မှာ ဒဏ်ရာပြဿနာရှိနေသောကြောင့် ဝင်းမိုးကျော်နှင့် ပြောင်းလဲအသုံးပြုခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း၏ ပထမပိုင်းကစားပုံမှာ တီမောလက်စ်တေထက် ကောင်းမွန်ခဲ့သော်လည်း ခံစစ်မှာ လိုအပ်ချက်များရှိနေသည့်အပြင် တိုက်စစ်မှာလည်း ဂိုးသွင်းခွင့်များစွာဖန်တီးနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ရဂိုးနည်းနေခြင်းဖြစ်သည်။

မြန်မာအသင်းသည် ၁၀ မိနစ်တွင် အဖွင့်ဂိုးရခဲ့ပြီး အောင်ကောင်းမာန်က သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းပွဲက ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ထက်ဖြိုးဝေက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ခံစစ်ကစားပုံမှာ အားနည်းမှုများရှိခဲ့ပြီး တီမောလက်စ်တေအသင်းက အသုံးချကာ မိနစ် ၄၀ တွင် မာစကွီတာက ဂိုးပြန်သွင်းခဲ့သည်။ ဂိုးပြတ်အနိုင်ရရန် လိုအပ်နေသည့် မြန်မာအသင်းသည် မထင်မှတ်ဘဲ ဂိုးပြန်ပေးလိုက်ရသောကြောင့် ဒုတိယပိုင်းတွင် ဆက်လက်ရုန်းကန်ခဲ့ရပြီး တစ်ဂိုးသာထပ်မံသွင်းယူနိုင်ခဲ့သည်။

မြန်မာအသင်းအတွက် တတိယဂိုးကို ၅၃ မိနစ်တွင် အသင်းခေါင်းဆောင် လှိုင်းဘိုဘိုက ထောင့်ကန်ဘောမှ တစ်ဆင့်သွင်းယူခဲ့သည်။ နည်းပြ ပိုပေါ့ဗ်သည် ဂိုးထပ်မံရရှိရေးအတွက် ဝင်းနိုင်ထွန်း၊ စည်သူအောင်နှင့် စိုးလွင်လွင်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။

မြန်မာအသင်းသည် ယင်းနောက်ပိုင်းတွင် ဖိကစားနိုင်သည့်အပြင် ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများ ထပ်ရခဲ့သော်လည်း လှိုင်းဘိုဘို၊ စည်သူအောင်၊ လွင်မိုးအောင်နှင့် ဝင်းနိုင်ထွန်းတို့၏ ဂိုးသွင်းယူမှုများလွဲချော်ခဲ့၍ သုံးဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် သုံးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ရထားပြီး နောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၂ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်



မြန်မာအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မနီလာ)



# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အဖွဲ့ မြန်မာနှင့် တီမောလက်စ်တေအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး

**မနီလာ နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ Clark City ရှိ Quest Hotel ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်၍ ကော်မတီအစည်းအဝေးများမှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။ ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် (၃၁)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် တင်ပြခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အဖွဲ့သည် နယူးကလာ့ခ်စီးတီးရှိအားကစားရွာတွင် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ Arnis အားကစားအဖွဲ့အား တွေ့ဆုံကာ အားပေးစကားများပြောကြားပြီး အားကစားရွာအတွင်း တည်ဆောက်ထားရှိသည့် အားကစားသမားများ တည်းခိုနေထိုင်မည့် အဆောက်အအုံများ၏ အခြေအနေများ၊ အပန်းဖြေကစားကွင်း၊ ရေကူးကန်နှင့် စားသောက်ခန်းများ ထားရှိမှုအနေအထားများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် မနီလာမြို့ရှိ ရီဇယ်အမှတ်တရဘောလုံးကွင်း၌ ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် မြန်မာယူ-၂၂ အသင်းနှင့် တီမောလက်စ်တေယူ-၂၂အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲတွင် မြန်မာယူ-၂၂အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် မြန်မာအားကစားသမားများ၊ မြန်မာပရိသတ်များ၊ မြန်မာအသင်းမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

ကြည်စိုးလင်း

## အနုပညာ

# စီအယ်လ်ရဲ့ တေးအယ်လ်ဘမ်သစ် ဒီဇင်ဘာလအစပိုင်းတွင် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ စီအယ်လ်ရဲ့ တေးအယ်လ်ဘမ်သစ် In The Name Of Love ကို လာမယ့် ဒီဇင်ဘာ ၄ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာ ဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

In The Name Of Love ဟာ စီအယ်လ်အနေနဲ့ ဝိုင်ဂျီအင်တာတိန်းမန့်နဲ့ လမ်းခွဲပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်တဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်မှာ တေးသီချင်းစုစုပေါင်းခြောက်ပုဒ်ပါဝင်ပါတယ်။ လာမယ့်ဒီဇင်ဘာ ၄ ရက်မှာ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းနှစ်ပုဒ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး သီတင်းပတ်တိုင်းမှာ တေးသီချင်း နှစ်ပုဒ်စီထုတ်လွှင့်သွားမှာပါ။ ဒါကြောင့် တေးသီချင်းခြောက်ပုဒ်ကို သီတင်းပတ် သုံးပတ်အတွင်း အပြီးထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေထဲက ခေါင်းစီးတေးဖြစ်တဲ့ In The Name Of Love ရဲ့ စာသားတွေကို နိုဝင်ဘာ ၂၉ ရက်မှာ တရားဝင်ရေးသားဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါတေးအယ်လ်ဘမ်မှာပါဝင်မယ့် အခြားသောတေးသီချင်းတွေရဲ့အမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသလို ဘယ်လိုတေးသီချင်းအမျိုးအစားတွေဖြစ်တယ်ဆိုတာကိုလည်း ပရိသတ်တွေကို အသိပေးခဲ့ခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

စီအယ်လ်ဟာ တေးသီချင်းသစ်နဲ့အတူ ယခုလအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားခဲ့ပေမယ့် ကေပေါ့ပ်ကြယ်ပွင့် ဂိုဟာရာ ရုတ်တရက်ကွယ်လွန်ခဲ့တာကြောင့် ဝမ်းနည်းကြောင်း ဖော်ပြတဲ့အနေနဲ့ တေးသီချင်းသစ်ထုတ်လွှင့်မှုကို ရွှေ့ဆိုင်းခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

# BLACK PINK ၏ တေးအယ်လ်ဘမ်သစ် လာမည့်နှစ်အတွင်း ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ မကြာမီမှာ ပရိသတ်ရှေ့ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်ကို ၂၀၂၀ ပြည့်နှစ်အစောပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်း လတ်တလောမှာ အေဂျင်စီက ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၂၉ ရက်မှာ ဒေသတွင်းမီဒီယာတစ်ခုက BLACK PINK ရဲ့ တေးအယ်လ်ဘမ်သစ် မကြာမီထွက်ရှိမှာဖြစ်ကြောင်း သတင်းရေးသားဖော်ပြခဲ့ရာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အဆိုပါသတင်းမှန်ကန်ကြောင်းနဲ့ BLACK PINK ဟာ တေးအယ်လ်ဘမ်သစ်ကို ၂၀၂၀ ပြည့်နှစ်အစပိုင်းမှာ စတင်ထုတ်လွှင့်မှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ BLACK PINK အဖွဲ့ဝင်တွေဟာ လတ်တလောမှာ တေးသီချင်းသစ်တွေကို ဖန်တီးနေပြီး အသံသွင်းလုပ်ငန်းတွေကိုလည်း လုပ်ဆောင်နေပြီဖြစ်တယ်လို့ သိရပါတယ်။ တေးအယ်လ်ဘမ်သစ်ရဲ့အမည်နဲ့ ထွက်ရှိမယ့်နေ့ကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါဘူး။ တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက်အတွက် ဆုံးဖြတ်ချက်မချရသေးဘူးလို့လည်း အေဂျင်စီက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

# မိုင်ယာမီကို အလည်အပတ်ထွက်ခဲ့ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘီဘာ




ကနေဒါလူမျိုး ကမ္ဘာကျော် ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ ဇနီးဖြစ်သူ မော်ဒယ်လ် ဟေးလေးဘီဘာတို့ဟာ လတ်တလော ကျရောက်ခဲ့တဲ့ ကျေးဇူးတော်နေ့အားလပ်ရက်မှာ မိုင်ယာမီကမ်းခြေကို အတူအလည်အပတ်ထွက်ခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၂၈ ရက်မှာ ဖလော်ရီဒါမှာရှိတဲ့ မိုင်ယာမီကမ်းခြေမှာ ကြယ်ပွင့်စုံတွဲဟာ ကမ်းခြေမှာ အတူအပန်းဖြေခဲ့ကြပြီး ဓာတ်ပုံတွေလည်း အတူရိုက်ခဲ့ကြပါတယ်။ သူတို့နဲ့အတူ သူငယ်ချင်းတွေ၊ မိသားစုတွေလည်း အတူပါလာတာကို တွေ့ခဲ့ရပါတယ်။ မိသားစုတွေနဲ့အတူ စားသောက်ပွဲတွေလည်း ပြုလုပ်ခဲ့ကြပြီး မိုင်ယာမီကို အလည်မလာမီ ဟေးလေးဘီဘာရဲ့ ၂၃ နှစ်ပြည့် မွေးနေ့ကို ကြယ်ပွင့်စုံတွဲရဲ့ လော့စ်အန်ဂျလိစ် နေအိမ်မှာပင် ပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။

# ကလေးစာပေပွဲတော်(သာပေါင်း)ဖွင့်ပွဲကျင်းပ



**သာပေါင်း နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီးသာပေါင်းမြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက သာပေါင်း (အ.ထ.က) ကျောင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ကလေးငယ်များ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ပြီးရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်မှာဆောင်ရွက်ရမည့် အလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့်အလေ့အထကောင်းများရရှိစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝပြီး အနာဂတ်မှာ တိုင်းပြည်ကိုဦးဆောင်ဦးရွက်ပြုလာသူများ ဖြစ်လာစေရန်စသည့် ရည်ရွယ်ချက်များနှင့် ကလေးစာပေပွဲတော်ကိုကျင်းပပေးခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေဖို့ကြိုးပမ်းရာတွင် လူငယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်ကြောင်း၊ နည်းပညာမျိုးစုံ ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်ကာလမျိုးတွင် မိမိတို့၏ ကလေးငယ်များ၏ အတွေးအခေါ် အယူအဆများ၊ ပြုမူပြောဆိုမှုများ၊ မိမိတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုစရိုက်၊ယဉ်ကျေးမှုဓလေ့ အမွေအနှစ်တွေကနေ ယိမ်းယိုင်ပျက်ယွင်းစေမယ့် နည်းလမ်းတွေကို ကလေးများ အတုမယူမိစေဖို့နဲ့ ကလေးငယ်များ စာကြည့်တိုက်ဝန်းကျင်မှာမွေ့လျော်လာအောင်စည်းရုံးဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မူလွန်-ကညင်ချောင်းမှ ကျောင်းသား ကျောင်းသူလေးများက "အ-အက္ခရာ အောင်ပါစေ" သီချင်းနှင့် "လောကအားမာန်"သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကလေးစာပေပွဲတော်အတွင်းရှိ စာအုပ်စာပေပြပွဲ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ကလေးများ၏ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် စာအုပ်ဈေး ရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

အဆိုပါ ကလေးစာပေပွဲတော် (သာပေါင်း)ကို နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြော၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ၊ စက္ကူခေါက်၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများ၊ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များ အပြင် မီးသတ်၊ ကြက်ခြေနီ၊ သဘာဝဘေးစီမံခန့်ခွဲရေးပြခန်းများ၊World Vision နှင့် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (ပုသိမ်)ပြခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြခန်း၊ ပညာရေးပြခန်း၊ မူးယစ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပြခန်းများကို ပြသထားသည်။

**သတင်း – ခရိုင် (ပြန်/ဆက်)**
**ဓာတ်ပုံ – နေဝင်းမြင့်၊ နန်းထိုက်၊ မျိုးဇော်စိုး**

# စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာမှုစခန်းဖွင့်ပွဲနှင့် ပဲတီစိမ်းပညာပေး သင်တန်းဖွင့်လှစ်

**ကဝ နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အဒူးကျေးရွာ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်း ဖွင့်လှစ်ခြင်းနှင့် ပဲမျိုးစုံ (GAP+ GHP)သင်တန်းကို နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းတို့က အမှာစကား ပြောကြားကြသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက ပဲမျိုးစုံ(GAP+GHP) သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာမှုစခန်း (Agricultural Community Learning Center)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်မှ ဘာသာရပ်ဆိုင်ရာ ဆရာမများက ပဲမျိုးစုံ (GAP+GHP)သင်တန်းအား သင်ကြားပို့ချခဲ့ပြီး တောင်သူများ မေးမြန်းချက်အား ဖြေကြားခဲ့သည်။ **ကြေးမုံ**

# ဝမ်းပျက်ဝမ်းလျှောနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ကာကွယ်ဆေးများတိုက်ကျွေးခြင်းနှင့်ထိုးနှံခြင်းတို့ကို နိုင်ငံတစ်ဝန်းအခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ ဝမ်းပျက်ဝမ်းလျှောနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးခြင်းများကိုလည်း အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကာကွယ်ဆေးထိုးစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နိုင်ငံတော်အနေနဲ့ကာကွယ်ဆေး ၁၁ မျိုးကို အခမဲ့ထိုးနှံပေးလျက်ရှိပါတယ်။ ဇန်နဝါရီလမှာ ဝမ်းပျက်ဝမ်းလျှော ကာကွယ်ဆေးတိုက်ကျွေးသွားမှာဖြစ်ပါတယ်။ ၂၀၂၀ နှစ်လယ်လောက်မှာလည်း မိန်းကလေးငယ်တွေကို သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးပေးသွားမှာဖြစ်ပါတယ်။ ဒီကာကွယ်ဆေးနှစ်မျိုးနဲ့ပေါင်းရင် နိုင်ငံတော်က အခမဲ့ထိုးပေးတဲ့ကာကွယ်ဆေးဟာ ၁၃ မျိုး အထိရှိလာမှာ ဖြစ်ပါတယ်"ဟု အမျိုးသားအဆင့်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုင်ရာနည်းပညာအကြံပေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဒေါက်တာစောဝင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအဆင့် ဝက်သက်နှင့်ဂျိုက်သိုးအပိုဆောင်းထိုးနှံခြင်း အခမ်းအနားတွင် ဒေါက်တာစောဝင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်းဝက်သက်နှင့်ဂျိုက်သိုးအပိုဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို အသက်ကိုးလမှ ငါးနှစ်ခွဲကလေးများအား မြို့နယ်ပေါင်း ၁၃၄ မြို့နယ်တွင် ထိုးနှံပေးလျက်ရှိသည်။

လက်ရှိ ဝက်သက်နှင့် ဂျိုက်သိုးအပိုဆောင်းကာကွယ်ဆေးမထိုးနှံလိုက်ရသောသောကလေးများအနေဖြင့် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး ၉၈ ခုရှိကာကွယ်ဆေးထိုးဌာနသို့ လာရောက်ထိုးနှံကြရန် လိုအပ်ကြောင်း ဒေါက်တာစောဝင်းကထပ်လောင်း ပြောကြားသည်။

**မြင့်မောင်**

## သတင်းစုံကဏ္ဍ

### ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်း

**စစ်ကိုင်း ။** ။စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီမှစ၍ တင်းတိပ် အ.မ.က ကျောင်းနှင့်KID's Smileကိုယ်ပိုင်အထက်တန်းကျောင်းများသို့ သွားရောက်၍ စာအုပ်များ အခမဲ့ငှားရမ်းပေးခဲ့ကြသည်။

စစ်ကိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဒေါ်ဇူဇူအောင်ကလည်း " ရွှေ့လျားစာကြည့်ယာဉ်နဲ့ ရပ်ကွက်၊ ကျေးရွာပြည်သူတွေ၊ ကျောင်းတွေ၊ ဌာနဆိုင်ရာတွေကို နှစ်ပတ်တစ်ကြိမ် စာအုပ်အသစ်များနဲ့ လဲလှယ်ငှားရမ်းပေးနေပါတယ်။ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ အလှည့်ကျငှားရမ်းပေးသွားမှာပါ" ဟု ပြောကြားသည်။ **ဇော်မြင့်နိုင်(ခရိုင်ပြန်/ဆက်)**

### မီးဘေးသင့်သူများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှထောက်ပံ့

**ကျိုက်မရော ။** ။မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်ပရန်ကျေးရွာတွင် နိုဝင်ဘာ ၂၁ရက်က လျှပ်စစ်မီးအပူလွန်ကဲမှုကြောင့် လူနေအိမ် ၁၁လုံး မီးဘေးသင့်ခဲ့ရပြီး အိမ်ထောင်စုပေါင်း ၁၁ စုနှင့် လူဦးရေ ၇၄ ဦးတို့ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

အဆိုပါ မီးဘေးသင့်အိမ်ထောင်စုများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းလာသော အိမ်သုံးပစ္စည်းမျိုးစုံ တန်ဖိုးကျပ် ၅၅၀၀၀၀ အား နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ကျိုက်မရောမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်နှင့်တာဝန်ရှိသူများက မီးဘေးသင့် အိမ်ထောင်စုများထံသို့ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

### ကော့သောင်းမြို့ပေါ်ရပ်ကွက်ဆေးဆိုင်များအားစစ်ဆေး

**ကော့သောင်း ။** ။တနင်္သာရီတိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အတွင်းရေးမှူးဦးဆောင်သည့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် တားမြစ်ဆေးနှင့် ကြီးကြပ်ကန့်သတ်ဆေးများရောင်းချမှုမရှိစေရေး နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ပေါ်ရပ်ကွက်အိမ်သုံးဆေးအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးတွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရေးယူအပြစ်ပေးခံရနိုင်သည့်အခြေအနေများအား အသိပညာပေးဆွေးနွေးပြောကြားခြင်းစသည့်လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ **ကျော်စိုး(ကော့သောင်း)**

### ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပမည်

**ထားဝယ် ။** ။တနင်္သာရီတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကို ဒီဇင်ဘာလ အပတ်စဉ် (စနေနေ့)တိုင်း နံနက် ၅ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ အပြီးတွင် တိုင်းဒေသကြီး အားကစားကွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း Myanmar Fitness Dance၊ လွန်ဆွဲပွဲနှင့် အငယ်တန်းပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်(ခရိုင်ပြန်/ဆက်)**



တိုက်ကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၉) ယာဉ်ထိန်းရဲ ဒုတပ်ခွဲမှူး ရဲမှူးအောင်ကြီးနှင့် မျိုးသိန်းအီလက်ထရောနစ်တို့ ပူးပေါင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်းနှင့် ဆေးရုံလမ်းထောင့်တွင် ဆိုင်ကယ်စီးနင်းသူ ၁၅၀ အားဆိုင်ကယ်စီး ဦးထုပ်များ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
## အသက်(၉၇)နှစ်

ဒေါက်တာသန်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)-ဒေါ်ခင်ငွေး၊ စစ်ကျွန်းရွာနေ ဦးသောင်းမြ-(ဒေါ်ထွေးနု)၊ ဦးငွေးဝင်း (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့)-ဒေါ်ခင်ခင်ဆွေတို့၏ မိခင် ဒေါ်စံသည် ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော် (ဒုတိယဝန်ကြီး)နှင့် ဇနီး ဒေါ်သန်းသန်းငွေး**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
## အသက် (၉၇)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်-ဒေါ်ခင်ငွေးတို့၏ မိခင်ကြီး ဒေါ်စံသည် ၂၇-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**အရာထမ်း/အမှုထမ်းများ**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင် (မြိတ်) (၉၄)နှစ်

**နာယက၊ သက်ကြီးကန်တော့ခံ၊ မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ မိုးကောင်းလမ်းနေ (ဒေါ်စောလှ)၏ ခင်ပွန်း၊ ဒေါ်ကြူကြူစိုး (မြိတ်အသင်းအမှုဆောင်)၏ ဖခင် သည် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြမြ (ဘိုကလေး)
## အသက် (၉၀)

ရွှေနေချုပ်(ငြိမ်း) သရေစည်သူ ဦးအေးမောင်၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ခင်မြမြသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စု ရှေ့နေချုပ် (ငြိမ်း) ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်နှင့် ဇနီးဒေါ်ရီရီဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင်ချို 21st Batch UDMY Alumnus အသက် (၅၃)နှစ်သည် ၂၇-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း**

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဆရာတော်ဘဒ္ဒန္တဇောတိက မဟာထေရ်မြတ်ကြီး
### (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)
## သိက္ခာတော် (၇၀)ဝါ၊ သက်တော် (၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီးသည် (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်)၊ ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅:၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (၁၃၈၁ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်)၊ ၈-၁၂-၂၀၁၉(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ အန္တိမ အဂ္ဂိဈာပနပြုလုပ် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ထပ်မံ၍ အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ

### မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)
## ဒေါ်မေမေစိန် (BABSY GYI)
## အသက်(၉၅)နှစ်
### (သက်ကြီးကန်တော့ခံ)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အခန်း(၃၀၅)၊ ရွှေဟင်္သာကွန်ဒိုနေ ရာဇဝတ်တရားသူကြီး (ဦးမောင်ကြီး- မင်း ကတော်ကြီး ဒေါ်ဒေါ်သန်း) တို့၏ စတုတ္ထမြောက်သမီး၊ [ဦးလှကြည် (ညွှန်ကြားရေးမှူး၊ မြန်မာ့သတင်းစဉ်)] ၏ ဇနီး၊ ဒေါ်ခင်မေကြည်၊ ဒေါက်တာမင်းလွင်(ပါမောက္ခ အတိုင်ပင်ခံ)၊ ဒေါ်ခင်ပြုံးရီ (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရသုံးဦးစီး)၊ ဦးသန်းဇော်မိုး (Capt. Ex. DPA)၊ ဒေါ်လှကေခိုင်တို့၏ မိခင် ဒေါ်မေမေစိန်သည် ၂၈-၁၁-၂၀၁၉ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉ ရက်နေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန် အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဦးခင်ရွှေ (၈၉)နှစ်
### ရွှေတောင်မြို့

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ (ဦးမောင်တင်-ဒေါ်မျှင်)တို့၏ သား၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၆၂)၊ သုံးလွှာ(ဘီ)နေ (ဒေါ်ထွေးတင့်)၏ ခင်ပွန်း၊ ဒေါ်ခင်ထွေးဦး(စက်မှုသီးနှံ၊ အင်းတကော်)၊ ဦးအေးလွင်- ဒေါ်မြင့်မြင့်ကြည် (လှသရဖူဇာဘော်လီ၊ မင်္ဂလာဈေး)၊ဒေါ်သက်မာခင်(လ-ဝ-က၊ ကရင်ပြည်နယ်)၊ ဦးစောထွန်း(Air Thanlwin)၊ ဒေါ်မိုးမိုးရီ(ဟိုတယ်/ခရီး၊ ထားဝယ်)တို့၏ ဖခင် ဦးခင်ရွှေသည် ၂၈-၁၁-၂၀၁၉(ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၉(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ် မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် သုခလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြဦး
## အသက်(၇၂)နှစ်

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နေ (ဦးအုန်းဖေ-ဒေါ်နန်းပေါက်)တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နေ (ဦးအောင်သိန်း-ဒေါ်မြိုင်)တို့၏ သမီးချွေးမ၊ ဦးဝင်းနိုင် (B.AJ.-တောင်ကုတ်)-ဒေါ်သီတာစုလှိုင်၊ ဦးကျော်မိုးလှိုင်[E Life Express]-ဒေါ်နန်းအေးအေးခမ်း၊ ဦးကျော်ညွှန့်-ဒေါ်မြနှင်းလှိုင်၊ ဆရာမဒေါ်မြသင်းလှိုင် (ပင်လုံရတနာပအိုင်းကျောင်း)၊ ဒေါ်ယမင်းလှိုင်၊ ဦးကျော်ဇင်လှိုင် [E Life Express] -ဒေါ်ကေခိုင်နှင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ချမ်းမင်းလှိုင်၊ မခင်မြမြသွေး၊မောင်ရဲမင်းခန့်၊ မောင်ဇွဲဖြိုးပိုင်၊ မောင်ပြည့်စုံကျော်၊ မောင်မင်းသော်ကောင်း၊ မနေခြည်မင်း၊ မောင်ရဲရင့်တို့၏အဘွား၊(ဦးလှိုင်မြင့်) (လက်ထောက်ညွှန်ကြားရေးမှူး၊ စ-စ-စ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် (၁၇)ရပ်ကွက်၊ ဦးပုည(၂)လမ်း၊ အမှတ် (၆၉၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသိန်း (ပခုက္ကူ)
## အသက် (၉၃)နှစ်
**ဒေါ်မြသိန်းနှင့် သားများ ပလတ်စတစ်လုပ်ငန်း၊ Lin Thar Oo Hotel နှင့် Blue Ocean (ပေလီ)**

ပခုက္ကူမြို့နေ (ဦးအေးမင်း-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးချစ်)၊ ဒေါ်တင်ရီ၊ (ဒေါ်လှမြင့်)တို့၏ ညီမ/အစ်မကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၄၂/၄၄/၄၆၊ (၅၂)လမ်း (အောက်)နေ (ဦးသန်းအောင်)၏ ဇနီး၊ ဦးမြင့်ဆန်း-ဒေါ်စန္ဒာဝင်း၊ [ဦးမြသွေး(ခ)ဦးဖိုးခင်]၊ ဒေါ်နီနီအေး၊ ဦးကိုကိုလေး-ဒေါ်ခင်မျိုးရီတို့၏ မိခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘွားကြီးသည် ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ဓာတိထုံးစံအရ ၂၆-၁၁-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးစီးပါကြောင်းနှင့် မိခင်ကြီးအားရည်စူး၍ ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်တွင် ကုသိုလ်အလှူပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအစ်စွမ်
## အသက်(၉၁)နှစ် (ထားဝယ်)

ရန်ကုန်မြို့၊ အမှတ်(၄၄)၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်၊ လမ်းသွယ်(၃)၊ လှိုင်မြို့နယ်နေ (ဦးရော်ဝါ-ဒေါ်ကြင်မြအေး)တို့၏ သား၊ [ဒေါ်ကျင်စွမ်(ခ)ဒေါ်စွမ်း]၏ ခင်ပွန်း၊ ဦးဆင်ဂွမ်-ဒေါ်ကြူကြူဝင်း၊ ဦးငွေးလွင်-ဒေါ်လွင်လွင်စိန်၊ ဦးကြည်ဝင်း-ဒေါ်မော်မော်ဝင်း၊ ဒေါ်တင်ညိုညို (မညို)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မသီရိနိုနို၊ မောင်မင်းသန့်-မယမင်းပိုးဝါ၊ မောင်ဟန်သွင်ထွဋ်-မမေသဇင်နွေး၊ မလဲ့ရည်ဖွေးတို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးဦးအစ်စွမ် သည် ၂၉-၁၁-၂၀၁၉ ရက်တွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄၀/တိုးချဲ့၊ မြေကွက်အမှတ်-၂၆၉၃၊ မြေကွက်တည်နေရာအမှတ်-၂၆၉၃ (၁၄၀/တိုးချဲ့) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဒေါ်ကြည်မြင့် [၁၂/ဗတထ(နိုင်)၀၂၀၅၀၂] အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ကြည်မြင့် [၁၂/ဗတထ(နိုင်)၀၂၀၅၀၂]မှ ပါမစ်မူရင်းတင်ပြ၍ (တင်ပြပါမစ်တွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်) သာပါရှိပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းမပါရှိသဖြင့် (ပါမစ်မစုံ) ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
## အသက်(၉၇)နှစ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးငွေးဝင်း-ဒေါ်ခင်ခင်ဆွေတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စံသည် ၂၇-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁:၃၀ နာရီတွင် နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်၊ ဧယျာသိဒ္ဓိရပ်ကွက်၊ မြနန်းစံရာလမ်း၊ အမှတ်(၂၇)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ECO(77)
ကျောင်းသား ကျောင်းသူဟောင်းများ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုစိန် (အလ္လကပ္ပ-မြင်းမူ)
### တွဲဖက်အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)
## အသက် (၇၇)နှစ်

မုံရွာမြို့၊ အမှတ် (၂)၊ အထက်တန်းကျောင်းသူဟောင်းတစ်ဦး ဖြစ်သူ ဒေါ်နုနုစိန်သည် ၁၂-၁၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက်**
**စတိတ်တူးကျောင်းသားဟောင်းများ**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းရိုန်
## အသက် (၉၂)နှစ်

ဦးခွန်ဦး (Managing Director, Myanmar ICT Development Corp., Public Co., Ltd)-ဒေါ်ချိုမာဦးတို့၏ ဖခင် ဦးထွန်းရိုန် အသက် (၉၂)နှစ်သည် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**ဝန်ထမ်းများ**
**Myanmar ICT Development Corp., Public Co., Ltd**

## ဦးဟိန်းအောင်[၁၂/ဒလန(နိုင်)၀၄၇၉၀၂]၊ဦးထွန်းထွန်းဝင်း [၁၂/ဒလန(နိုင်)၀၅၃၀၉၀](ယခင်အမှတ်-၁၃၅၊ ဦးအောင်ဇေယျ(၂)လမ်း၊တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်)(ယခုနေရပ်လိပ်စာ-မသိ) နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁)၊အခန်း(၁၃)နေ ဒေါက်တာဟန်မင်းသူ [၁၀/မလမ(နိုင်)၁၃၂၉၅၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာဟန်မင်းသူက လူကြီးမင်းတို့၏မိခင် ဒေါ်ခင်ရွှေ (သေဆုံး) အမည်ပေါက်ပိုင်ဆိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊လူနေရပ်ကွက်-တပင်ရွှေထီး၊ မြေကွက်အမှတ်-၁/၁၃၅(က)၊ဦးအောင်ဇေယျ(၂) လမ်းဟုခေါ်တွင်သော အကျယ်(၂၀x၆၀) ပေရှိနှစ် (၆၀)မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တို့ကို သားအရင်းများဖြစ်သော အမွေဆက်ခံပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ လူကြီးမင်းထံမှ ၂၂-၁၂-၂၀၁၅ရက်တွင် “**နှစ်ဦးသဘောတူမြေကွက်နှင့် အိမ်အရောင်းအဝယ်ကတိစာချုပ်**” ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက်လူကြီးမင်းတို့အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ ၁၀-၁၂-၂၀၁၉ရက်အတွင်းကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ မပျက်မကွက် ဆက်သွယ်ပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါက်တာဟန်မင်းသူ**
**[၁၀/မလမ(နိုင်)၁၃၂၉၅၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မြ (စဉ်-၇၀၆၂/၂၀၀၂)**
**ဒေါ်စန္ဒာချို (စဉ်-၉၂၉၄/၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၉/၁၁၊ အခန်း(၁၀၁-ဘီ)၊ (ပထမထပ်)**
**(၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ph :09-797761643,09-73056039**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
## အသက် (၉၇)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်–ဒေါ်ခင်ငွေးတို့၏ မိခင်၊ (ဦးတင်မောင်)၏ ဇနီး ဒေါ်စံ အသက် (၉၇)နှစ်သည် ၂၇–၁၁–၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဇနီး ဒေါ်လှလှမူ**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံ
## အသက် (၉၇)နှစ်

နေပြည်တော် ၊ ဇမ္ဗူသီရိမြို့နယ်၊ မြနန်းစံရာလမ်း၊ အိမ်အမှတ် (၂၇)နေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်–ဒေါ်ခင်ငွေးတို့၏ မိခင် ဒေါ်စံသည် ၂၇–၁၁–၂၀၁၉ ရက်နေ့ ညတွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ဦးထွန်းရှိန်(ခ)ကိုကောက်(ပေါင်းတည်)
### (မြို့မကျောင်းသားဟောင်း)
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ မြေအမှတ်(၅)နေ ဒေါ်ရီရီ(ခ) ဒေါ်လှရီ၏ ခင်ပွန်း၊ ဦးအောင်ကြည် ၏ အစ်ကို၊ ဦးကျော်ဦး–ဒေါ်ခင်လင်းဦး၊ ဒေါ်သင်းသင်းရှိန်၊ ဦးတင်ဦး (CTT Computer)–ဒေါ်အေးအေးနွယ်၊ ဦးခွန်ဦး (CTT Computer, MICTDC)–ဒေါ်ချိုမာဦးတို့၏ ဖခင်၊မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၈–၁၁–၂၀၁၉(ကြာသ ပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄–၁၂–၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးစောသန်းဝင်း (ငြိမ်း)
### ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၈)၊ စည်သူတပ်ခွဲ
### ဒုတိယညွှန်ကြားရေးမှူး
### ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန
### (ရေအရင်းအမြစ်ရုံးချုပ်၊ နေပြည်တော်)
## အသက်(၅၉)နှစ်

ကလေးမြို့နေ (ဦးစောထွန်းဝင်း–ဒေါ်တင်အေး)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးညိုဖုံ–ဒေါ်မေမီခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နေ ဒေါ်ခင်ဥမ္မာဖုံ၏ ချစ်လှစွာသောခင်ပွန်း၊ မအေးဖုံဖုံဝင်း၊ မသန်းဖုံဖုံဝင်းတို့၏ ချစ်လှစွာသောဖခင်၊ (ဗိုလ်မှူးစောထွေးရွှေ)–ဒေါ်စန်းယုတင် (ခရိုင်တရားသူကြီး–ငြိမ်း)၏ ညီ၊ (ဦးရဲအောင်)–ဒေါ်ပြုံးပြုံး၏ မောင်၊ ဦးမျိုးသန်းဝင်း–ဒေါ်စမ်းမြအေး၊ ဗိုလ်မှူးကြီးစောထွန်းအောင်–ဒေါ်လွင်မျိုးလတ်၊ (ဦးညီညီလွင်)–ဒေါ်ခင်ဆန်းဝင်း၊ ဒု–အရာခံဗိုလ်စောထွန်းကြည်–ဒေါ်စန်းစန်းထွေးတို့၏ အစ်ကိုသည် ၂၉–၁၁–၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၁၂–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၄၉–ပထမထပ်၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးစောသန်းဝင်း(ငြိမ်း)
### ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၈)၊ စည်သူတပ်ခွဲ
### ဒုတိယညွှန်ကြားရေးမှူး
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### (ရေအရင်းအမြစ်ရုံးချုပ်၊ နေပြည်တော်)
## အသက် (၅၉)နှစ်

ကလေးမြို့နေ (ဦးစောထွန်းဝင်း–ဒေါ်တင်အေး)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးညိုဖုံ–ဒေါ်မေမီခင်)တို့၏ သားသမက်၊ (၄၉)၊ ပထမထပ်၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ဥမ္မာဖုံ၏ ချစ်လှစွာသော ခင်ပွန်း၊ မအေးဖုံဖုံဝင်း၊ မသန့်ဖုံဖုံဝင်းတို့၏ ချစ်လှစွာသော ဖခင်သည် ၂၉–၁၁–၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၁၂–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၄၉၊ ပထမထပ်၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးအောင်လွင် (ငြိမ်း) ကပစ–၄
## အသက်(၉၂)နှစ်

ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ သရဖီလမ်း၊ အမှတ်(၆၇၀)နေ (ဒေါ်ညွန့်ညွန့်)၏ ခင်ပွန်း၊ ဦးဝင်းလွင်(ကစလ)၊ ဒေါ်မာမာလွင်၊ ဒေါ်နွယ်နွယ်လွင် တို့၏ မွေးသဖခင်၊ မောင်ရဲလွင်ကောင်း၊ မသက်အိအောင် တို့၏အဘိုး ဗိုလ်ကြီးအောင်လွင်(ငြိမ်း)သည် ၂၆–၁၁–၂၀၁၉ရက် ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂–၁၂–၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်စိုး (၈၆)နှစ်
## (တင်စိုးစာပေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်း၊ အမှတ်[၇၂/၉(A)]နေ (ဒေါ်နှင်းရွှေ)၏ ခင်ပွန်း၊ ဦးအောင်ကျော်စိုး–ဒေါ်အေးသီတာ (ရုပ်ရှင်သရုပ်ဆောင်)၊ ဦးထွန်းလင်းသိန်း–ဒေါ်မေနှင်းစိုး၊ ဦးသန်းထွဋ်စိုး–ဒေါ်ဆက်ဆက် တို့၏ ချစ် လှစွာသော ဖခင်၊ မြေး ငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၈–၁၁–၂၀၁၉(ကြာသပတေးနေ့) နံနက် ၁၀:၂၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား များ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄–၁၂–၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှကြည်
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက်(၂၅)၊ အခန်း(၂)၊ ဦးဝိစာရအိမ်ရာနေ (ဦးဘထူးလှိုင်–ဒေါ်တင်ကြည်)တို့၏ သမီး၊ (ဦးတင်ဦး)၏ ဇနီး၊ ဦးမျိုးဝင်း–ဒေါ်စန္ဒာမော်၊ ဦးမျိုးကိုကိုဦး၊ ဦးဖြိုးသက်ဦး၊ ဦးဝင်းခိုင်ငွေး–ဒေါ်ဖြူသဲဦးတို့၏ မိခင်၊ မောင်စိုင်းသားသား၊ မငြိမ်းဆုဝေ၊ မခိုင်ရှုပါလွင်၊ မောင်စစ်ရှင်းနေတို့၏ ချစ်လှစွာသော အဘွားသည် ၂၉–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၆:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၁၂–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅–၁၂–၂၀၁၉ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြတ်စိမ်းမော်မော် (BA RL DA)
### ဦးစီးမှူး (ငြိမ်း)
### သမဝါယမဦးစီးဌာန
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၉၆၂)၊ ပျဉ်းမမြိုင်(၃၄)ရပ်ကွက်နေ [ဦးကိုလေး–ဒေါ်သန်းကြည်(ကိုလေးခတ်ပုံတိုက်)]တို့၏ သမီး၊ ဦးမျိုးမြင့်–ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးမျိုးနိုင်)၊ ဦးသက်တင်–ဒေါ်ခင်ညွန့်ညွန့်သန်း တို့၏ ညီမ၊ (ဦးမျိုးသိန်း)၊ (ဦးမျိုးသန်း)၊ (ဦးစစိုးသက်–ဒေါ်အေးသီတာဝင်း)၊ (ဦးမျိုးကြည်)–ဒေါ်တင်တင်လှ၊ ဦးသောင်းလတ်–ဒေါ်နီလာ၊ (ဦးမျိုးကိုကို)တို့၏ အစ်မ၊ တူရှစ်ယောက်၊ တူမခြောက်ယောက်တို့၏ အဒေါ်၊ ခိုင်ထူးဇော် (MRTV–4) ၏ ချစ်လှစွာသော မွေးစားမိခင် ဒေါ်မြတ်စိမ်းမော်မော် သည် ၂၈–၁၁–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄–၁၂–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ချိုချို(၇၂)နှစ်

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အလယ်ရွာ (၃)၊ လက်ယက်စမ်းကျေးရွာနေ ဦးကျော်ရှိန်–ဒေါ်နှင်းကြည်တို့၏သမီး၊ (ဦးဘခင်–ဒေါ်အေးသွင်) တို့၏ သမီးချွေးမ၊ [ဦးတင်အုန်း(အင်ဂျင်နီယာ)]၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သူအုန်း–ဒေါ်နီဝင်းကျင်၊ ဦးရဲထွဋ်အုန်း–ဒေါ်အေးအေးအောင်၊ (ဦးစည်သူအုန်း)–ဒေါ်ဥမ္မာ၊ ဦးရဲသူအုန်း–ဒေါ်တင်မိုးခိုင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၈–၁၁–၂၀၁၉ (ကြာသပတေးနေ့) ည ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ (စနေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၄–၁၂–၂၀၁၉(ဗုဒ္ဓဟူး နေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာချစ်မြိုင် (၆၈)နှစ်
### ပါမောက္ခ(ငြိမ်း) (သင်္ချာဌာန)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၆၇)၊ ငါးလွှာနေ ဦးမြင့်မောင်–ဒေါ် စိန်ထွေးတို့၏သား၊ ဦးမြတ်သူ–ဒေါ်အေးညွန့်တို့၏မောင်၊ ဒေါ်မြသန်းတင်(ယဉ်ကျေးမှု)၏ ခင်ပွန်း၊ မောင်ရဲဝင်းအောင်၊ မောက်သက်နိုင်ဦး၊ မနုနုရီ၊ မောင်ပြေဖြိုးပိုင်တို့၏ ဖခင်၊ ဒေါ်ခင်မာမာဦး၊ ဦးမြတ်အောင်၊ ဆရာလေး ဒေါ်စန္ဒာသီရိ၊ ဒေါ်အေးအေးမြတ်တို့၏ ဦးလေး၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၈–၁၁–၂၀၁၉(ကြာသပတေးနေ့) ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၄–၁၂–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြူး(ခ)ဒေါ်မကြောင် (တံတားမြို့)
## အသက်(၁၀၁)နှစ်

ရန်ကုန်မြို့နေ (ဒေါ်ပန်း–အာလန်)တို့၏ သမီး၊ တံတားမြို့နေ (ဦးချစ်စိန်)၏ ဇနီး၊ (ဦးကြည်ဝင်း)–ဒေါ်လေဒီ၊ (ဦးစိန်ဝင်း–ဒေါ်ကျင်အေး)၊ (ဦးသန်းငွေး–ဒေါ်နုနုဝင်း)၊ ဦးစိန်အောင်–ဒေါ်သန်းသန်းနွယ်၊ ဦးစန်းဝင်း–ဒေါ်ခင်ဆင့်၊ ဦးသိန်းအေး–ဒေါ်ကျင်ငွေး၊ ဦးမြင့်သောင်း–ဒေါ်ခင်ကြည်၊ ဦးဝင်းအောင်–ဒေါ်မြမြထွေး၊ ဦးကျော်ညွန့်–ဒေါ်ကြည်ကြည်ညွန့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၅ ယောက်၊ မြစ် ၁၂ ယောက်၊ တီတစ်ယောက် တို့၏ ဘွားဘွားကြီးသည် ၂၉–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁၂–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်–ည/၃၅၊ အသောကလမ်း၊ မြသိဂီပွဲရုံ၊ ဘုရင့်နောင် အိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅–၁၂–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### မြိတ်မြို့နယ်အသင်း (ရန်ကုန်)
## ဦးစိုးတင် (မြိတ်)
## အသက်(၉၄)နှစ်
### နာယက၊ သက်ကြီးကန်တော့ခံ
### အသင်းဝင်အမှတ်(၆၇၇)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ မိုးကောင်းလမ်းနေ (ဒေါ်စောလှ)၏ ခင်ပွန်း ဒေါ်ကြူကြူစိုး (မြိတ်အသင်းအမှုဆောင်)၏ ဖခင် သည် ၂၈–၁၁–၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်မကြူ (တောင်စွန်း)
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည် အိမ်ရာ၊ တိုက်(၂)၊ အခန်း(၄၀၆)နေ (ဦးကြီးမြင့်)–ဒေါ်တင်မြင့်တို့၏ သမီး၊ ကိုယုဝေ–မယဉ်ပပအောင် (ခေတ္တ–စင်ကာပူ)တို့၏ အစ်မ ဒေါ်ခင်မကြူသည် ၂၈–၁၁–၂၀၁၉ (ကြာသပတေးနေ့) ည ၉:၂၅ နာရီတွင် မဟာမြိုင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇေယျ
## အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၃)လမ်း၊ အမှတ်(၁၀၀)နေ ဦးအုန်းမြင့်–ဒေါ်စန်းရွှေတို့၏ သားငယ်၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းနေ (ဗိုလ်မှူးရွှေဆန်း)–ဒေါ်တင်တင်တို့၏ သားသမက်၊ ဒေါ်ပွင့်ဖြူဆန်း ၏ ခင်ပွန်း၊ Jessy ကောင်းမြတ်၏ ဖခင်၊ ဦးကျော်ဇေယျ – ဒေါ်အေးမဠူတို့၏ ညီ၊ ဒေါ်ချယ်ရီအုန်းမြင့်–ဦးကျော်မျိုးထွန်းတို့၏ အစ်ကိုသည် ၂၈–၁၁–၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ ရက် ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

## ဒေါ်ခင်အေးအေး (Charlotte)
### (BA.BL)
### အဖွဲ့ခွဲမှူး–ငြိမ်း၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(ဝိုင်)၊ သုခဝတီ၊ ကမ္ဘာအေးဘုရားလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးဘဆင့်–ဒေါ်စိမ်းရင်)တို့၏ သမီး၊ ဦးဘညွန့်(သံအမတ်ကြီး–ငြိမ်း)၏ ဇနီး၊ (ဦးအောင်ဆင့်)–ဒေါ်မူမူဝင်း တို့၏ ညီမ၊ ဒေါ်မြမြသွင် (ကျောင်းအုပ်ဆရာမကြီး–ငြိမ်း)၊ နတ်တလင်းမြို့နေ (ဦးမောင်မောင်လှ)တို့၏ အစ်မ၊ ဒေါက်တာတင်မင်းညွန့်–ဒေါ်ခင်ဝါဝါမော်၊ ဦးတင်လင်းညွန့်–ဒေါ်သင်းသင်းကြည်၊ ဦးဇော်ဝင်းညွန့်–ဒေါ်ခင်စောမြတ်ကြူ၊ (ဦးလှဝင်းညွန့်)၊ ဦးကျော်ကျော်ညွန့်–ဒေါ်မြသီတာမြင့် (ခေတ္တ–U.S.A)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်သန်းသန်းလေး(China Airline)၊ ဒေါ်စန်းဖြူဖြူ၊ ဒေါ်သီသီ၊ ဒေါ်ရင်ရင်–ဦးထိန်လင်းအောင်၊ ဦးလှမြတ်ဦး(ဂျိနီဗာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်မျိုးစန္ဒာ၊ ဒေါ်သွယ်နွဲ့၊ ဒေါ်နွယ်နွယ်အေး၊ ဒေါ်ကြွယ်ဆင့်–ဦးအောင်သူရ (ခေတ္တ S’pore)၊ ဒေါ်စိုးဆင့်–ဗိုလ်မှူးကြီးဇော်ထွန်းမြင့် (ငြိမ်း) တို့၏ အဒေါ်၊ ဒေါက်တာအေးမြတ်စန္ဒာဝင်း (ကထိက၊ ကလေးကျန်းမာပညာဌာန၊ ဆေး–၁)–ဒေါက်တာဇင်မျိုးထွန်း (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာညွန့်လင်းသန့်–မခိုင်သဇင်ငြိမ်း(ခေတ္တ–U.S.A)၊ ဦးရဲမင်းမော်–မအေးပွင့်ဖြူ တို့၏ အဘွား၊ မတည်ကြည်ရှင်းသန့်ဦး၊ မကေရီမင်းမော်တို့၏ ဘွားဘွားကြီးသည် ၂၈–၁၁–၂၀၁၉ ရက် နံနက် ၇:၅၀ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။ သင်္ဂြိုဟ်မည့်နေ့ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းတင် (ဒလမြို့)
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၆၁)၊ လေးလွှာနေ (ဦးအုန်းသွင်)၏ ဇနီး၊ ဦးစိုးဝင်း–ဒေါ်သန်းသန်းနွဲ့၊ ဦးတင်အေး–ဒေါ်လွင်လွင်မာ၊ ဦးသိန်းထွန်း–ဒေါ်သန်းသန်းအေး၊ ဦးမိုးမြင့်–ဒေါ်သန်းသန်းနွယ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုအောင်သူ၊ မသီရိမေသူထွန်း၊ မောင်စိုးဝေယံထွန်း၊ မဇွန်လေးနွယ်၊ မောင်ထူးလှိုင်မိုးတို့၏ အဘွား ဒေါ်စန်းတင်သည် ၂၉–၁၁–၂၀၁၉ ရက် ညနေ ၃:၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၁၉ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅–၁၂–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့်(၈၃)နှစ်

သထုံမြို့နယ်၊ နောင်ကုလားကျေးရွာနေ (ဦးဘလှော်–ဒေါ်စောတင်)တို့၏ သမီး၊ ဦးအောင်ကျော်–ဒေါ်နန်းတုံတို့၏ ညီမ၊ (ဦးကျော်သိန်း–ဒေါ်မြင့်)တို့၏ အစ်မ၊ (ဦးထွန်းရီ)–ဒေါ်သိန်းသိန်းလှ၊ ဦးသန့်လေး–(ဒေါ်ကျင်စန်း)၊ (ဦးခန့်လေး–ဒေါ်သန်းသန်းဆင့်)၊ (ဦးအုံ့လေး–ဒေါ်ခင်သန်းငွေး)၊ ဒေါ်သန်းသန်းလှ၊ ဦးဝေလွင်–ဒေါ်ယင်းမာရွှေ (အထက–၂၊ သာကေတ)၊ ဦးလှငွေ–ဒေါ်ယဉ်ယဉ်မိုး၊ ဦးစိုးလွင်–ဒေါ်နိုင်အောင်ကျော်၊ ဦးဇော်ဝင်း–ဒေါ်မေမြတ်မျိုးကျော်(UK)၊ ဦးအောင်သီဟကျော် (Uniteam Marrine Co.,Ltd.)–ဒေါ်အိသန္တာမြတ်(ခေတ္တ–စင်ကာပူ)၊ ဒေါက်တာရန်နိုင်ဝင်း–ဒေါ်စုဇင်ဇင်ကျော် (UK)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ (ဦးကျော်ရွှေ) ATEO (ငြိမ်း)၏ ဇနီး၊ မြေး ၁၉ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၉–၁၁–၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၃–၁၂–၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျိုက်စုအအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅–၁၂–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၇၈၇)၊ ဝေဇယန္တာအရှေ့(၁၈)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း(အတူး)
## အသက်(၇၁)နှစ်
### (မြောင်းမြမြို့)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးထွန်းမှန်–ဒေါ်လှကြွေ)တို့၏ သမီး၊ (ဦးခင်မောင်ညွန့်)၏ ဇနီး၊ ဦးသန်းထွန်း–(ဒေါ်ခင်စန်းမြင့်)၊ ဦးအောင်တင်–ဒေါ်ရီရီဝင်း၊ (ဦးအောင်သန်း)–ဒေါ်သန်းသန်းဝင်းတို့၏ ညီမ၊ ဦးမောင်မောင်သွင်–ဒေါ်ဝင်းဝင်းခင်၊ ဦးအောင်ကိုကို–ဒေါ်ခင်အေးမြင့်တို့၏ အစ်မ၊ ဦးသူရိန်ထွန်း–ဒေါ်အိအိခင် (လဝက)၊ ဗိုလ်မှူးကြီးတင်ဇော်လတ်–ဒေါ်နီနီထွန်း၊ ဦးဖြိုးမောင်မောင်(လဝက)–ဒေါ်ဖြူဖြူဝင်း(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ဦးရဲမောင်မောင်–ဒေါ်အေးအေးလွင်(ရိုးမဘဏ်)တို့၏ မိခင်ကြီး၊ မသင်းဝတ်ရည်အောင်၊ မောင်သုတထွန်း၊ မတင်ဆုပြည့်ဇော်၊ မောင်ဖွဲ့ဇော်ဘုန်းထက်၊ မောင်ကောင်းမြတ်သူ၊ မောင်သော်စစ်ဟန် တို့၏ အဘွားသည် ၂၉–၁၁–၂၀၁၉ ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁၂–၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၂)၊ နဝရတ်လမ်း၊ မြရတနာရပ်ကွက်၊ မြောင်းမြမြို့နေအိမ်မှ ဘုရားချောင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာစာရင်းအင်းဖိုရမ်(၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၉**

"လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့ စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်စို့"ဆိုသည့် ဆောင်ပုဒ်ဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့က ကျင်းပသည့် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာစာရင်းအင်းဖိုရမ်( ၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့ ပထမအကြိမ်အစည်းအဝေး ပြုလုပ်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတကာ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နိုင်ငံတကာ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် Bocaue, Philippine ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ညနေ ၅ နာရီ ၂၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား MRTV, MRTV Sports Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ည ၈ နာရီ သတင်းအစီအစဉ်အား ဖွင့်ပွဲအခမ်းအနားပြီးဆုံးချိန်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## တီမောလက်စ်တေကိုအနိုင်ယူပြီး မြန်မာအမျိုးသားအသင်း နှစ်ပွဲဆက်အနိုင်ရ

**မနီလာ နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု (က) တတိယနေ့ကို ယနေ့ညနေပိုင်းက မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက တီမောလက်စ်တေအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အကောင်းဆုံးပုံစံပြသနိုင်ခြင်း မရှိသော်လည်း နှစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိလာခဲ့သည်။ သို့သော် တီမောလက်စ်တေအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့သောကြောင့် ဂိုးကွာခြားချက်တွင် (+၂) သာရှိရာ နောက်ဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ တီမောလက်စ်တေအသင်းသည် နှစ်ပွဲဆက်ရှုံးနိမ့်ပြီး အုပ်စုအဆင့်မှထွက်ရန် ရာခိုင်နှုန်းပိုများသွားခဲ့သည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍**



# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ




## စပါးရိတ်သိမ်းချိန် ဓနုရိုးရာဓလေ့



**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာ့နယ်မြေတစ်ခွင် အနယ်နယ်အရပ်ရပ်တွင် လယ်ယာစပါးများကို စိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးရာတွင် မြန်မာနိုင်ငံအတွင်းတွင် နေရာဒေသအသီးသီး၏ ရာသီဥတုကိုလိုက်၍ စိုက်ပျိုးချိန်များ ကွာခြားနိုင်သည်။ စိုက်ပျိုးချိန်ကွာခြားလျှင် ရိတ်သိမ်းချိန်လည်း ကွာခြားမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးရာတွင် မိမိတို့၏ ရိုးရာဓလေ့အတိုင်း စိုက်ပျိုးကြ၊ ရိတ်သိမ်းကြသည်များလည်း ရှိကြသည်။**

**ရှိန်းခန့်ဇော်(ပင်းတယ)**

မြန်မာနိုင်ငံအတွင်းရှိ ရှမ်းပြည်နယ်တောင်ပိုင်း တစ်ခွင်တွင် ယာစပါးများကို နယုန်လ (ဇွန်၊ ဇူလိုင်)မှ စတင်စိုက်ပျိုးကြပြီး မိုးအကုန် ဆောင်းအကူး တန်ဆောင်မုန်းလ (နိုဝင်ဘာ၊ ဒီဇင်ဘာ) ဆောင်းခိုစအချိန်ကို ရောက်ရှိလာသည်နှင့်အညီ သင်ဖြူးခင်းသည့်ပမာ ဝင်းမှည့်လေပြီဖြစ်သော ရွှေဝါရောင်စပါးခင်းများကို စတင်ရိတ်သိမ်းကြသည်။ လယ်စပါးများကိုဖြင့် မိုးရွာသွန်းမှုအခြေအနေပေါ်မူတည်ပြီး စိုက်ပျိုးကြသည်။ သို့သော် လယ်စပါးများကိုလည်း ဒီဇင်ဘာလ နောက်ဆုံးထား ရိတ်သိမ်းကြသည်။

ထိုသို့ စပါးများရိတ်သိမ်းရာတွင် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့အလျောက် တစ်နေရာနှင့်တစ်နေရာ မတူညီနိုင်ပေ။ မိမိတို့၏ ရိုးရာအတိုင်း စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများတွင် ညှော့ခံကျွေးမွေးခြင်းနှင့် အခြားသော လုပ်ဆောင်ခြင်းများတွင် ရိုးရာအတိုင်းပြုလုပ်ကြသည်များလည်း ရှိကြသည်။ တိုင်းရင်းသားများထဲတွင် ဓနုတိုင်းရင်းသားတို့၏ တောင်ယာလုပ်ငန်းသည်လည်း ဓနုရိုးရာအတိုင်းသာ ပြုလုပ်ကြသည်။

ဓနုတိုင်းရင်းသားအများစု နေထိုင်ရာ ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ ရပ်စောက်၊ ပင်းတယနှင့် ရွာငံဒေသများတွင် ဆောင်းရာသီအစ နိုဝင်ဘာ ဒုတိယရက်သတ္တပတ်မှ ဒီဇင်ဘာလအထိ လယ်ယာစပါးများကို ရိတ်သိမ်းကြသည်။ ထိုသို့ လယ်ယာစပါးများရိတ်သိမ်းရာတွင် ဓနုတိုင်းရင်းသားတို့၏ ဓလေ့ရိုးရာများ ရှိပေသည်။

လယ်ယာများကို အိမ်များတွင် သိမ်းဆည်းသိုလှောင်နိုင်ရန် စပါးရိတ်ချိန်တွင် စိုက်ပျိုးထားသော လယ်ဧကအနေအထားပေါ်မူတည်၍ တစ်နေ့အတွင်း အပြီးရိတ်သိမ်းနိုင်အောင် လူအင်အားများစွာဖြင့် ရိတ်သိမ်းကြသည်။ တစ်နေ့အတွင်းအပြီးရိတ်နိုင်ခြင်း မရှိခဲ့လျှင်လည်း နောက်ရက်တွင် ရိတ်သိမ်းနိုင်သည်။ ထိုသို့တစ်နေ့အတွင်း အပြီးရိတ်သိမ်းကြခြင်းမှာ တစ်နေ့အတွင်းအပြီးရိတ်သည်ဖြစ်သဖြင့် စပါးများ နေလှန်းချိန်မညီမျှသဖြင့် ယာပုတ်ချိန်၊ လယ်ပုတ်ချိန်များတွင် အခြောက်ညီနိုင်ရန်အတွက်သာဖြစ်သည်။ စပါးရိတ်သည့်နေ့တွင် မိမိ၏ထမင်းထုပ်ဖြင့်သာ လာရောက်ကြရသည်။ ထိုသို့ စပါးများရိတ်ပြီး နှစ်ရက်သုံးရက်မျှ နေလှန်းကြပြီးမှ စပါးပုတ်ခြင်းဖြစ်သည်။

**ဓနုရိုးရာဓလေ့အရ မည်သည့်ပွဲကိုကျင်းပသည်ဖြစ်စေ လက်စားလျှို လက်စားဆပ်စနစ်ဖြင့် ပြုလုပ်ကြသကဲ့သို့ ထိုသို့စပါးများပုတ်ရာတွင်လည်း အခကြေးငွေပေးခြင်းဖြင့် ပုတ်ကြခြင်းမဟုတ်ပေ။ ထိုသို့ လက်စားလျှို လက်စားဆပ်စနစ်ဖြင့်သာ ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ စပါးတစ်ခင်းပြီးမှ နောက်တစ်ခင်း ပုတ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည်လည်း စည်းလုံးခြင်းကို ပြသရာရောက်ပေသည်။**

စပါးပုတ်ရာတွင် စိုက်ဧကပေါ်မူတည်၍ လူအများဖြင့် စုပေါင်းသိမ်းကြသည်။ စပါးပုတ်တော့မည်ဆိုလျှင် ပုန်းမကြည်စောင့်သောနတ်ကို ဆွမ်းဦးတင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရသည်။ ပုန်းမကြည်စောင့်နတ်ကို ဓနုဒေသတွင် ဘုန်းသူကြွယ်၊ ပုန်းသူကြွယ်၊ ဘုန်းကြွယ်ဟုလည်း ခေါ်ကြသည်။ ထိုပုန်းမကြည်စောင့်နတ်အား ဆွမ်းဦးတင်ခြင်း၊ ကောက်ဆုပ်သယ်သူများက ပုန်းမကြည်ကို ပင့်ဖိတ်ခြင်းအားဖြင့် စပါးအလေအလွင့်နည်းခြင်း၊ စပါးအထွက်တိုးခြင်း၊ အချိန်တိုတိုနှင့် ပြီးလွယ်ခြင်း၊ စပါးများ စားရသည်မှာ အနှစ်သာရရှိခြင်းနှင့် စပါးများကို အိမ်များတွင် သိမ်းဆည်းသိုလှောင်ထားရာတွင် တာရှည်စွာခံနိုင်ခြင်းဟူသည့် အယူအဆများဖြင့် ပင့်ဖိတ်ပြီး ဆွမ်းဦးတင်ကြသည်။ ထိုသို့ဆွမ်းဦးတင်ရာတွင် မနက်ခင်းအချိန်က အိမ်တွင်မည်သူမျှ မစားရသေးသော ဆွမ်းဦးကို ခူးပြီး ငှက်ပျောရွက်တွင် တစ်ထုပ်ထုပ်ရသည်။ ပြီးလျှင် ပဲပုပ်စစ်စစ်ဖြင့် ပြုလုပ်ထားသော ပဲပုပ်ကို တစ်ထုပ်ထုပ်ရသည်။ ပဲပုပ်ဆက်များကို သင့်တော်သလို ထည့်နိုင်ပါသည်။ ထိုထမင်းထုပ်နှင့် ပဲပုပ်ထုပ်ကို ပူးတွဲချည်နှောင်ထားရမည်။

ညှော့ခံကျွေးမွေးခြင်းအတွက်လည်း ကြိုတင်ပြင်ဆင်ရသည်။ ထိုသို့ လယ်ပုတ်၊ ယာပုတ်ရာနေရာတွင် ကျွေးမွေးရန်အတွက် ဓနုဒေသထွက် အစားအစာများဖြစ်သော လက်ဖက်သုပ်၊ ကန်စွန်းဥပြုတ်၊ ဟင်းထုပ်၊ မုန့်လက်ကောက်၊ မုန့်လက်ကွင်း၊ ပင်စိမ်းသီးထောင်း၊ တိုဟူးသုပ်၊ မုန့်ဖတ်သုပ်၊ ကင်ပေါင်းကြော်များ၊ ပဲကြော်များ၊ ဆီထမင်း၊ ထမင်းကြော်စသည်ဖြင့် စုံလင်စွာသော စားစရာများဖြင့် ညှော့ခံကျွေးမွေးနိုင်ရန်အတွက် ပြင်ဆင်ရသည်။ ထိုသို့ပြင်ဆင်ပြီးသည့်စားစရာများကို ထမင်းထုပ်နှင့်ပဲပုပ်ထုပ် ပူးတွဲထုပ်ထားသည်ကို ပုတ်တောင်း (ဒေသအခေါ် ခွဲတောင်း သို့မဟုတ် ဆယ်ပြည်ဆံ့သောတောင်း)ထဲတွင် ထည့်ထားရမည်။ ထိုသို့ထည့်ထားသော ခွဲတောင်းကို လယ်ပုတ်၊ ယာပုတ်ရာသို့ ယူဆောင်သွားရမည်။

ထိုသို့ စားစရာမျိုးစုံနှင့် ပူးတွဲချည်ထားသော ထမင်းထုပ်၊ ပဲပုပ်ထုပ်များပါသည့် ခွဲတောင်းပေါ်တွင် မပုတ်ရသေးသော ကောက်ဆုပ်ခုနစ်ဆုပ်ကို တင်ပြီး လယ်ကွင်း၊ ယာကွင်းထဲတွင်ရော၊ ယာပုတ်၊ လယ်ပုတ်နေသည့်နေရာများမှာပါ "ဘုန်းသူကြွယ်မ စောပြည့်ဝ စားလေ့ကြ၊ သောက်လေ့ကြ၊ အံလေ့ကြ၊ ချေးယိုလေ့ကြ၊ သေးယိုလေ့ကြ၊ စပါးများများရပါစေ၊ အလေအလွင့်နည်းပါစေ" ဟု အော်ကာ စပါးပုတ်သည့်နေရာ၏ တစ်နေရာရာတွင် နတ်တင်သကဲ့သို့ တင်ထားရသည်။ ထို့နောက် စပါးပုတ်သမားများ၊ ကောက်ဆုပ်သမားများ အနားယူချိန်ရောက်လျှင်လည်း နှုတ်မှ ထိုသို့ရွတ်ဆိုပြီး စပါးပုံအနီးတွင် လှည့်လည်အော်ဆိုပြီးမှ တောင်းထဲတွင်ပါလာသော ပူးတွဲထုပ်ထားသည့် ထမင်းထုပ်နှင့် ပဲပုပ်ထုပ်ကို စပါးပုံထဲတွင် မြှုပ်နှံခဲ့ပြီး စပါးပုတ်သူ၊ ကောက်ဆုပ်သယ်သူအားလုံးက တောင်းထဲတွင် ကျန်ရှိနေသော စားစရာများကို ဝိုင်းဖွဲ့စားသောက်ကြခြင်းဖြစ်သည်။ ထို့နောက် စပါးပုတ်ရာတွင်နောက်ဆုံးသော ကောက်ဆုပ်သယ်သူသည် ပုန်းမကြည် သို့မဟုတ် ဘုန်းသူကြွယ် သို့မဟုတ် ဘုန်းကြွယ်များကို "ဘုန်းသူကြွယ်မ စောပြည့်ဝကို စားစေဖို့၊ သောက်စေဖို့၊ အံစေဖို့ ခေါ်ခဲ့ပါ" ဟု စပါးပုတ်သူများက မှာကြားရသည်။ ထိုသို့ မှာကြားလာသည်နှင့် မိမိက နောက်ဆုံး ကောက်ဆုပ်သယ်သူဖြစ်ခဲ့မည်ဆိုလျှင် ကောက်ဆုပ်များကို သယ်ယူရင်းဖြင့် "ဟေး...ဘုန်းသူကြွယ်မ စောပြည့်ဝ လာစားလေ့ကြ၊ လာသောက်လေ့ကြ၊ လာအံလေ့ကြ" ဟု ခေါ်ဆိုပေးရမည်ဖြစ်သည်။ စပါးများပုတ်ပြီး လှေ့ပြီးသည်နှင့် စပါးများကို အိမ်သို့သယ်ဆောင်ရန် အိတ်တွင်ထည့်ကြသည့်အခါ ထမင်းထုပ်နှင့် ပဲပုပ်ထုပ်များကိုလည်း စပါးများနှင့်အတူ အိတ်ထဲသို့ ထည့်ရသည်။ အိမ်သို့ရောက်သည်နှင့် စပါးများကို အိတ်ထဲတွင်ဖြစ်စေ၊ စပါးကျီများထဲတွင်ဖြစ်စေ နှစ်ရှည်ခံနိုင်သည့်နည်းဖြင့် အမျိုးမျိုးသိုလှောင်သိမ်းဆည်းထားကြသည်။

စပါးများကို ပုတ်ရာတွင် ခင်းထားသောမိုးကာပေါ်တွင် ပုတ်ခုံများကို တင်ပြီး ဝိုင်းဖွဲ့ပုတ်ကြသည်။ ရှေးယခင်က စပါးများ ပုတ်ပြီးသည်နှင့် ပုတ်ရပ်များဖြင့် စပါးလှေ့ကြသော်လည်း ယနေ့ခေတ်၌ စပါးလှေ့ရာတွင် အများအားဖြင့် ပေါင်းရှင်းစက် (တောရန်းစက်)များတွင် ပန်းကန်ကြီးများကို တပ်ဆင်ကာ စပါးပုံအပေါ်မှဝဲ၍ စပါးလှေ့ကြသည်။ ယနေ့ခေတ်မီတိုးတက်နေသော စက်မှုလယ်ယာခေတ်ဟုဆိုနိုင်သော်လည်း ဓနုဒေသ စပါးရိတ်သိမ်းရာတွင် စပါးရိတ်သိမ်းစက်များကို အသုံးချမှုမရှိသလောက် နည်းပါးနေသေးသည်။ သို့သော် ရှေးရိုးရာအစဉ်ဓလေ့များသည် ချစ်စရာကောင်းသောဓလေ့များဖြစ်သည်ကို ဆက်လက် သက်သေပြလျက်ရှိသည်။

စပါးပုတ်ခြင်းပြီးဆုံးပါက ညနေစာကို အိမ်တွင် တည်ခင်းညှော့ခံကျွေးမွေးခြင်းများ ပြုလုပ်ကြသည်။ စပါးပုတ်ရာတွင် ပါဝင်သူများသာမက ရွာလုံးကျွတ် မည်သူမဆို လူကြီးလူငယ်မရွေး လာရောက်စားသောက်နိုင်သည်။ လာရောက်စားသောက်ရာတွင် အသားငါးဟင်း

»» အချပ်ပိုစာမျက်နှာ (ခ) သို့



# ရှမ်းတိုင်းရင်းများ၏ ပီမိုင်တိုင်းနှစ်သစ်ကူးပွဲတော် သီပေါ၌ အစဉ်အလာမပျက် ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ၂၁၁၄ ခုနှစ် ရှမ်းနှစ် ရှမ်းတိုင်းရင်းသားများ ပီမိုင်တိုင်းနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၇ ရက်က သီပေါမြို့နယ် ဝိုင်းကောင်ကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကွင်း၌ ကျင်းပရာ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူလေးများက မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ်ကြိုရှမ်းတေးသီချင်းများ သီဆို၍ ဖွင့်လှစ်သည်။

ရှမ်းနှစ်သစ်ကူးပွဲတော်တွင် မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးဆန်စိုင်းသာညွန့်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက အမှာစကားပြောကြား၍ ရှမ်းစာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းက မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရှမ်းနှစ်သစ်ကူးဖြစ်ပေါ်လာပုံနှင့် နှစ်သစ်ကူးပွဲတော်ကို နတ်တော်လအတွင်း နှစ်စဉ်ကျင်းပခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားရိုးရာတေးသီချင်းများ၊ အကပဒေသာများ၊ မိုင်းတိုင်းဟန်လီတေးအကများ၊ ရှမ်းအိုးစည်တီးဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာသူဧည့်ပရိသတ်များကို ရှမ်းရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးသည်။

ရှမ်းနှစ်သစ်ကူးဖြစ်ပေါ်လာခြင်းမှာ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများနေထိုင်ရာဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိချိန်မှ ရှမ်းသက္ကရာဇ်စတင်ခဲ့ပြီး နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို ရှမ်းနှစ်ဆန်း ၁ ရက်နေ့အဖြစ်သတ်မှတ်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကို နတ်တော်လအတွင်း နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

အထူးကဏ္ဍ စာမျက်နှာ က မှ »»

များကို တစ်မျိုး၊ နှစ်မျိုးမျှ ကျွေးမွေးပြီး အခြားသောဟင်းများကို ဒေသထွက် အသီးအနှံများဖြင့် ဟင်းဖက်လိုက်အောင် ချက်ပြုတ်ကျွေးမွေးကြသည်။ အများအားဖြင့် ကျွေးလေ့ရှိကြသည့်ဟင်းများမှာ ပဲလုံးဆေးခါးဟင်းနှင့်ဂျူးမြစ်ကြော်၊ ရွှေဖရုံသီးဟင်းနှင့် ပဲပုပ်ထောင်း၊ ဘူးသီးဟင်းချိုရည်ချက်ပြီး ကင်ပေါင်းကြော်ပေးခြင်း၊ အခြားသော



ပဲအမျိုးမျိုးမှ တစ်မျိုးမျိုးကို ဟင်းရည်ချက်ပြီး လိုက်ဖက်သော ဟင်းဖြင့်တွဲချက်ကာ ဂေါ်ဖီထုပ်သုပ်၊ မုန့်ကြွပ်၊ ငရုတ်သီးအစိမ်းကြော်၊ ငရုတ်သီး အမှည့်ကြော်များဖြင့် ယှဉ်တွဲပြီး ကျွေးမွေးလေ့ရှိသည်။ ထမင်းများကို အားပါးတရချက်ထားပြီး လာရောက်သူမှန်သမျှ အားရပါးရ လွေးကြဖို့ အိမ်ရှင်က တိုက်တွန်းစကားဆိုလေ့ရှိသည်။

အသက် တစ်ဆယ့်ရှစ်နှစ်နှင့်အထက် ယောကျ်ားလေးများအတွက် အရက်၊ ဘီယာစသည်ဖြင့် မိမိတို့ စိတ်ကြိုက်သောက်နိုင်အောင် အမြည်းတစ်စုံတစ်ရာဖြင့် ဧည့်ခံပေးကြသည်။ အရက်သောက်သူများကသောက် ထမင်းစားကြသူများက စားကြဖြင့် စားကြသောက်ကြသည်။ ထမင်းစားပြီးသည်နှင့် ဂျင်း(ချင်း) သုပ်၊ လက်ဖက်သုပ်၊ နေကြာစေ့၊ ချိုချဉ်နှင့် မုန့်အမျိုးမျိုးတို့ဖြင့်လည်း ဧည့်ခံကြသေးသည်။ ထိုသို့ဧည့်ခံခြင်းကို တစ်ညလုံး အချိန်အကန့်အသတ်မရှိ လာသမျှလူအားလုံးကို ကျွေးမွေးကြသည်။ လာရောက်စားသောက်ကြသူဧည့်သည်များ အိမ်မှပြန်မှသာလျှင် လယ်ပုတ်၊ ယာပုတ်ခြင်းပြီးဆုံးသည်ဟု ဆိုသည်။ ထိုသို့ပြုလုပ်ရာတွင် အိမ်နီးချင်းများက လာရောက်ကူသူကကူကြ၊ စားသူကစားကြ၊ သောက်သူကသောက်ကြဖြင့် ခနုဒေသသို့ မရောက်ဖူးသူများသည် ထိုသို့သောစပါးပုတ်သည့်နေ့တွင် ကျင်းပသည့် ညများတွင် "ထိုအိမ်က ဘာပွဲလုပ်နေသလဲ" ဟု မေးလေ့ရှိသည်။ မေးလောက်စရာပင် ဖြစ်သည်။ ခနုဒေသ၏ တောင်ယာစပါး၊ လယ်စပါးပုတ်သည့် ညသည် အိမ်ရှင်မိသားစု အလှူကြီးပေးနေသောညဟု ဆိုကြပေသည်။

ခနုရိုးရာဓလေ့အရ မည်သည့်ပွဲကိုကျင်းပသည်ဖြစ်စေ လက်စားလျှို လက်စားဆပ်စနစ်ဖြင့်ပြုလုပ်ကြသကဲ့သို့ ထိုသို့စပါးများပုတ်ရာတွင်လည်း အခကြေးငွေပေးခြင်းဖြင့် ပုတ်ကြခြင်းမဟုတ်ပေ။ ထိုသို့လက်စားလျှို လက်စားဆပ်စနစ်ဖြင့်သာ ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ စပါးတစ်ခင်းပြီးမှ နောက်တစ်ခင်း ပုတ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည်လည်း စည်းလုံးခြင်းကို ပြသရာရောက်ပေသည်။

ထိုသို့သော ခနုတိုင်းရင်းသားတို့၏ ယာပုတ်၊ လယ်ပုတ်သော ဓလေ့သည် အခြားသောတိုင်းရင်းသားများနှင့် အသွင်မတူသော ဓလေ့တစ်ခုဖြစ်နေသည့်အတွက် ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်လှပေသည်။ အလှူဒါနရက်ရောသော ဗုဒ္ဓဘာသာတိုင်းသည် ကိစ္စတစ်ခုပြုလုပ်သည်နှင့် ကျွေးကြ၊ မွေးကြ၊ လှူကြသည်မှာ ချစ်စရာဓလေ့များ ဖြစ်ပေသည်။ ခနုဒေသ၏ တောင်ယာလုပ်ကိုင်ကြသော တောင်သူများ၏ စပါးသိမ်းချိန်သည်လည်း တစ်နေ့တစ်အိမ်မကဘဲ အလှူပေးနေသည့်အလားပင်။ စပါးသိမ်းချိန်ဖြစ်သည့် ယခုကဲ့သို့ဆောင်းဝင်စအချိန်များတွင် စပါးသိမ်းနေသည့် ရှုခင်းအလှများကို လာရောက်ရှုစားကာ၊ ခနုဒေသ စပါးသိမ်းချိန် ဓလေ့များကို မျက်မြင်ကိုယ်တွေ့ခံစားစေလိုသောအားဖြင့် ခနုမြေသို့အလည် တစ်ခေါက် လာရောက်ဖို့ ဖိတ်ခေါ်ရင်း... ။

စပါးများ ရိတ်သိမ်းပြီးချိန်ရောက်ပြီဖြစ်သဖြင့် မကြာမီအချိန်တွင် ကောက်သစ်စားပွဲများကို ခနုဒေသ တစ်ခွင်တွင်ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြတော့မည်ဖြစ်သည်။ ။

## နှစ်သစ်ကြိုချိန်

ရာသီရယ် ဖြိုစ္ဆာမှတ်
ယှဉ်နက္ခတ် ကြတ္တိကာ၊
လကွယ်မှာ တန်ဆောင်မုန်း
ရွှင်ပြုံးကြည်သာ။
ရှမ်းတို့ရဲ့ မမေ့စရာ
နှစ်သစ်ခါ ကြိုဆိုပွဲ။
လနတ်တော် ဆန်းတစ်ရက်
မြူးလျက်ဆင်နွှဲ။
နှစ်ထောင့်တစ်ရာ တစ်ဆယ့်လေး
နွေးထွေးလို့ ပျူငှာ၊
ရှမ်းရိုးရာ အိုးစည်အက
လှပဝေဆာ၊
ဓားသိုင်းအက အံ့စရာ
ကိန္နရာ တူယှဉ်နွဲ၊
ချစ်စရာ ထုံးဓလေ့
ယနေ့တိုင်မြဲ။

ထွေးထွေး (ယွန်းစလင်းမြေ)

.................

## တိုင်းရင်းသားရိုးရာ အစားအစာ

တို့တိုင်းဌာနီ မြန်မာပြည်
တိုင်းရင်းသားတို့ပေါင်းစုပြီ။
ဓလေ့နှင့်အညီ စားဖွယ်က
ဆန်းကြယ်၍သာမတူလှ။
နေရာဒေသ ကွဲ၍မူ
မေတ္တာထားကြချစ်ကြည်ဖြူ။
ငြိမ်းချမ်းစွာတူ သွားချင်မြဲ
မြန်ပြည်အနှံ့ ပျော်ရွှင်ဆဲ။
ရှမ်းပြည်ကိုလည်း လျှောက်လှမ်းကာ
ခေါ်ပုပ်၊ ပဲပုပ် အကြိုက်ဖြာ။
ချင်းတို့ရိုးရာ ဆာပူးသီး
မြန်ပြည်တစ်ခွင် နာမည်ကြီး။
ရခိုင်ပြည်မှီး အမည်ကျော်
ရခိုင်မုန့်တီ စားချင်သနော်။
ဆားမုန့်ဟုခေါ်  မုန့်တစ်မျိုး
ကချင်ပြည်မှာရတယ်ဗျို။
ဗမာတစ်ဟိုး ကျော်ကြားတယ်
ကောက်ညှင်း၊ မုန့်ဟင်းခါးစုံလင်ဖွယ်။
ကရင်ပြည်ဝယ် တာလပေါ့
ဟင်းချိုရည်လေးသောက်ချင်ပေါ့။
ကယားသွားတော့   ပေါ်လှပေ
ကယားရိုးရာဝက်အူချောင်းတွေ။
မွန်တို့ဌာနေ ရာမည
ဒေါင်းလန်းကြီးနှင့် စားချင်လှ။
ဝေကြမျှကြ ဖလှယ်ချင်
တို့တိုင်းသားများစားဖွယ်ပင်။
ချစ်ချစ်ခင်ခင် သွေးစည်းလုံး
မြန်ပြည်တစ်ခွင်အလှဆုံး။
မြန်ပြည်သားတို့ တပြုံးပြုံး။

ရန်ကြီးအောင် (မြို့ရွှေဇီးကုန်း)

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်း

မောင်မောင်ကျော့(ပလက်ဝ)

**ချင်းအမျိုးသားတို့သည် အောက်ချင်းငှက်တည်းဟူသော သစ္စာငှက်၏ စံနမူနာကိုယူပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိကြသူများပင်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်နှင့် သူရသတ္တိပြောင်မြောက်ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်ခဲ့ကြသည်။ ဦးဝမ္မသူးမောင်းမှာ ထင်ရှားသော ချင်းမျိုးချစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။**

**ဦးဝမ္မသူးမောင်း၏ ငယ်ဘဝ**

ဦးဝမ္မသူးမောင်းသည် ချင်းတောင်မှာမွေး၊ ချင်းတောင်သွေးမို့၊ ချင်း၏ဝန်းကျင်၊ ချင်းတို့အလယ်တွင် ဘဝကို ကြမ်းတမ်းစွာ ကျင်လည်ခဲ့ရသူတစ်ဦးဖြစ်သည်။

ဦးဝမ္မသူးမောင်းသည် မင်းတပ်မြို့နယ် ဝမ္မသူးရွာတွင် မွေးဖွားခဲ့သူတစ်ဦးဖြစ်သည်။ ဖခင်အမည်မှာ ဦးထန်းပက်ဖြစ်သည်။ မင်းတပ်ချင်း(ချိုးချင်း၊ မွှင်းချင်း)တို့ ဓလေ့တွင် ဖခင်အမည်အား ရှေ့တွင်ထား၍ အမည်မှည့်လေ့ရှိသည်။ ထို့ကြောင့် ဦးဝမ္မသူးမောင်း၏အမည်မှာ ထန်းပက်မောင်းဖြစ်လေသည်။

ထန်းပက်မောင်းသည် တောတောင်မှီ၍ ကြီးပြင်းလာရသူတစ်ဦးပီပီ ငယ်ရွယ်စဉ်ကပင် ချင်းဓလေ့ဖြစ်သည့် ငါးဖမ်း၊ ငှက်ထောင်စသည်တို့ကို ဝါသနာသန်ခဲ့သည်။ ဆယ်နှစ်ခန့်အရွယ်တွင် သူ့အပေါင်းအဖော်များနှင့်အတူ တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ညောင်စေးထောင်းကြသည်။ ညောင်စေးဖြင့်ငှက်ထောင်ကြရင်း လုပ်ရဲရွာသို့ ရောက်သွားကြသည်။ ထိုအချိန်က လုပ်ရဲရွာနှင့် ဝမ္မသူးရွာတို့သည် တစ်ရွာနှင့်တစ်ရွာ ချောင်းမြောင်းတိုက်ခိုက်နေကြသောအချိန်ဖြစ်သည်။

လုပ်ရဲရွာသို့ရောက်စဉ် ထိုရွာတွင် အိမ်ထောင်ကျနေသော ဦးဝမ္မသူးမောင်း၏ အရီးဖြစ်သူနှင့် ဦးစွာတွေ့၍ တော်သေးသည်။ ယောကျ်ားတစ်ဦးဦးနှင့် ဦးစွာတွေ့ခဲ့လျှင် အသတ်ခံရမည်ဖြစ်သည်။ သူ့အရီးသည် ထန်းပက်မောင်းနှင့် သူ့သူငယ်ချင်းတို့ကို အိမ်နောက်ဖေးချောင်တွင် ပုတ်ကြီးဖြင့်အုပ်၍ ထမင်းနှင့်ခေါင်ရည်တို့ကို တိုက်ကျွေးပြီး အခြေအနေကြည့်ကာ တောသို့ အမြန်ပြန်ရန်လည်း မှာခဲ့ရသည်။

ထန်းပက်မောင်းသည် ငယ်ရွယ်စဉ်ကပင် မဟုတ်မခံစိတ်ရှိသူဖြစ်သည်။ သူ၏ မဟုတ်မခံစိတ်ရှိခဲ့ပုံကို ပြောပြရမည်ဆိုပါလျှင် ဝမ္မသူးရွာမှ သူငယ်ချင်းလူရွယ်တစ်ဦးသည် အလွန်ကျီစားသန်၏။ “ဆင်ကျီစားရာ ဆိတ်မခံသာ” ဆိုသကဲ့သို့ သူ၏ကျီစားမှုများကို ကလေးသူငယ်များ မခံမရပ်နိုင်ကြပေ။ ထို့ကြောင့် တစ်နေ့သော် တစ်ဖက်တောင်ယာမှ ထိုလူရွယ်ပြေးလာသည်ကိုမြင်သော ထန်းပက်မောင်းသည် လမ်းခုလပ် လမ်းတစ်ဖက်တစ်ချက်တွင် ဆပ်နီပင်များကို လမ်းတွင်ပူးချည်ထားသည်။ လူရွယ်ထိုနေရာသို့ ရောက်သောအခါ ဆပ်နီပင်များ ဖုံးလွှမ်းနေသဖြင့် မှန်း၍ ပြေးနေရသည်။ ထိုစဉ် သူချည်ထားသော ဆပ်နီပင်တွင် ခလုတ်တိုက်လဲကျခဲ့လေသည်။

မင်းတပ်ကျောင်းတွင် နေစဉ်ကလည်း သူ၏ခြေထောက်တွင် ဝဲပေါက်သည်ကို ကျောင်းသားကြီးတစ်ဦးက သွေးထွက်သံယိုအနာတရဖြစ်အောင် ပြုလုပ်သည်။ ထိုသို့ပြုလုပ်သည်ကို ထန်းပက်မောင်း မကျေမချမ်းဖြစ်နေသည်။ သို့နှင့် မိမိထက်ကြီးသော ကျောင်းသားကြီးကိုပင် နည်းပရိယာယ်သုံး၍ချေပခဲ့သည်။ ဤသို့ပြုလုပ်မှုတို့သည် ငယ်ရွယ်စဉ်ကပင် မဟုတ်မခံစိတ်ရှိသူဖြစ်ကြောင်း ပေါ်လွင်စေသည်။

**ဦးဝမ္မသူးမောင်းဟု အမည်ပေးပြောင်းလဲခဲ့ပုံ**

ထန်းပက်မောင်းသည် တောင်တက်ရွာ ဘုန်းကြီးကျောင်းမှ သတ္တမတန်းအောင်သည်။ ထိုစဉ်က ပခုက္ကူနယ်လှည့်ဆရာများက သင်ကြားပေးခြင်းဖြစ်သည်။ ထိုဘုန်းကြီးကျောင်းတွင်ပင် ဗုဒ္ဓဘာသာစာပေကို သင်ခဲ့သည်။ ကိုရင်လည်းဝတ်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် ကိုရင်မှ လူထွက်၍ စစ်တပ်ထဲဝင်သည်။ စစ်တပ်ထဲသို့ဝင်သောအခါ အမည်တစ်မျိုးပြောင်းသွားလေသည်။

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်ကျရောက်နေချိန်ဖြစ်သည်။ အင်္ဂလိပ်စစ်ဗိုလ်များသည် ချင်းစစ်သားများကို စစ်မျက်နှာပြင်တွင် ရှေ့တန်း၌ အမြဲထားပြီး အသုံးချကြသည်။ သူတို့ကမူ ဘေးကင်းရာနောက်ကွယ်မှ အမိန့်ပေးတတ်သည်။ အင်္ဂလိပ်စစ်ဗိုလ်များအတွက်မူ သားနားသော စစ်ဝတ်စုံများ သတ်မှတ်ဝတ်ဆင်စေသည်။ တိုင်းရင်းသားစစ်ဗိုလ်များမှာ ခပ်ညံ့ညံ့စစ်ဝတ်စုံကိုသာ ဝတ်ရသည်။ စားရိပ်သာတို့တွင် တိုင်းရင်းသားစစ်ဗိုလ်အားလုံးဝင်ခွင့်မပြု၊ သူတို့အလိုကျ စစ်ဗိုလ်အချို့ကိုသာ ဝင်ခွင့်ပြုသည်။ ဤသို့နယ်ချဲ့တို့၏ အတွင်းစိတ်သန္တာန်ကို လက်တွေ့နယ်

> **အင်္ဂလိပ်တို့သည် စစ်တပ်ထဲတွင် အမည်တူများမရှိရလေအောင် ရက်လောင်းရွာမှဆိုလျှင် “ရက်လောင်းလိန်း”၊ ဟဲဘုံရွာမှဆိုလျှင် “ဟဲဘုံထန်း”ဟူ၍ စာရင်းသွင်းကြလေသည်။ ထို့ကြောင့် ထန်းပက်မောင်းမှာလည်း စစ်တပ်ထဲဝင်သောအခါ ဝမ္မသူးရွာသားဖြစ်၍ “ဝမ္မသူးမောင်း”ဟု စာရင်းရေးသွင်းရာမှ ဦးဝမ္မသူးမောင်းဟူ၍ အမည်တွင်ခဲ့ရသူ ဖြစ်ပေသည်။**

အင်္ဂလိပ်တို့သည် စစ်တပ်ထဲတွင် အမည်တူများမရှိရလေအောင် ရက်လောင်းရွာမှဆိုလျှင် “ရက်လောင်းလိန်း”၊ ဟဲဘုံရွာမှဆိုလျှင် “ဟဲဘုံထန်း” ဟူ၍ စာရင်းသွင်းကြလေသည်။ ထို့ကြောင့် ထန်းပက်မောင်းမှာလည်း စစ်တပ်ထဲဝင်သောအခါ ဝမ္မသူးရွာသားဖြစ်၍ “ဝမ္မသူးမောင်း”ဟု စာရင်းရေးသွင်းရာမှ ဦးဝမ္မသူးမောင်းဟူ၍ အမည်တွင်ခဲ့ရသူဖြစ်ပေသည်။

**ဦးဝမ္မသူးမောင်း၏ နယ်ချဲ့လက်အောက်ခံစစ်သားဘဝ**

ဦးဝမ္မသူးမောင်းသည် နယ်ချဲ့လက်အောက်တွင် စစ်သားဘဝဖြင့် တာဝန်ထမ်းဆောင်ရင်း ပထမကမ္ဘာစစ်ကြီး၌ ဂျာမနီစစ်မြေပြင်တွင် ပါဝင်ဆင်နွှဲရန် သင်္ဘောဖြင့် ထွက်ခဲ့ရသည်။ အိန္ဒိယပြည် ဝါတန်ဩပစ်မြို့သို့ အရောက်တွင် စစ်ကြီးပြီးသွားသဖြင့် ပြန်လှည့်လာခဲ့ရသည်။ ထို့နောက် အိန္ဒိယပြည်၌ မာလဘာသူပုန်နှင့် ကူကီးသူပုန်များ ထကြွနေသည်ကို သွားရောက်နှိမ်နင်းခဲ့ရသည်။ ရန်သူကတုတ်ကျင်းသို့တိုင် ချဉ်းကပ်၍ ရန်သူများသေကျေအောင် ရဲဝံ့စွန့်စားစွာ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် ဆုတံဆိပ်များစွာ ရရှိခဲ့သည်။ ဂျာမေဒါ၊ ဆူပဒါ ရာထူးအဆင့်ဆင့်သို့လည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။

အင်္ဂလိပ်စစ်တပ်တွင် တာဝန်ထမ်းဆောင်ချိန်သည် ပယ်အနေဖြင့် တွေ့ထိသိရှိသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် မျက်နှာဖြူစစ်ဗိုလ်များကို မကျေမနပ်ဖြစ်ကာ မခံချင်စိတ်ပြင်းပြခဲ့သူဖြစ်ပေသည်။

တစ်နေ့တွင် ဦးဝမ္မသူးမောင်းသည် မျက်နှာဖြူအရာရှိဝတ်စုံကိုချုပ်၍ ဝတ်ဆင်ပြီးရုံးတက်လာသည်။ အင်္ဂလိပ်စစ်ဗိုလ်များက သူ့ကိုအကြီးအကျယ် ဆူပူကြိမ်းမောင်းကာ ချက်ချင်းပြန်ချွတ်ခိုင်းသည်။ ထိုသို့အရှုံ့တိုက်ပြီး ကျေနပ်သောအခါ ပြုံးစိစိဖြင့် ဝတ်စုံကိုပြန်ချွတ်သည်။ ထိုဝတ်စုံကို အင်္ဂလိပ်စစ်ဗိုလ်စားပွဲပေါ်တွင် ဖုံးထားခဲ့လေသည်။ အင်္ဂလိပ်စစ်ဗိုလ်က “ချွတ်ရင်ပြီးတာပဲ၊ ပြန်ယူသွား”ဟု ပြောသော်လည်း လှည့်တောင်မကြည့်ဘဲ လာလမ်းအတိုင်း ပြန်ထွက်သွားလေသည်။

**မျိုးချစ်စိတ်ဓာတ်အခြေခံကောင်းများ တည်ဆောက်ခြင်း**

ဦးဝမ္မသူးမောင်း၏ မျိုးချစ်စိတ်ဓာတ်အခြေခံကောင်းများ တည်ဆောက်ခဲ့သည်ကို ပေါ်လွင်စေသည့် အချက်အချို့မှာ ဦးဝမ္မသူးမောင်းကိုယ်တိုင် သီကုံးခဲ့သော ချိုးချင်းတေးကဗျာတစ်ပုဒ်ပါ ဒေါ်လိန်းဂေခေါ်တီးနှင့် ထိမ်းမြားပြီးနောက် မွေးဖွားလာသော သားယောကျ်ားလေးကို အမြတ်တနိုးဖြင့် “မောင်ဘဖေ”ဟု အမည်မှည့်ခေါ်စေခဲ့ခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။



ထိုသို့မှည့်ခေါ်စေခြင်းမှာ သူကြည်ညိုလေးစားသူလည်းဖြစ်၊ ချင်းတောင်သီသွတ်ရေးအဖွဲ့၏ တောင်းဆိုချက်များကို ဘုရင်ခံနှင့် ဥပဒေပြုလွှတ်တော်သို့ တင်ပေးခဲ့သူဖြစ်သော ထိုစဉ်က အမျိုးသားခေါင်းဆောင်ကြီး ဦးဘဖေ (ဖေ၊ ပု၊ ရှိန်)အမည်ကို ယူခဲ့ခြင်းဖြစ်သည်။ ချိုးချင်းတို့၏ အမည်မှည့်ခေါ်ပုံတွင်မူ ယောကျ်ားလေးကို “ဖေ” ဆိုသော စကားလုံးဖြင့် မှည့်ခေါ်သည့်ဓလေ့နှင့်လည်း ကိုက်ညီအောင် မှည့်ခြင်းဖြစ်သည်။ ထိုသို့မှည့်ခေါ်ခဲ့မှုကို ဒေါ်လိန်းဂေခေါ်တီးက ချိုးချင်းရိုးရာတေးကဗျာတစ်ပုဒ်တွင် ချိုးချင်းဘာသာစကားဖြင့် ဂုဏ်တင်စပ်ဆိုခဲ့ပေသည်။ အဓိပ္ပာယ်မှာ သူ့အဖေမှာ ချင်းနှင့်ဗမာ နှစ်ဖက်အမည်ကိုယူ၍ မှည့်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။

ဦးဝမ္မသူးမောင်း တာဝန်ထမ်းဆောင်ခဲ့သော အင်္ဂလိပ်နယ်ချဲ့တပ်အမှတ် ၁/၂၀ ဘားမားရိုင်ဖယ်တပ်သည် မန္တလေးနန်းတွင်း၌ တပ်စခန်းချလျက်ရှိစဉ် မျိုးချစ်ခေါင်းဆောင်ကြီး ဆရာတော်ဦးဥတ္တမသည် ဈေးချိုအနီးတွင် လာရောက်နိုင်ငံရေးတရားဟောလေသည်။ ဤတွင် အင်္ဂလိပ်တို့သည် ဦးဥတ္တမအပေါ် အရေးယူစရာရှိက ယူနိုင်အောင် ထောက်လှမ်းရန်နှင့် ဆူပူမှုဖြစ်က နှိမ်နင်းရန် ဦးဝမ္မသူးမောင်းကို စေလွှတ်တာဝန်ပေးခဲ့သည်။ ဦးဝမ္မသူးမောင်းကား ဦးဥတ္တမ၏ ရဲရဲတောက် “ဝံသာနုရက္ခိတ” တရားများကို စွဲလမ်းစွာနားထောင်ရင်း မျိုးချစ်စိတ်ဓာတ်အခြေခံကောင်းများကို တည်ဆောက်ခဲ့ပေသည်။

ထိုအချိန်တွင် အိန္ဒိယ၊ မြန်မာနယ်ချဲ့ခေါင်းဆောင်တို့၏ လှုပ်ရှားမှုများကို နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသည့်အချိန်ဖြစ်သည်။ ဦးဝမ္မသူးမောင်းမှာလည်း နယ်ချဲ့တို့၏ အတွင်းစိတ်သန္တာန်ကို လက်တွေ့နယ်ပယ်အနေဖြင့် ထိတွေ့ခံစားမှုမှသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ တောင်တန်းပြည်မ ပူးပေါင်းရေး စသည်တို့တွင် မျိုးချစ်စိတ်ဓာတ်ပြင်းပြစွာဖြင့် ပါစေခဲ့သည့်အခြေခံကောင်းများကို ရရှိစေခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**»»» အထူးကဏ္ဍ စာမျက်နှာ ဃ မှ**

အမဲလိုက်မည့်အချိန်တွင် အမဲလိုက်မည့်နေရာရှိ သစ်ပင်ကြီး၊ ကျောက်တောင်ကြီးများဆီသို့သွားပြီး ကြက်ဥသုံးလုံးကို ထိပ်တည့်တည့်တွင်ဖောက်ကာ တိုင်ပေါ်တင်၍ ပသကြသည်။ ထို့နောက် ကြက်ကိုသတ်၍ နိမိတ်ဖတ်လေ့ရှိကြသည်။

ပလက်ဝနယ်ဘက်တွင် ဆင်၊ ကျား၊ ကျားသစ်၊ ချေ၊ ဆတ်၊ တောဝက်၊ ပြောင်၊ တောကြက်၊ အောက်ချင်းငှက်၊ အောင်လောက်၊ လိပ်၊ ဖွတ်၊ ယစ်၊ မျောက်အမျိုးမျိုးနှင့် ဝက်ဝံတို့ရှိသည်။ ကျောက်ပန်းတောင်တွင် ကြံ့များကို ပင်တွေ့မြင်နိုင်သည်။ အမဲလိုက်သောလက်နက်များမှာ လေး၊ မြား၊ ဒူးလေး၊ လှံ၊ ဓား၊ တူမီးသေနတ်၊ ကျောက်မီးသေနတ်များနှင့် ခါးချိုးသေနတ်များဖြစ်ကြသည်။ တူမီးသေနတ်များကို အများအပြား အသုံးပြုကြသည်။ စစ်အတွင်းက ကျန်ရစ်သော ဗုံးဆန်များ၊ ယမ်းတောင့်များမှ ယမ်းမှုန့်ဖြင့် ယမ်းတောင့်များ ပြုလုပ်ကြသည်။

ယမ်းမှုန့်များကို ရိုးရာနည်းအတိုင်း ထုတ်လုပ်လေ့ရှိကြသည်။ ပြုလုပ်နည်းမှာ အိမ်တွင်မွေးမြူထားသော တိရစ္ဆာန်များမှစွန့်သော ကျင်ကြီးကျင်ငယ်များနှင့် မြေကြီးများကို အဆွေးခံ၍ ယင်းမြေဆွေးများကို ရေနှင့်ဖျော်စပ်ပြီး ရေကိုကျိုချက်သောအခါ ယမ်းစိမ်းမှုန့်ရသည်။ ယင်း ယမ်းစိမ်းမှုန့်များနှင့် မီးသွေး၊ ကန့်တို့ကိုရောထောင်းလျှင် ယမ်းမှုန့်ဖြစ်လာသည်။ ဤသို့ဖြင့် ခဲသီးများထည့်ပြီး ကျည်ဆန်လုပ်ယူကြသည်။ ပလက်ဝနယ်တွင် သားကောင်များကို ဝါးချွန်များစိုက်ပြီးနောက် သစ်ရွက်များဖုံးအုပ်ထားသော တွင်းထောင်ချောက်များနှင့် ထောင်ခြင်း၊ ကြိုးကွင်းတပ်ထောင်ခြင်း၊ သံညှပ်ထောင်ချောက်များနှင့် ထောင်ခြင်း၊ တုံးပိတ်(တုံးပိ)များနှင့် ထောင်ခြင်းဟူ၍ နည်းအမျိုးမျိုးဖြင့် ဖမ်းလေ့ရှိသည်။

အမဲလိုက်ခြင်းဓလေ့သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကိုလူမျိုးများတိုင်းတွင် ဓလေ့ထုံးစံတစ်ခုအနေဖြင့် ရှိနေကြပြီး လူသားများ၏ အသက်ဘေးအန္တရာယ် လုံခြုံမှုပေးစွမ်းသော အကာအကွယ်လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ယခုအခါ အသိပညာရင့်ကျက်လာသော လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် မြေပြင်၊ ရေပြင်၊ ကမ္ဘာအနှံ့၌ ကျက်စားနေထိုင်ကြသော သတ္တဝါများအား ကာကွယ်ပေးလျက်ရှိကြသည်။

တစ်ဖက်တွင်လည်း ရိုးရာအမဲလိုက်ခြင်းဓလေ့သည် ရှေးယခင်ကလောက် တွင်ကျယ်ခြင်းမရှိသော်လည်း ရိုးရာဓလေ့ထုံးစံအရ အနည်းအကျဉ်းရှိနေဦးမည်ဖြစ်သည်။ လူသားအချင်းချင်း သတိပေးဖျောင်းဖျပြောဆိုခြင်း၊ လူမှုဆက်သွယ်ရေးကိရိယာများဖြင့် ပညာပေးခြင်းဖြင့် သတ္တဝါများကို ကယ်တင်ရာရောက်ပေသည်။ သို့သော် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရသော်လည်းကောင်း၊ လူသားများ၏ အစာအာဟာရ လိုအပ်ချက်အရသော်လည်းကောင်း၊ လူသားအဖွဲ့အစည်းအတွက် အသက်အိုးအိမ်အန္တရာယ် ထိပါးလျှင်သော် လည်းကောင်း၊ အသက်အန္တရာယ်လုံခြုံမှုရရှိရန်အတွက်၊ လူသားများ၏ဘဝကို ကာကွယ်ပေးရန်အတွက် အမဲလိုက်ခြင်းဓလေ့သည် တိမ်မြုပ်ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ရိုးရာဓလေ့အစဉ်အလာအရ ရှိနေဦးမည်ဟု ဆင်ခြင်သုံးသပ်မိပေသည်။

**မင်းလပြည့်(ဟားခါး)**

**မှီငြမ်း**

**တိုင်းရင်းသားရေးရာ ဓလေ့ထုံးတမ်းစဉ်လာများ (၁၉၆၈)ခုနှစ်**

**ဦးလှပိုး (မတူပီမြို့) ပညာရေးဝန်ထမ်း (အငြိမ်းစား)**

# မူဆယ်မြို့တွင် ရှမ်းရိုးရာနှစ်သစ်ကူး စည်ကားသိုက်မြိုက်စွာ ကျင်းပ

*ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ရှမ်းစာပေယဉ်ကျေးမှုအသင်းက ကျင်းပသည့် ရှမ်းသက္ကရာဇ်(၂၁၁၄)နှစ်မြောက် ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်နှင့် ရှမ်းရိုးရာကောက်သစ်စားပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ လေးရက်ကြာကျင်းပခဲ့ပြီး ဒုတိယရက်နေ့၊ နိုဝင်ဘာ ၂၆ ရက် ညဘက်အချိန်တွင် ရှမ်းရိုးရာနှစ်သစ်ကူးကို စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။*



အဆိုပါ ရှမ်းနှစ်သစ်ကူးကြိုဆိုပွဲသို့ လာရောက်လည်ပတ်သူများ၊ ဈေးဝယ်ယူသူများ၊ ဈေးဆိုင်များတွင် လာရောက် စားသုံးသူများနှင့် လာရောက်ကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ "အခုလို ကိုယ့်ရိုးရာပွဲတော်မှာ ကိုယ့်ရိုးရာဝတ်စုံလေးနဲ့ တက်ရောက်နိုင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။ ကိုယ့်ရိုးရာပွဲတော်မှာ လာရောက်အားပေးတဲ့သူတွေ အလွန်များပြားတဲ့အတွက်လည်း ပျော်ပါတယ်။ အခုလိုသူငယ်ချင်းတွေ စုံစုံလင်လင်နဲ့ နှစ်သစ်ကူးပွဲတော်ကို အတူတူကြိုဆိုခွင့်ရတဲ့ ပျော်ရွှင်မှုက ဘာနဲ့မှလဲလို့မရပါဘူး။ လာရောက်ကြိုဆိုတဲ့သူတိုင်း ပျော်ရွှင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်"ဟု ရှမ်းနှစ်သစ်ကူးပွဲတော်ကို သူငယ်ချင်းများနှင့် လာရောက်ကြိုဆိုသည့် နန်းလောဝ်းခမ်းက ပြောသည်။

**နှစ်စဉ်နှစ်တိုင်း ကျင်းပ**

ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်နှင့် ရှမ်းရိုးရာကောက်သစ်စားပွဲတော်ကို ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်သည့်အလျောက် ရှမ်းတိုင်းရင်းသားများနှင့် အများပြည်သူစိတ်ဝင်စားသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။ ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်နှင့် ရှမ်းရိုးရာကောက်သစ်စားပွဲတော်ကို မူဆယ်မြို့တွင် နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိပြီး ရှမ်းသမိုင်းပြတိုက်များ၊ ရှမ်းယဉ်ကျေးမှုပြတိုက်များ၊ ရှမ်းရိုးရာအထည်များ၊ ရှမ်းရိုးရာအစားအစာများနှင့် အခြားဈေးဆိုင်ပေါင်းများစွာကို ခင်းကျင်းရောင်းချသည်။ ခင်းကျင်းရောင်းချနေသည့် ဈေးဆိုင်များတွင်လည်း လာရောက်စားသုံးသူများဖြင့် များပြားပြီး ရောင်းအားကောင်းနေကြောင်း သိရသည်။

"ဈေးရောင်းအားကတော့ ကောင်းတယ်လို့ပြောရမှာပါ။ လာရောက်လည်ပတ်သူတွေလည်းများသလို ဈေးရောင်းနှုန်းလည်း ကောင်းပါတယ်။ ရှမ်းရိုးရာပွဲကို လေးရက်ကြာကျင်းပတော့ အန်တီတို့ဆိုင်က ရောင်းအားလည်းကောင်းနေသလို ရှမ်းရိုးရာပွဲတော်က ပျော်ရွှင်စရာကောင်းတယ်။ ရှမ်းရိုးရာပွဲတော်က နှစ်စဉ်နှစ်တိုင်းလည်း စည်းကားပါတယ်။ ဒီနှစ်မှာလည်း စည်ကားပါတယ်"ဟု မူဆယ်မြို့လွယ်တိန်ခမ်းတောင်ပေါ်တွင် ကျင်းပသည့် ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ရှမ်းရိုးရာကောက်သစ်စားပွဲတော်တွင် ဈေးဆိုင်ရောင်းသည့် ဒေါ်ချိုမာက ဈေးဆိုင်ရောင်းအားကောင်းနေပုံနှင့် နှစ်စဉ်စည်ကားပုံကို ပြောသည်။

နိုဝင်ဘာ ၂၆ ရက် ညဘက်အချိန်တွင် နှစ်သစ်ကူးကို မီးရှူး၊ မီးပန်းဖောက်ခြင်းတို့ဖြင့် ပျော်ရွှင်စည်ကားစွာ ကြိုဆိုကြပြီး တာဝန်ရှိသူတစ်ဦးက နှစ်သစ်စကားကြိုဆိုသည့် နှုတ်ခွန်းဆက်စကားပြောခြင်း၊ ရှမ်းရိုးရာအကများ၊ ရှမ်းရိုးရာဇာတ်သဘင်၊ ခေတ်ပေါ်အကများနှင့် ဒေသခံအဆိုတော်များက ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာအမဲလိုက်ခြင်းဓလေ့

**အမဲလိုက်ခြင်းဓလေ့သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကိုလူမျိုးများတိုင်းတွင် ဓလေ့ထုံးစံတစ်ခုအနေဖြင့် ရှိနေကြပြီး လူသားများ၏ အသက်ဘေးအန္တရာယ် လုံခြုံမှုပေးစွမ်းသော အကာအကွယ်လုပ် ငန်းတစ်ခုလည်းဖြစ်သည်။ ယခုအခါ အသိပညာရင့်ကျက်လာသော လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် မြေပြင်၊ ရေပြင်၊ ကမ္ဘာအနှံ့၌ ကျက်စားနေထိုင်ကြသောသတ္တဝါများအား ကာကွယ်ပေးလျက်ရှိကြသည်။**

*(၂၃-၁၁-၂၀၁၉ ရက်မှ အဆက်)*

ဆင်၊ ကြောင်၊ ကျွဲရိုင်းစသော အမဲကောင်ကြီးများကိုပစ်သူသည် မကောင်းဆိုးဝါးများ အန္တရာယ်မပြုနိုင်ရန်နှင့် အသားများစားနိုင်ရန် **ထွာဒိုင်းရ်စရှာ့အာရ်ထ**ခေါ် ယဇ်ပူဇော်ပွဲကို ကျင်းပရသည်။ ချောင်း၍အမဲပစ်နည်းမှာ ချုံခို၍ဖြစ်စေ၊ သစ်ပင်မြင့်ပေါ်မှာ စောင့်ချောင်း၍ဖြစ်စေ ပစ်ခတ်ခြင်းဖြစ်သည်။ အထူးသဖြင့် တောင်ယာမီးရှို့ပြီးချိန်၌ အငန်ဓာတ်ပါသော မီးလောင်ပြာကိုလာစားကြသော သားကောင်များကို ချောင်းမြောင်းပစ်လေ့ရှိသည်။

ထောင်ချောက်နှင့် ထောင်ခြင်းတွင် ကျော့ကွင်း၊ ညှတ်ကွင်းများနှင့် ထောင်ခြင်း၊ ပိုက်ကွန်များနှင့် ထောင်ခြင်း၊ သစ်တုံးနှင့်ထောင်ခြင်း၊ ကြီးမားသောကျင်းများတူး၍ ထောင်ခြင်းစသည်ဖြင့် နည်းအမျိုးမျိုးကို အသုံးပြုကြသည်။ ထောင်ချောက်အား မထောင်သင့်သောနေရာများလည်းရှိသည်။ **ဆရာပီလ်** ခေါ် ကျွဲ၊ နွား တိရစ္ဆာန်များ၏ စားကျက်များတွင် ထောင်ချောက်များ မထောင်ရခြင်း၊ တောင်ယာလုပ်ချိန်တွင် တောင်ယာထဲ၌လည်းကောင်း၊ ဥယျာဉ်ခြံများတွင်လည်းကောင်း၊ ထင်းခွေ၊ သစ်ခုတ်သောတောများတွင်လည်းကောင်း ထောင်ချောက်မထောင်ရပေ။

ရှေးရိုးအစဉ်အလာအရ ပေးသင့်သူများသို့ ပေးရသောစည်းကမ်းကို ချင်းဘာသာဖြင့် **ရမ်စား** ဟုခေါ်သည်။ အမဲလိုက်သူသည် အမဲကောင်၏ နောက်ခြေထောက်နှင့် ပေါင်ကိုသူကြီးသို့ ပေးရသည်။ **ရမ်စား**မှာ ရွာသူကြီးက မိမိရွာပိုင်နက်အတွင်းရှိ တောင်ယာများနှင့် တောတောင်များမှ ထွက်သောကုန်ပစ္စည်းများအပေါ်ရယူနိုင်သော အစဉ်အလာအခွင့်အရေးဖြစ်သည်။ ယင်းအစဉ်အလာကို **ဇာစောင်** မျိုးနွယ်စုများနေထိုင်သော ရွာတိုင်းတွင်ကျင့်သုံးသည်။ အမဲလိုက်ရာတွင် မိမိရွာပိုင်နက်နယ်မြေမှလွန်၍ မိုင် ၅၀ ကျော်အထိ လိုက်တတ်ကြရာ ရွာပိုင်မြေအလွန်မှရသော အမဲကောင်အပေါ် **ရမ်စား** ရှိ၊ မရှိ ပြဿနာဖြစ်တတ်သည်။ ထိုအခါ အမဲကောင်ရသော နေရာဒေသမှ ရွာသူကြီးက **ရမ်စား** ရသင့်သည် သို့မဟုတ် အမဲပစ်သူနေသောရွာမှ ရွာသူကြီးကသာ ရသင့်သည်ကို အဆုံးအဖြတ်ပေးကြရသည်။ လက်တွေ့အားဖြင့်ကား စုပေါင်း၍ တောခြောက်အမဲလိုက်ခြင်းဖြစ်ပါမူ ရသောအမဲကို တောခြောက်အမဲလိုက်ရာတွင် ပါဝင်သူအားလုံးညီတူညီမျှ ခွဲဝေစားသုံးကြသည်ကများသဖြင့် ပြဿနာမဖြစ်ချေ။

ရွာကိုအန္တရာယ်ပြုနေသော ကျား၊ ကျားသစ်စသော သားရဲများကို ရွာလုံးကျွတ်စုပေါင်း၍ ထောင်ဖမ်းသောအခါ ဦးခေါင်းကို ရွာသူကြီးကသာရသည်။ သူကြီးက ကျားသကြီုဟ်ပွဲ **ပေါ်ပီးဗွီ** ကျင်းပပြီးနောက် ကျားခေါင်းကို ပေးလိုသူသို့ ပေးနိုင်သည်။ အမဲကောင်၏သွေးကို ဒုတိယအကြိမ် ထွက်အောင်ပစ်သူမှာ ခေါင်းပိုင်ရှင်ကဲ့သို့ ဆာအိုက်ပွဲကြီးများ ပြုလုပ်နိုင်ခွင့်မရှိသော်လည်း အမဲကောင်မှ အကောင်းဆုံးနှင့် အများဆုံးအသားကိုရနိုင်သည်။ ဆာအိုက်ပွဲကြီးတွင် အကောင်းဆုံးခေါင်းရည်ကို အကြီးဆုံးအိုးကြီးနှင့် ဧည့်ခံပြုစုနိုင်ခွင့်ရှိသည်။ ဤသည်ကို **ဆန်ဆွန်ပါ** ရပိုင်ခွင့်ဟု ခေါ်သည်။

အချို့ဒေသများ၊ ရွာများနှင့် မျိုးနွယ်စုများတွင် အမဲကောင်ကို ပထမသွေးထွက်အောင်ပြုလုပ်မှုနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးရှိကြသည်။ သွေးများယိုစီးထွက်လာမှသာ သွေးထွက်သည်ဟုမဆိုဘဲ သွေးခြည်ဥခြင်း၊ ပွန်းပဲ့ခြင်း၊ အရေခွံကွာခြင်းစသော ဒဏ်ရာမျိုးရရှိအောင် ပထမဆုံးပြုလုပ်ခြင်းကိုလည်း သွေးထွက်အောင်လုပ်နိုင်သူဟု အသိအမှတ်ပြုကြသည်။ ထို့နောက် ထိမှန်ရာတွင်လည်း ဦးခေါင်းတွင်သာမက ချို၊ ခွာ၊ ခြေထောက်မှအစ သားကောင်၏မည်သည့်နေရာကိုမဆို ပထမဦးဆုံးထိမှန်အောင်ပစ်နိုင်လျှင် ပထမသွေးထွက်စေခြင်းဟု ယူဆကြသည်။

အမဲကောင်များရရှိလာလျှင်ဓလေ့ထုံးစံအရမည်သည့်အပိုင်းမှအသားကို မည်သူအားပေးရမည်စသည်ဖြင့် တစ်ဖန်ခွဲဝေပေးပြီးနောက် ကျန်သောအသားအားလုံးကို ဟင်းအိုးကြီးတစ်ခုတွင် ချက်ပြုတ်ပြီး အားလုံးမြိန်ရှက်စွာ စုပေါင်းစားသောက်ကြသည်။ ယင်းအလေ့အထများကို အထူးသဖြင့် တီးတိန်၊ ဖလမ်း၊ ဟားခါး၊ မတူပီစသောနယ်များတွင် ကျင့်သုံးကြသည်။

မင်းတပ်၊ မတူပီဖက်တွင် ကလေးများကင်ပွန်းတပ်သောအခါ ယောက်ျားလေးဖြစ်ခဲ့လျှင် မုဆိုးကောင်းဖြစ်လာစေရန်ရည်ရွယ်၍ လေးနှင့်မြားကလေးများကို စတိသဘောပြုလုပ်ပြီး ကလေးလက်ဝယ် ဆုပ်ကိုင်စေသည်။ ဤမျှအထိ အမဲလိုက်မှု၏ အရေးပါခြင်းကို ဂရုပြုကြောင်းသိနိုင်ပေသည်။ တောခြောက်အမဲလိုက်ရာတွင် လူအနည်းငယ်နှင့်လည်း လိုက်လေ့ရှိကြသည်။ မင်းတပ်၊ မတူပီမြို့နယ်၌ တောလိုက်ကြတော့မည်ဆိုလျှင် တောကိုတိုင်တည်ခြင်းပြုကြသည်။ မကန်းမျိုးနွယ် ချင်းတိုင်းရင်းသားတို့သည်

အထူးကဏ္ဍ စာမျက်နှာ ၈ သို့ »»